၁၁၉ နှစ်ပြည့် ပါတော်မူနေ့ အမှတ်တရ

# ရတနာပုံမှ
# ရတနာဂီရိသို့

## ယော်ဘုရားလေး (ဒေအာင်ဝေ)

ရတနာပုံစာအုပ် – ၅၀

[ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ]

# မိတ်ဆက်

**မိမိကိုယ်တိုင် 'ပါတော်မူ'ကြည့်တယ်။** ၉၊ ဒီဇင်ဘာ၊ ၁၉၉၃၊ ကြာသပတေးနေ့မှာ ဖြစ်လို့ သီပေါမင်း ပါတော်မူခဲ့တဲ့ ၂၉၊ ဒီဇင်ဘာ ၁၈၈၅က ရေတွက်ရင် ၁၀၈ နှစ် ရှိနေပြီပေါ့။

အဲဒီလို 'ပါတော်မူ' ကြည့်တာ ရန်ကုန်ကနေ ဘီမန်း (Biman ဘင်္ဂလားဒေ့ရှ်နိုင်ငံ လေကြောင်း) လေယာဉ်ပျံနဲ့ ဒါကာ (Decca) မြို့တော်မှာ တစ်ညနားပြီး အိန္ဒိယ ကလကတ္တား (Calcutta)ကို အဲဘတ်စ် (Air Bus) နဲ့ ပြောင်းစီးပြီး တစ်ညအိပ်ကာ နောက်တစ်နေ့ ဘုံဘေ (Bombay)ကို ပျံသန်းပြီး သီပေါမင်းကို နှစ်ပေါင်း ၃၀ ကျော် အကျယ်ချုပ်ထားရှိတဲ့ ရတနာဂီရိတောမြို့ ကလေးကို မော်တော်ကားငယ် (လေးယောက်စီး) သုံးစီးနဲ့ ဆက်တိုက် ခရီး ထွက်ခဲ့တယ်။

မိမိကိုယ်တိုင် 'ပါတော်မူ' ကြည့်တာ။ ၉၊ ဒီဇင်ဘာ ၁၉၉၃ မှာ ဒါကာ ရောက်။ ၁၀ ရက်မှာ ကလကတ္တားရောက်။ ၁၁ ရက် ဘုံဘေ ရောက်။ ဒီသုံးရက်မှာ လေယာဉ်ပျံနဲ့သွားတာဖြစ်ပြီး ဘုံဘေက ရတနာဂီရိကို မော်တော်ကားနဲ့ ခရီးဆက်ခဲ့တာဖြစ်လို့ ရန်ကုန်ကနေ ရတနာဂီရိကို သုံးရက်နဲ့ ရောက်သွားတာဖြစ်တယ်။ တစ်နည်းဆိုရင် **မိမိကိုယ်တိုင် 'ပါတော်မူ' ကြည့်တာ သုံးရက်နဲ့ ရတနာဂီရိရောက်သွားတယ်လေ။ သက်တောင့်သက်သာဖြစ်တဲ့ သုံးရက်ပျော့ပျော့ကလေးရယ်။**

ဒီတော့ ဘိုးတော်သီပေါမင်းနဲ့ ဘွားတော်စုဘုရားလတ်တို့ကို အင်္ဂလိပ် နယ်ချဲ့က နန်းချပြီး ရတနာဂီရိကို ပြည်နှင်ဒဏ်ပေးလို့ ပါတော်မူရတာကို သတိရတာ သဘာဝကျတယ်၊ မှန်တယ်။ မြေးတော်အနေနဲ့၊ မျိုးချစ်ပြည်ချစ် အနေနဲ့၊ တိုးတတ်တဲ့ အတွေးအခေါ်ရှိသူအနေနဲ့မို့ နယ်ချဲ့စနစ်နဲ့ ဖက်ဆစ် စနစ်ကို သုံးထပ်ကွမ်း ဆန့်ကျင်သူဖြစ်တယ်။ ဒီ ရပ်တည်ချက်က ဘယ်တော့ မှ မသွေဖီ။

ပါတော်မူချိန်မှာ ဘွားတော် စုဘုရားလတ်ဟာ တတိယသမီးတော် ကို ကိုယ်ဝန်ဆောင်ထားတာ ခြောက်လ၊ ခုနစ်လလောက်ရှိလို့ မပေါ့မပါးနဲ့ မန္တလေး၊ ရန်ကုန်နဲ့ အိန္ဒိယကို ပါတော်မူခဲ့ရတယ်။

**တွက်ကြည့်ရင် ၂၉၊ ဒီဇင်ဘာ ၁၈၈၅ မန္တလေးကနေပြီး- ၁၆၊ ဧပြီ ၁၈၈၆မှာ ရတနာဂီရိကို ပါတော်မူခဲ့ရတာမို့ သုံးလကျော်တာ တွေ့ရ တယ်။**

မြနန်းစံကျော်ရွှေနန်းတော်ကြီးထဲမှာ လိုလေသေးမရှိ စိုးစံနေကြရာက လူမျိုးမတူ၊ ဘာသာမတူ၊ အစားအသောက်မတူ၊ ဓလေ့ထုံးစံယဉ်ကျေးမှုမတူ တဲ့ နယ်ချဲ့သမားတွေလက်တွင်းမှာ နေကြရလို့ ဘယ်လောက် စိတ်ရော ကိုယ် ပါ ဆင်းရဲပင်ပမ်းကြမှာ လွယ်လွယ်နဲ့ သိနိုင်ရဲ့။

မိမိကိုယ်တိုင် 'ပါတော်မူ'ကြည့်တာ လေယာဉ်ပျံနဲ့ မော်တော်ကားနဲ့ ဟိုတယ်တွေမှာ သက်တောင့်သက်သာနဲ့ သုံးရက်သာကြာပေမယ့် ခရီးတော့ အပန်းသား။ ဒီတော့ ဘိုးတော် သီပေါမင်းနဲ့ ဘွားတော်စုဘုရားလတ်တို့ရဲ့ တစ်ကြိမ်တစ်ခါမှ မစီးဖူးတဲ့ ပင်လယ်သင်္ဘောခရီး၊ အထူးသဖြင့် ဘွားတော် စုဘုရားလတ်ဟာ တတိယသမီးတော် (အသျှင်ထိပ်စုမြတ်ဘုရား၊ အိမ်ရှေ့စံ ကနောင်မင်းသားကြီးရဲ့ မြေးတော် ထိပ်တင်ကိုယ်တော်ကြီး၊ နောက်ပိုင်းမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ စည်းရုံးမှုကြောင့် တို့ဗမာအစည်းအရုံးရဲ့ ဥက္ကဋ္ဌ/နာယက ဖြစ်လာတဲ့ သခင်ထိပ်တင်ကိုယ်တော်ကြီးနဲ့ စုလျားရစ်ပတ်) ကို ၉ မတ်မှာ မွေးဖွားသန့်စင်ပြီး တစ်လလောက်သာရှိသေးတဲ့ **သွေးနုသားနု နေတုန်း- ၁၀ ဧပြီမှာ ခြောက်ရက်ကြာ ပင်လယ်လှိုင်းလေရိုင်းကြားကနေ ရတနာဂီရိကို ၁၆ ဧပြီမှာ ရောက်ပေမယ့် သင်္ဘောပေါ်က ဆင်းခွင့်မပေးဘဲ ညအိပ်ကြရတယ်။**

**ရတနာပုံစာအုပ်တိုက်**

ရတနာဂီရိဟာ အဲဒီတုန်းက ဘယ်လောက်တောခေါင်သလဲဆိုရင် ကျားဟိန်းသံကို ကြားရတယ်။ မနက်မှာ ဝရန်တာထွက်မယ့် တံခါးကို မဖွင့်ခင် မှန်ကွက်က ကြည့်လိုက်ရင် ကြီးမားတဲ့ တောကြောင်တို့၊ ခွေးပုပ်တို့၊ မြေခွေးတို့၊ ဝံပုလွေတို့၊ မျောက်ရိုင်းတို့၊ မြွေဟောက်တို့ကို တွေ့ရတယ်လို့ မိမိမယ်တော် ပြောဖူးရဲ့။ တစ်ခါက ကျားသစ်ကြီးတစ်ကောင် ခြံဝင်းထဲဝင်လာလို့ အစောင့်တွေက သေနတ်နဲ့ ပစ်သတ်ရတယ်။

**ရတနာဂီရိအိမ်တော်ပတ်ပတ်လည်မှာ ကိုယ်ရေပြားရောဂါသည်တွေနဲ့ သူတောင်းစားတွေကို နေရာချပေးထားတယ်။** သူတို့ချင်း ဆဲကြဆူကြ ရန်ဖြစ်ကြ၊ တစ်ခါတလေ တဲအိမ်မီးလောင်လိုလောင်ဖြစ်ကြ၊ ခွေးတွေဟောင်ကြ အူကြ။ **ရည်ရွယ်ချက်ကတော့ ဘိုးတော် ဘွားတော်တို့ စိတ်ဆင်းရဲ အောင် ညှင်းပန်းနှိပ်စက်တာ (**mental torture**) ဖြစ်တယ်။** သန်းခေါင် လောက်မှာ မသင်္ကာစရာဖြစ်လို့ ဆိုပြီး သေနတ်တွေ တဒိုင်းဒိုင်း ပစ်တာလည်း လုပ်လိုက်သေးရဲ့။ **နယ်ချဲ့ဆိုမှ 'ကျားကိုက်တာနာသလား'လို့ မေးချင်သေးရင်တော့ . . . . .**

\+ \+ \+

**ဆရာကြီးသခင်ကိုယ်တော်မှိုင်း** ရေးထားတဲ့ ယခင် ဋီကာထဲမှာ ပါတဲ့ 'တက္ကသိုလ်သခင်ကျောင်း' လေးချိုး ကောက်နုတ်ချက်ဟာ **မိမိရဲ့ ဒီစာအုပ်ရဲ့ လမ်းညွှန်** ဖြစ်လို့ ခံစားကြည့်ပါ။

'သာသနာမြေပလ္လင် အသရေလှပေတဲ့
ရွှေမြတောင်သာတဲ့တိုက်ဆီက
နေလနှစ်ဆောင် ပါတော်မူတဲ့ အခိုက်တွင်ဖြင့်
ကတိုက်ကရိုက် အမြန်မြင်လိုက်တော့
မခံချင် မာန်ဝင်တဲ့အစွမ်းရယ်နဲ့
မန်းအပျက်တွင်ဖြင့် ကြင်္ဂာန်းမက်လိုက်ပုံက
ပုခန်းထွက်တဲ့ပြီး အကြမ်းဖက်ကရော့မဟုတ်လို့. . . '

**ဆရာမကြီး လူထုဒေါ်အမာက** ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို

ဟောဒီလို မှတ်တမ်းတင်ထားရဲ့။

'မြတောင်ရွှေကျောင်းကြီးကနေပြီး မြင်လိုက်ရတဲ့ ဒီမြင်ကွင်း (ပါတော်မူ) ကပဲ ဆရာကြီးရဲ့ ရာသက်တိုင် မျိုးချစ်စိတ်ကို ခိုင်မာတဲ့ အုတ်မြစ်ချပေးသွားပါတော့တယ်။'

ဒီလိုထင်ရှားလှတဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနဲ့ ဆရာမကြီး လူထုဒေါ်အမာတို့အဖို့ မျိုးချစ်ပြည်ချစ်စိတ်နဲ့ ရေးထားတဲ့ 'ပါတော်မူ'အကြောင်းရဲ့ အချက်အလက်တွေကို မိမိလက်လှမ်းမီသလောက် ရှာဖွေတင်ပြထားတဲ့ ဒီစာအုပ်ထဲမှာ ဖော်ပြထားတာမို့ မျိုးဆက်သစ်လူငယ်တွေ သမိုင်းခါးမပြတ်ဖို့နဲ့ မျိုးချစ်ပြည်ချစ်စိတ် ရှိကြဖို့ ဖတ်ကြည့်ကြပါလို့ တိုက်တွန်းပါရစေ။

အထူးဖော်ပြလိုတာက ဒီနှစ် ၂၉၊ ဒီဇင်ဘာမှာ **အသက် ၈၈နှစ် ရှိလာတဲ့ ဆရာမကြီး လူထုဒေါ်အမာ**နဲ့ မိမိ တရင်းတနှီး ဆွေးနွေးကြရာမှာ အလွန် အဖိုးတန်ပြီး မှတ်တမ်းတင်ထားရမယ့် ဟောဒီစကားကို ပြောခဲ့တယ်။

**'မြန်မာနိုင်ငံဟာ နယ်ချဲ့ဖက်ဆစ်စစ်တပ်တွေရဲ့ကျူးကျော်စော်ကားမှုကို ခံခဲ့ဖူးပြီဖြစ်လို့ နောက်ထပ် ဘယ်နိုင်ငံခြားစစ်တပ်ရဲ့ ခြေချတာကိုမှ မခံချင်တော့ဘူး။'**

တော်ဘုရားကလေး (အောင်ဇေ)

မှတ်ချက်။ ။ ဆရာမကြီး လူထုဒေါ်အမာရေးထားတဲ့ 'အမေ့ရှေးစကား၊ တွေ့ဖူးပေါင် ကြုံဖူးပေါင်' ဆောင်းပါးကို ရည်ညွှန်း။
(၂၀၀၃ မေ၊ ကလျာမဂ္ဂဇင်း၊ စာ - ၂၃)



သီပေါမင်းတြားကြီးနှင့် မိဖုရားခေါင်ကြီးစုဘုရားလတ်



ဝဲမှယာ - စတုတ္ထသမီးတော်၊ ပထမသမီးတော်၊ တတိယသမီးတော်၊
ဒုတိယသမီးတော်



ကလကတ္တား အများအိပ်ဆောင်(တံခါးမရှိ dormitory) မှာ နံနံစော်စော်နဲ့ ဖြစ်သလိုတည်းခိုခဲ့ရ၊ ရတနာဂီရိသွားဖို့၊ (အိန္ဒိယ)



ဒါကာမြို့ ဟိုတယ်ရှေ့၊ သံအမတ်ကြီး ဦးလှမြင့်ဦးဆီက အကြိုလွှတ်လိုက်တဲ့ မော်တော်ကားနဲ့အတူ၊ အိန္ဒိယ-ကလကတ္တားအသွား၊ (ဘင်္ဂလားဒေ့ရှ်)



စံအိမ်တော်နောက်ခံနဲ့ . . . (ရတနာဂီရိ)



ဘင်္ဂလားဒေ့ရှ်ရှိ မြန်မာသံအမတ်ကြီး ဦးလှမြင့်ဦးရဲ့အိမ်မှာ၊
အိန္ဒိယ-ကလကတ္တားအသွား၊
(ဒါကာမြို့တော်)




ဟိုတယ်မှာမတည်းခိုနိုင်လို့ ဈေးချိုတဲ့တည်းခိုခန်းဆီသို့. . .
(ကလကတ္တား)




ဈေးချိုတဲ့ တည်းခိုခန်းရှေ့ဝယ် ရာဇမာန်မဟာန်ဖြစ်ကြရရှာတယ်. . .
(ကလကတ္တား)



ပထမသမီးတော်ရဲ့ သမီး-တူတူး
(သီပေါမင်းကြီးဓါတ်ပုံကိုင်ထား) (ရတနာဂီရိ)




တူတူးနဲ့ မိသားစု (ရတနာဂီရိ)




ပထမသမီးတော်အုတ်နန်းပြာသာဒ်တော်(အုတ်ဂူငယ်)မှာ ပြောင်းပြန်ဖောက်ထိုး
ဖြစ်နေတဲ့ မြန်မာစာတမ်း။
(ရတနာဂီရိ)



တူတူးရဲ့နေအိမ် (မြေကြီးခင်း)
(ရတနာဂီရိ)




သီပေါမင်းကြီး အုတ်နန်းပြာသာဒ်တော်(အုတ်ဂူငယ်)မှာ စော်ကားနှိမ်နင်းထားတဲ့
အင်္ဂလိပ်နယ်ချဲ့ရဲ့ ကြေးပြားစာတမ်း အခိုင်အမာတပ်ဆင်ထား။
(ရတနာဂီရိ)



သရဏဂုံတင်နေကြတဲ့ဆရာတော်၊ မြေးတော်ငါးဦးနဲ့ မြစ်တော်နှစ်ဦး၊
သံတော်ဦးတင်လျှာကို မဟာစန္ဒကုမာရ(ဦးစိုးဝင်း) ဖတ်ကြား။
(ရတနာဂီရိ)



သီပေါမင်းကြီး၏ ဗုတ်နန်းပြာသာဒ်တော် (ဗုတ်ဂူငယ်) ထိပ်ပိုင်းမှာ
မြက်ရိုင်းနဲ့ လူတစ်ရပ်ကျော်သစ်ပင်ကို ရှင်းလင်းခုတ်လှဲနေပုံ။
(ရတနာဂီရိ)




သီပေါမင်းကြီးနဲ့ မဟာမိဖုရားတော်တို့ရဲ့ ဗုတ်နန်းပြာသာဒ်တော် (ဗုတ်ဂူငယ်)
ဘေးမှာရှိထားတဲ့ဆောက်လုပ်ရေးပစ္စည်းတွေ ဒီတိုင်းဆာရှိလန်းကွတ်တက်တွေ
လှန်းထားပြီး နွား ဆိတ် ခွေး နဲ့ လူချေးတွေအပုံလိုက်။ (ရတနာဂီရိ)



သီပေါမင်းကြီးကို သရဏဂုံတင်ပေးတော်မူတဲ့ ဆရာတော် ဦးကောဝိဒ
(ကာလကတ္တား မြန်မာကျောင်းတိုက်)
ရတနာဂီရိ




ရေစက်ချစာတမ်းကို တော်ဘုရားငယ်(ဦးသန့်ဇင်) ဖတ်ကြားနေပုံ
(ရတနာဂီရိ)




စံအိမ်တော်ဘေးတိုက်ပုံ (ရတနာဂီရိ)



စံအိမ်တော်လသာဆောင်ထိပ်ပိုင်းမှာ တပ်ဆင်ထားတဲ့ ကဒေါင်းတံဆိပ်တော်။
(ရတနာဂီရိ)
(အင်္ဂလိပ်သရုပ်ကိုဖယ်ရှားစေပြီး ကဒေါင်းတံဆိပ်တော်တပ်ဆင်ဖို့ စုဘုရားလတ်
ပြင်းပြင်းထန်ထန် တောင်းဆိုခဲ့)




စံအိမ်တော်အရှေ့ပိုင်း
(ရတနာဂီရိ)



စံအိမ်တော်ဝင်းထဲရှိ သုံးဆောင်ရေပန်း။
(ရတနာဂီရိ)



သရက္ခကုံတင်အခမ်းအနားလို့ ရေးထားတဲ့ ပိတ်ဖြူနဖူးစည်းကို သိပေါမင်းကြား အုန်းနန်းပြသာဒ်တော် (သေးငယ်သေးသိမ်ကျိုးပဲ့နေတဲ့အုတ်ဂူ)မှာ ဖြစ်သလို ချိတ်ဆွဲထားပုံ။ (ရုတနာဂီရိ)



စံအိမ်တော်ကမြင်ရတဲ့ အာရေဗျပင်လယ်ရှုခင်း။
(ရုတနာဂီရိ)

# ရတနာပုံ မှ ရတနာဂီရိ သို့ (၁)

## ပါတော်မူရေကြောင်းခရီးကို
## လေကြောင်းခရီးနဲ့သွားကြည့်တော့. . .

မယုံကြည်နိုင်။

မဖြစ်နိုင်။

ဒီလို မယုံကြည်နိုင် မဖြစ်နိုင် ဖြစ်နေတာက ကျွန်တော်။ မယုံကြည်နိုင်တာက အိန္ဒိယနိုင်ငံရတနာဂီရိမြို့ရှိ မြန်မာ့နောက်ဆုံး ဘုရင်မင်းမြတ်ဖြစ်တော်မူတဲ့ ကျွန်တော်ရဲ့ဘိုးတော်သီပေါမင်းတြားရဲ့ ရုပ်ကလာပ်တော်ကို ကျွန်တော်အပါအဝင် မြေးတော်ငါးဦးနဲ့ မြစ်တော်နှစ်ဦး ပေါင်းခုနှစ်ဦးတို့ ကိုယ်တိုင်သွားရောက် သရဏဂုံတင်နိုင်ဖို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို တင်ပြခဲ့ရာ နိုင်ငံခြား-ရေးဝန်ကြီးဌာနက တရားဝင်ခွင့်ပြုကြောင်း စာပြန်လာလို့ဖြစ်တယ်။

ကိုယ့်စရိတ်နဲ့ ကိုယ်ပိုင်ခရီး (Private Visit) သွားဖို့ ခွင့်ပြုကူညီခဲ့တာဖြစ်တယ်။ အိန္ဒိယကို ကုန်သွယ်ရေးကိစ္စနဲ့ တစ်ခေါက်၊

ကြီးတော်ဘုရား(သီပေါမင်းကြား ဒုတိယသမီးတော် အသျှင် ထိပ်စုမြတ်ဘုရား) ရဲ့ ကြင်ရာတော်လတ်သခင်ကွယ်လွန်သွားလို့ ကြီးတော်ဘုရားကို မြန်မာပြည် ပြန်ခေါ်လာဖို့တစ်ခေါက် ပေါင်း နှစ်ခေါက် ကျွန်တော် ရောက်ခဲ့ဖူးတယ်။ အဲဒီနှစ်ခေါက်လုံးမှာ ရတနာဂီရိသွားဖို့ ကြိုးစားပေမယ့် သက်ဆိုင်ရာက အကြောင်းအမျိုးမျိုး ပြတားလို့ မသွားခဲ့ရဘူး။

ဘယ်အထိဖြစ်ခဲ့သလဲဆိုရင် ကြီးတော်ဘုရားနတ်ရွာစံကြောင်း သိရလို့ (၁၉၅၆) အိန္ဒိယသွားခွင့်တောင်းတော့ လိုအပ်သလို ဆောင်ရွက်ပြီးပြီဖြစ်ကြောင်း အစိုးရက ပြန်ကြားခဲ့တယ်။ ဒီ တစ်ခေါက် (၁၉၉၃) ကျွန်တော်တို့ ရတနာဂီရိကအပြန် ကာလကတ္တားရောက်တော့ ဒုတိယသမီးတော်နှင့်လတ်သခင်တို့က သားသမီး မရကြလို့ မွေးစားထားတဲ့ နီပေါမောင်နှမနှင့် တွေ့ကြတဲ့အခါ ဒုတိယသမီးတော်ရဲ့ အရိုးအိုးဟာ သူတို့မောင်နှမ လက်ထဲမှာရှိနေလို့ ဘာလုပ်ရမှန်းမသိဘူးလို့ ပြောကြတယ်။ ရင်နာစရာ ကောင်းလိုက်တာ။

အဲဒီလို ခဲမှန်ဖူးတာ သုံးခါလောက်ဖြစ်ခဲ့လို့ ဒီတစ်ခါ အိန္ဒိယသာမက ရတနာဂီရိအထိ သွားနိုင်ပြီဆိုတော့ မယုံနိုင်အောင် ဖြစ်မိတာပေါ့။

မဖြစ်နိုင်တာကတော့ ကျွန်တော်အိမ်ပြန်ရောက်တာ တစ်နှစ်ကျော်ပဲ ရှိသေးတာကိုး။ အနားယူလို့မဝသေးဘူး။ စကားပြောလို့ မကုန်နိုင်သေးဘူး။ စာဖတ်ချင်တာကမလုံလောက်သေးဘူး။ စာရေးချင်တာ မဖြစ်သေးဘူး။ လက်ကျိုးထားတာ အကင်းမသေသေးဘူး။ ဟိုဒီ သွားချင်တာ မလွယ်သေးဘူး။
တရားဝင်အကြောင်းကြားစာကို အထပ်ထပ်အခါခါ ဖတ်နေ မိတဲ့အထိ၊ သွားခွင့်ပြုတာအမှန်ပဲ။

နိုင်ငံခြားသွားတာ လွယ်တာမှတ်လို့၊ ကျွန်တော်တို့က ၁၃၅၅ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက် (၆-၁၂-၁၉၉၃) တနင်္လာနေ့ အရောက်

ရတနာဂီရီသွားချင်ကြတယ်။ သက်ဆိုင်ရာအာဏာပိုင်ဆီကို (၄-၁၀-၁၉၉၃) မှာ စာတင်လိုက်တော့ (၈-၁၁-၁၉၉၃) မှာ ခွင့်ပြုကြောင်း စာရတယ်။

ကိုယ့်စရိတ်နှင့် ကိုယ်သွားကြရမှာမို့ လိုအပ်တဲ့ငွေကိုရှာရ၊ အဝတ်အစားရွေးရ၊ ဓါတ်ပုံရိုက်ရ၊ ကိုယ်ရေးရာဇဝင်ပုံစံဖြည့်ရ၊ ဘင်္ဂလားဒေ့ရှ်နဲ့အိန္ဒိယပြည်ဝင်ခွင့်(ဗီဇာ)ပုံစံဖြည့်ရ၊ နိုင်ငံကူး လက်မှတ်စာအုပ်လျှောက်ရ၊ နိုင်ငံခြားငွေလဲလှယ်ခွင့်လျှောက်ရ၊ ဟိုသွားဒီလာလုပ်ရ၊ အချင်းချင်းဆွေးနွေးညှိနှိုင်းရ လုပ်ကြရလို့ အသက်က စကားပြောလာပေမယ့် စိတ်ကတက်ကြွနေကြ၊ ရွှင်လန်းနေကြတယ်။

မောင်နှမတွေထဲမှာ ကျွန်တော့်ကို အချုပ်ချာဆုံး အဆုတ်ပွပြီး မကြာခဏသွေးအန်၊ ညနေတိုင်းလိုလို အဖျားရှိနေတတ်လို့ အားလုံးက လိုက်ဖြစ်ပါ့မလား။ ကျွန်တော်မလိုက်ဖြစ်ရင် သူတို့လဲ မသွားတော့ဘူး ပြောနေကြလို့ ကိုယ့်အတွက် အများ မသွားဖြစ်တာက မဖြစ်စေချင်၊ ဒီတော့ နေသာထိုင်သာရှိပါတယ်လို့ ပြုံးပြုံးရွှင်ရွှင် လုပ်နေရရဲ့။ ရတနာဂီရီ သွားဖြစ်သူတွေကတော့ . . .

(၁) မြေးတော်. . တော်ဘုရားကြီးရဲ့သားတော်ကြီး မဟာ စန္ဒကုမာရ/ ဦးစိုးဝင်း
(၂) မြေးတော်ထိပ်စုဘုရားကြီး / ဒေါ်စုစုခင်
(၃) မြေးတော် တော်ဘုရား / ဦးထွန်းအောင် (တတိယသမီးတော် အသျှင်ထိပ်စုမြတ်ဘုရားနဲ့၊ တို့ဗမာအစည်းအရုံး ဥက္ကဌကြီး သခင်ထိပ်တင်ကိုယ်တော်ကြီးတို့ရဲ့ သားမက်တော်)
(၄) မြေးတော် တော်ဘုရားငယ် / ဦးသန့်ဇင်
(၅) မြေးတော် တော်ဘုရားကလေး / ဦးအောင်ဇေ
(၆) မြေးတော်ထိပ်စုဘုရားထွေး / ဒေါ်နှင်းမေ
(၇) မြစ်တော် တော်ဘုရားမြတ်ကြီး / ဦးထွဏ်းကျော်

အမှတ်စဉ်(၃) တော်ဘုရားရဲ့သားတော်ကြီး၊ အမှတ်စဉ်(၆) ထိပ်စုဘုရားထွေးနဲ့ခင်ပွန်း) တို့ဖြစ်ကြပါတယ်။

**အခုလို ရတနာဂီရိကို**

**- ပါတော်မူပြီး ၁၀၈ နှစ်**

**- သီပေါမင်းတြား နတ်ရွာစံတော်မူပြီး ၇၇ နှစ်**

**- မြေးတော်အငယ်ဆုံး ၆၇ နှစ်၊ အကြီးဆုံး ၇၁ နှစ်**

**- လွပ်လပ်ရေးရပြီး ၄၅ နှစ်**

**ရှိကာမှ သွားဖြစ်ကြတာဖြစ်တယ်။**

**ဒါကြောင့် ဒီရတနာဂီရိခရီးကိုသွားဖြစ်တာဟာမြန်မာ့သမိုင်းမှာ ထူးခြားတဲ့မှတ်တိုင်အဖြစ်မှတ်တမ်းတင်ထားရမှာဖြစ်တယ်။**

ကိုယ့်စရိတ်နဲ့ကိုယ်သွားကြရမှာမို့ သွားရေးလာရေး၊ စားရေးနေရေး၊ ဝတ်ရေးတို့ကို ချွေတာနိုင်သလောက် ချွေတာကြရတာပေါ့။

ကျွန်တော်တို့က ဘွားတော်စုဘုရားလတ် ကျောင်းအစ်မကြီးအဖြစ် တည်ဆောက်လှူဒါန်းတော်မူခဲ့တဲ့ သမိုင်းဝင်မန္တလေးက မြတောင်တိုက်ဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ တိုင်းဥက္ကဋ္ဌ၊ မန္တလေးတိုင်းသံဃနာယကအဖွဲ့)ကို ပင့်သွားချင်ကြပေမယ့် မဖြစ်ခဲ့ပါဘူး။ ဒါကြောင့် ကာလကတ္တားရှိ မြန်မာကျောင်း ဆရာတော် ဦးကောဝိဒကို အသွားအပြန်ပင့်ရတယ်။ မြန်မာသံမှူး ဦးကျော်ဟိန်းက အစိုးရစရိတ်နဲ့အတူလိုက်လာပေမယ့် သရဏဂုံတင်စရိတ်၊ ဘိုးတော်သီပေါမင်းတြားအုတ်ဂူတော် ပြုပြင်စရိတ်၊ ရတနာဂီရိနှင့် ကာလကတ္တားရှိ သီပေါမင်းတြားအနွယ်တော်တွေဖို့ ထောက်ပံ့စရိတ် စတဲ့ စတဲ့ စရိတ်တွေပေါင်းလိုက်တော့ အမေရိကန်ဒေါ်လာ ကိုးထောင် (၉၀၀၀) လဲလှယ်ဖို့ လျှောက်လွှာကို ရင်တမမနဲ့ တင်လိုက်ရတယ်။ ခွင့်ပြုလိုက်တော့ ဝမ်းသာလိုက်ကြတဲ့ ဖြစ်ခြင်း။

ရတနာဂီရိရောက်တော့အခြေအနေအရ ဘိုးတော် သီပေါမင်း-တြားအုတ်ဂူတော်ကို မပြုပြင်ဖြစ်တာရယ်၊ စားဝတ်နေရေး၊ သွားရေးလာရေး၊ ချွတာခဲ့တာရယ်ကြောင့် ကျန်နေတဲ့ ဒေါ်လာ နှစ်ထောင့်-ခြောက်ဆယ် (၂၀၆၀) ကို အစိုးရဘဏ် ပြန်အပ်လိုက်ကြတယ်။ ဒီလိုပြန်အပ်လိုက်တာသိကြရသူတွေက ပါးစပ်ဟောင်းလောင်း မျက်လုံးပြူးပြူးဖြစ်ကြရဲ့။ သမိုင်းတွင်မယ့် ဒီရတနာဂီရိခရီးကို ရိုးရိုးသန့်သန့်တည်တည်ကြည်ကြည် သိက္ခာရှိရှိနဲ့ အောင်အောင်မြင်မြင် သွားပြန်နိုင်ခဲ့ကြတယ်။

အင်္ဂလိပ်နယ်ချဲ့ကြောင့် မြန်မာ့သမိုင်းကွက်လပ်တစ်ကွက်ကို သီပေါမင်းတြားမြေးတော်၊ မြစ်တော်တွေက ကိုယ်တိုင်တတ်နိုင်သလောက် စွမ်းဆောင်နိုင်ခဲ့ကြပြီမဟုတ်ပါလား။ ရန်ကုန်ရွှေတိဂုံဘုရားလမ်းရှိ ဘွားတော်စုဘုရားလတ် အုတ်နန်းပြာသာဒ်တော်ခြေရင်းမှာ ခြေစုံရပ်လက်အုပ်ချီရင်း ကျွန်တော်သံတော်ဦးတင်လိုက်တယ်။

ဘွားတော်အသျှင်နန်းမတော်ဘုရား - ဘုရား၊ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို မတိုင်တည်မီ ဘွားတော်ဘုရားကို အရင်တိုင်တည်ပါတယ်ဘုရား။ ဘိုးတော်ဘုန်းတော်ကြီးဘုရား (သီပေါမင်းတြား) ရတနာဂီရိမှာနတ်ရွာစံတော်မူတော့ ဘွားတော်ဘုရားရဲ့ ဆန္ဒတော်အတိုင်း သရဏဂုံတင်ဖို့ အင်္ဂလိပ် နယ်ချဲ့က ခွင့်မပြုခဲ့တာကို သတိရလို့မချိတင်ကဲ ဝမ်းနည်း ကြေကွဲစွာ ခံစားကြရပါတယ်ဘုရား။ ဘွားတော်ဘုရားဟာ အင်္ဂလိပ်နယ်ချဲ့ကို အနိုင်မခံအရှုံးမပေးဘဲ နယ်ချဲ့ဆန့်ကျင်ရေးကို အသက်ထက်ဆုံး စွမ်းဆောင်သွားတော်မူတာကို ဂုဏ်ယူမဆုံးဖြစ်မိပါတယ်ဘုရား။ အထူးသဖြင့် နိုဝင်ဘာ (၇) ရက် ၁၈၈၅ မှာ ကျင်းပခဲ့တဲ့ စစ်ညီလာခံမှာ အင်္ဂလိပ်ရဲ့ မတရား ကျူးကျော်တဲ့စစ်ကို မခုခံဖို့ သံတော်ဦးတင်တဲ့ ကင်းဝန်မင်းကြီးကို ထဘီ ကျောက်ပျဉ်နဲ့

သနပ်ခါးတုံး ပေးခိုင်းတော်မူခဲ့တာကို မြန်မာ့သမိုင်းမှာ မော်ကွန်း တင်ထားပြီဖြစ်ပါတယ် ဘုရား။ ဒီလို ဘွားတော်ဘုရားရဲ့ ရဲရဲတောက် နယ်ချဲ့ဆန့်ကျင်ရေးအလံတော်ကို ဘွားတော်ဘုရား ရဲ့အနွယ်တော်တွေပီပီ ဆက်လက်လွှင့်ထူမှာဖြစ်ပါတယ် ဘုရား။ ဒါကြောင့်လဲ အခု ၁၀၈ နှစ်မြောက် ပါတော်မူနေ့မှာ ဘွားတော်-ဘုရားရဲ့ ဆန္ဒတော်အတိုင်း ရတနာဂီရိကို သွားကြပြီး ဘိုးတော် ဘုန်းတော်ကြီးဘုရား (သီပေါမင်းတြား)ကို မစွမ်းဆောင်ရသေးတဲ့ သရဏဂုံတင်မှု စွမ်းဆောင်ကြမှာဖြစ်ကြောင်း ရိုသေ လေးမြတ်စွာ သံတော်ဦးတင်အပ်ပါတယ် ဘွားတော်အရှင် နန်းမတော်ဘုရား - ဘုရား။

ရန်ကုန်ရွှေတိဂုံဘုရားလမ်းရှိ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဂူခြေရင်းမှာ ခြေစုံရပ်လက်အုပ်ချီရင်း ကျွန်တော်တိုင်တည်လိုက်တယ်။

လေးစားမြတ်နိုးအပ်တဲ့ကြီးမြတ်တဲ့ ဆရာကြီးသခင်ကိုယ်တော်-မှိုင်း ခင်ဗျား။

ကျွန်တော် ၁၇ နှစ်သားလောက်တုန်းက ကျွန်တော်ရဲ့ဘိုးတော် သီပေါမင်းတြားနဲ့ပတ်သက်ပြီး ဆရာကြီးပြောခဲ့ဖူးပါတယ်။ အဲဒါကတော့ သီပေါမင်းတြားဟာ ကျွန်တော့်ရဲ့ဘိုးတော် ဖြစ်သလို မြန်မာပြည်သူတွေရဲ့ ဘုရင်မင်းမြတ်လဲ ဖြစ်တော်မူလို့ မင်းတြားကြီးနတ်ရွာစံတဲ့အခါ မိဖုရားခေါင်ကြီး စုဘုရားလတ်ရဲ့ ဆန္ဒတော်အတိုင်း သရဏဂုံတင်ခွင့်ကို အင်္ဂလိပ်နယ်ချဲ့က ခွင့်မပြု ခဲ့ဘူး။ သာမန်ဆင်းရဲသားတစ်ယောက် သေရင်တောင် သရဏဂုံ တင်ရစမြဲဖြစ်ပေမယ့် တို့မြန်မာ ဘုရင်မင်းမြတ်ကို အင်္ဂလိပ်နယ်ချဲ့ က သရဏဂုံတင်ခွင့် မပြုတာကို ဆရာကြီးနဲ့ကျွန်တော်တို့က ဆော်ဩကြပြီး မြန်မာရဟန်းရှင်၊ လူ၊ ပြည်သူတစ်ရပ်လုံးက သရဏဂုံတင်ဖြစ်အောင် တင်ကြရမယ်။ (မန္တလေးရှိ ရဟန်းပျို

အဖွဲ့ ဆရာတော်ကြီးနှစ်ပါးနှင့် တတိယသမီးတော်အသျှင် ထိပ်စုမြတ်ဘုရားတို့က နာယကတွေ၊ ဆရာကြီးသခင် ကိုယ်တော်မှိုင်းက ဉက္ကဋ္ဌ၊ သခင်ထိပ်တော်ကိုယ်တော်ကြီးက ဒုတိယဉက္ကဋ္ဌ၊ အထွေထွေ အတွင်းရေးမှူးက ဗိုလ်သိမ်းဆွေ (ဗိုလ်ချုပ်အောင်ဆန်းကိုယ်ရံတော်နဲ့ ဗိုလ်ချုပ်အောင်ဆန်း စာကြည့်တိုက်မှူး)နဲ့ ကျွန်တော်က တွဲဖက်အထွေထွေ အတွင်း-ရေးမှူး အဖြစ်နဲ့ အဖွဲ့ဝင်ပေါင်း တစ်ရာကျော်ပါဝင်ပြီး ကျယ်ပြန့်တဲ့ အမျိုးသားလှုပ်ရှားမှုဖြစ်တဲ့ သီပေါမင်းတြား ဈာပနဗဟို ကော်မတီကို ဖွဲ့စည်းခဲ့တယ်။ ဒီအကြောင်းက အင်မတန် သမိုင်းတန်ဘိုး ရှိတာမို့ သီးခြားဆောင်းပါးရေးဖို့ ကြိုးစားပါမယ်။) ဖြစ်နိုင်ရင်တော့ ဆရာကြီး သခင်ထိပ်တင်ကိုယ်တော်ကြီးနဲ့ ကျွန်တော်တို့ ရတနာ-ဂီရိသွား စတီ သရဏဂုံတင်ကြပြီး မင်းတြားကြီး ရုပ်ကလာပ်တော်ကို မန္တလေးနန်းတော်ထဲမှာ အပြီးအပိုင် သရဏဂုံတင်နိုင်အောင် ကြိုးစားကြရမယ်။ ဒါမှ အင်္ဂလိပ်မိစ္ဆာကောင်တွေကို လက်တုန့်ပြန် နိုင်မှာဖြစ်ကြောင်း အလေးအနက်ပြောကြားခဲ့တာကို ကျွန်တော် ကောင်းကောင်းမှတ်မိနေပါတယ်ဆရာကြီး။ ဆရာကြီးခင်ဗျား။

အခု ၁၀၈ နှစ်မြောက် ပါတော်မူနေ့အမီ ရတနာဂီရိ သွားပြီး ဘိုးတော်သီပေါမင်းတြားကို သရဏဂုံတင်ကြမှာ ဖြစ်ပါ တယ်။ ဆရာကြီးရဲ့ဆုံးမဩဝါဒအောက်မှာ ကျွန်တော် ၁၇ နှစ် သားကစပြီး နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားရေးကို အစဉ်အဆက် တက်တက်ကြွကြွစွမ်းဆောင်ခဲ့ စွမ်းဆောင်ဆဲ ဆက်လက်စွမ်းဆောင်သွားမှာဖြစ်ပါတယ်လို့ ဆရာကြီးကို ကျွန်တော် လေးလေးနက်နက် ကတိပြုပါတယ်ခင်ဗျား။ ဆရာကြီး ခင်ဗျား။

ဆရာကြီးရဲ့ ပြင်းပြတဲ့ဆန္ဒအတိုင်း မြန်မာ့ နောက်ဆုံး

ဘုရင်မင်းမြတ်ဖြစ်တော်မူတဲ့ ကျွန်တော်ရဲ့ ဘိုးတော် သီပေါမင်း-တြားကိုရတနာဂီရိမှာ သရဏဂုံတင်ကြမှာမို့ ဆရာကြီးဆန္ဒ ပြည့်ဝသလို ကျွန်တော်ဟာ မြန်မာပြည်သူတစ်ယောက်အနေနဲ့ရော မြေးတော်အနေနဲ့ပါ သမိုင်းပေးတာဝန်ကို တစ်စိတ်တစ်ပိုင်း စွမ်းဆောင်နိုင်တော့မှာဖြစ်ကြောင်း လေးစားစွာတိုင်တည် အပ်ပါတယ် ကျေးဇူးရှင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းခင်ဗျား။

*          *          *

ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ ဆယ်နှစ်သား မောင်လွန်းအရွယ်မှာ စုဘုရားလတ်ကျောင်းအစ်မကြီး အနေနဲ့ ကုသိုလ်ပြုထားတော်မူတဲ့ မြတောင်တိုက်ပေါ်က အရှင်နှစ်ပါး ပါတော်မူသွားတာကို မျက်ဝါးထင်ထင် မြင်လိုက်တာကအစ မျိုးချစ် ပြည်ချစ်စိတ်ဇာတိသွေးဇာတိမာန် လျှမ်းလျှမ်းတောက်လာပြီး နယ်ချဲ့ ဆန့်ကျင်ရေးအထူးသဖြင့် အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး အလံတော်ကို မြင့်မြင့်မားမားလွှင့်ထူထားခဲ့တာ လူတိုင်းသိကြတယ်။

နိုင်ငံခြားက ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့နဲ့ ကမ္ဘာ့ ငြိမ်းချမ်းရေး ဆုချီးမြှင့်ခံခဲ့ရတာလဲ ဆရာကြီးရဲ့ ပြောင်မြောက်တဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းစွမ်းဆောင်ချက်တွေကြောင့်ဖြစ်တာ ဘယ်သူမှမငြင်းနိုင်ကြပါဘူး။

ဆရာကြီးဟာ အရှင်နှစ်ပါး ပါတော်မူတာကို မြင်လိုက် ခံစားလိုက်ရတဲ့နေ့ကစပြီး အရှင်နှစ်ပါးပေါ်ကရဏာသက်တာရော အမျိုးသားလွတ်လပ်ရေးအတွက်ပါ ပြောတိုင်း၊ ရေးတိုင်း မြန်မာနိုင်ငံနှင့် မြန်မာရဟန်းရှင်၊ လူ၊ ပြည်သူတွေဟာ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းနှင့် ထည်ထည်ဝါဝါ လွတ်လွတ်လပ်လပ် အစဉ်အဆက် နှစ်ပေါင်းထောင်ချီနေလာကြပုံ၊ အင်္ဂလိပ်အရာရှိတွေက သူတို့ကိုယ်သူတို့ 'သခင်ကြီး' မြန်မာတွေကို 'လူကလေး၊ မောင်မင်း၊ မင်း' လို့ တင်စီးပြောဆိုလေ့ရှိကြတယ်။

ဒါကြောင့်ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ သခင်ဘသောင်း၊ သခင်ထိပ်တင်ကိုယ်တော်ကြီး၊ သခင်အောင်ဆန်း အစရှိတဲ့ သခင်၊ သခင်မတွေက "ဟေ့. . . တို့မြန်မာနိုင်ငံမှာ အင်္ဂလိပ်တွေက သခင်မဟုတ်ဘူး၊ တို့မြန်မာတွေကသာ မြန်မာနိုင်ငံမှာ သခင်တွေဖြစ်တယ်" လို့ ဖော်ထုတ်ကြပြီး 'သခင်မျိုးဟေ့တို့ဗမာ' လို့ ရဲရဲတောက် ကြွေးကြော်ခဲ့ကြတယ်။ အင်္ဂလိပ်အစိုးရကလဲ 'သခင်ပေါက်စ ထောင်ခြောက်လ' လို့ တုံ့ပြန်ပြီး ဖိနှိပ်ခဲ့တယ်။ ဘယ်လောက်အထိ ဖိနှိပ်သလဲဆိုရင် နံပါတ်တုတ်နဲ့ရိုက်၊ မြင်းနဲ့နင်းတိုက်တဲ့အထိမို့ ဗိုလ်အောင်ကျော် အာဇာနည် ဖြစ်ပေါ်လာရတယ်။ ဒါပေမယ့်ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းက -

**"မြင်းခွာတစ်ချက်ပေါက်ရင်**
**မီးဟုန်းဟုန်းတောက်စေမယ်"**

လို့ ပြတ်ပြတ်သားသားကြွေးကြော်ခဲ့လို့ နောက်ဆုံးမှာ အင်္ဂလိပ်အစိုးရက လျှော့ပေးခဲ့ရတယ်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ ပါတော်မူကစပြီး အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေးကို အစဉ်တစိုက်လုပ်ခဲ့ယုံမက အမျိုးသားညီညွတ်ရေး ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးလိုအပ်ပုံတွေကို မရပ်မနား ပြောဆိုလှုပ်ရှားခဲ့တာ ကွယ်လွန်တဲ့အထိမို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ရဟန်းရှင်ပြည်သူတွေက ထိုက်တန်တဲ့ဂုဏ်ပြုဗိမာန်ကြီး ဆောက်ပေးထားတာဖြစ်တယ်။ မိဖုရားခေါင်ကြီး စုဘုရားလတ်ကို အင်္ဂလိပ်အစိုးရက ရတနာဂီရိကနေပြီး ရန်ကုန်(မန္တလေးသွားခွင့် လုံးဝမပေး) ပြန်ပို့လိုက်တော့ ပထမဦးဆုံးလာရောက်ကြသူတွေထဲမှာ ဆရာကြီးက ရှေ့တန်းကပေါ့။ နောက်တော့ မိဖုရားခေါင်ကြီးရဲ့ တတိယသမီးတော်အသျှင်ထိပ်စုမြတ်ဘုရားရဲ့ကြင်ရာတော် ထိပ်တင်ကိုယ်တော်-ကြီးနဲ့ ဆရာကြီးတို့ ခင်မင်ရင်းနှီးလာကြရာက ထိပ်တင်ကိုယ်တော်ကြီးဟာ သခင်ထိပ်တင်ကိုယ်တော်ကြီးဖြစ်လာပြီး အကြီးမားဆုံးဖြစ်တဲ့

တို့ဗမာအစည်းအရုံးနဲ့ ပထမဦးဆုံးဥက္ကဋ္ဌကြီး ဖြစ်လာတယ်။ ဆရာကြီးနဲ့ သခင်ထိပ်တင်ကိုယ်တော်ကြီးဟာ နှစ်ကိုယ့်တစ်စိတ်ဖြစ်လာကြလို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနဲ့သခင် ထိပ်တင်ကိုယ်တော်ကြီးကို ခွဲမရ အောင်ဖြစ်လာကြတယ်။ အတိုခြုံး ခေါ်ကြရာမှာ 'သခင်ကိုယ်တော်ကြီး' ဖြစ်လာလို့ မကြာခဏ ရှင်းပြခဲ့ရရဲ့။

ဘွားတော်စုဘုရားလတ်ရဲ့ စံအိမ်တော်ကို ချာချီလမ်းမှာ အင်္ဂလိပ်အစိုးရပေးထားတယ်။ အတော်ကလေးသပ်ရပ်တယ်လို့ ဆိုကြပါစို့။ ဒါပေမယ့်အင်္ဂလိပ်နယ်ချဲ့ရဲ့ ပရိယာယ်ဝေဝုစ်နဲ့ နှိမ်ထားပုံကို ကြည့်တတ်သူမှ မြင်နိုင်တာကလား။

ပါတော်မူတုန်းက ဗြိတိသျှအစိုးရရဲ့ အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန်က ရန်ဒေါချာချီဖြစ်ပြီး သူ့သားဝင်စတန်ချာချီ (ဝန်ကြီးချုပ် ဖြစ်ခဲ့ဖူးသူ) က မြန်မာ့လွတ်လပ်ရေးပေးရေးကို အကြီးအကျယ် ကန့်ကွက် ခဲ့သူဖြစ်တယ်။ သီပေါမင်းတြားနဲ့ မိဖုရားခေါင်ကြီးစုဘုရားလတ်တို့ကို နန်းပေါ်ကဆွဲချပြီး မြန်မာ့လွတ်လပ်ရေးကို ကျူးကျော်သိမ်းပိုက်ခဲ့ရာမှာ အချက်အချာပါဝင်တဲ့ ချာချီကို ဂုဏ်ပြုထားတဲ့ ချာချီလမ်းမှာ အင်္ဂလိပ် နယ်ချဲ့ကို စိန်ခေါ်ခဲ့တဲ့ အာဇာနည် စုဘုရားလတ်ကို အိမ်ပေးထားတာ တိုက်ဆိုင်မှုဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး။

ဘွားတော်စုဘုရားလတ်ကတော့ ဒီချာချီလမ်းကို ခွေးချီးလမ်းလို့ အမိန့်ရှိတော်မူလေ့ရှိတယ်။ မြန်မာ့လွတ်လပ်ရေးကြေငြာပြီးတဲ့နောက် နှစ်အတော်ကြာမှ ချာချီလမ်းဟာ ကိုယ့်မင်းကိုယ့်ချင်းလမ်း ဖြစ်လာ တော့တယ်။

မိဖုရားခေါင်ကြီးစုဘုရားလတ်ဆီကို ဆရာကြီးသခင်ကိုယ်တော်-မှိုင်းဟာ တစ်နေ့မဟုတ်တစ်နေ့ ရောက်လာပြီး ဘာသာရေး၊ သာသနာရေး၊ နိုင်ငံရေး၊ လူမှုရေးတွေကို တရင်းတနှီးဆွေးနွေးလေ့ရှိကြတယ်။

ဆရာကြီးကွယ်လွန်တော့ ဂူဗိမာန်တည်ဆောက်ဖို့ မြေနေရာ

ရှာကြတဲ့အခါ ကျွန်တော်က ဘွားတော်အုတ်နန်းပြသာဒ်တော် တည်ရှိရာ မြေကွက်လပ်မှာ ထားရှိနိုင်ကြောင်း တင်ပြခဲ့ဖူးတယ်။

ဒီနေရာမှာ စိတ်ဝင်စားစရာ ဖြစ်ရပ်တစ်ရပ်ကို ဖော်ပြလိုတယ်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဈာပနဗဟိုကော်မတီ အစည်း-အဝေးမှာ ကျွန်တော့်ရဲ့ တင်ပြချက်ကို လက်ဝဲခေါင်းဆောင်တစ်ဦးဆိုသူက ပဒေသရာဇ်မိဖုရားဖြစ်တဲ့ စုဘုရားလတ် မြေနေရာမှာ ဆရာကြီးလို ပုဂ္ဂိုလ်ကြီးဂူဗိမာန် မတည်ဆောက်သင့်ကြောင်း အာဘောင်အာရင်း သန်သန်နဲ့ ပြောကြားသွားတယ်။

သူ့ပြောကြားချက်ကို တက္ကသိုလ်ကျောင်းသားတွေနဲ့ ဆရာတော် သံဃာတော်တွေက ကန့်ကွက်ကြတယ်။ သူတို့တင်ပြချက်က ဆရာကြီး ဂူဗိမာန်တည်ဆောက်ရေးဟာ အမျိုးသားရေးဖြစ်လို့ လူတန်းစား သဘောတရားနဲ့ တစ်ကိုယ်တော်သူရဲကောင်း မလုပ်သင့်ကြောင်း ဆရာကြီးမောင်လွန်းအရွယ်မှာပါတော်မူတာကို မျက်ဝါးထင်ထင် မြင်လိုက်ရာကစပြီး မျိုးချစ်ပြည်ချစ်စိတ်ဝင်ကာ နယ်ချဲ့ဆန့်ကျင်ရေးကို သေတပန်သက်တဆုံးစွမ်းဆောင်ခဲ့ကြောင်း တို့ဗမာ အစည်းအရုံးကြီး တစ်ခေတ်လုံးမှာ သခင်ထိပ်တင်ကိုယ်တော်ကြီးနဲ့ အရင်းနှီးဆုံး လက်တွဲ လာသလို အခု ကွယ်လွန်တဲ့အထိ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့မှာရော ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်မှာပါ မင်းသားကြီးတော်ဘုရားကလေး ပါဝင်ခဲ့ကြောင်း စုဘုရားလတ်ဈာပနမှာလည်း ဆရာကြီးပါဝင်ခဲ့ပေမယ့် အင်္ဂလိပ်အစိုးရကတားဆီးခဲ့ကြောင်း ဒီတော့ ဆရာကြီးဂူဗိမာန်ကို စုဘုရားလတ်မြေကွက်မှာ ထားရှိနိုင်ကြောင်း အမြဲတမ်းမဟုတ်တောင် ယာယီထားသင့်ကြောင်း ဝိုင်းတင်ပြခဲ့ကြတယ်။ နောက်ပိုင်းမှာ သက်ဆိုင်ရာအာဏာပိုင်တွေက လက်ရှိနေရာမှာ ဆရာကြီးသခင် ကိုယ်တော်မှိုင်းရဲ့ ဂူဗိမာန်ကြီးကို တည်ဆောက်ခွင့်ပြုခဲ့တယ်။

ဆရာကြီးဂူဗိမာန်တည် ဆောက်ပြီးတော့ ဘေးချင်းယှဉ် ရှိနေတဲ့

မိဘုရားခေါင်းဆောင်ကြီး စုဘုရားလတ်အုတ်နန်းပြသာဒ်တော်ကို ကြည့်ပြီး ဆရာကြီးရဲ့သမီးကြီးဒေါ်မြရီ (ဆရာကြီးဖေယျ ဇနီး)က

"ဖေဖေဟာမင်းသားကြီးရဲ့ဘွားတော်ကို အင်မတန်ဂရုဏာသက်သံယောဇဉ်ကြီးခဲ့တယ်။ မိဖုရားခေါင်ကြီးနဲ့ တွေ့လာ ပြောလာတာတွေကို ပြန်ပြောပြလေ့ရှိတယ်။ မိဖုရားကြီးသာ ဘုရင်မကြီးဖြစ်ရင် တို့ကျွန်ဖြစ်ချင်မှဖြစ်မယ်လို့ အမြဲလိုလို ပြောဖူးတယ်ဘယ်လောက်များခင်မင်ကြည်ညိုသလဲဆိုရင် အခုဖေဖေဆုံးသွားတာတောင် မင်းသားကြီးရဲ့ဘွားတော် ဘေးမှာ(ဂူဗိမာန်) ရှိနေတာသာကြည့်ပါတော့ မင်းသားကြီးရယ်"

လို့ ဝမ်းနည်းဝမ်းသာ မျက်ရည်ဝဲဝဲနဲ့ ပြောခဲ့ဖူးပါရဲ့။

အခုလိုဖော် ပြရတာက ကျွန်တော်တို့ရတနာဂီရိမသွားကြခင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းနဲ့ ဘွားတော်တို့ကို ကျွန်တော်ကိုယ်တိုင်တိုင်တည်ခဲ့၊ သံတော်ဦးတင်ခဲ့တုန်းက နက်နက်နဲနဲ ခံစားရပုံကို သိစေချင်ကြလို့ပါပဲ။ ဘွားတော်စုဘုရားလတ်နဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့သာ အသက်အထင်အရှား ရှိနေကြရင် ဒါမှမဟုတ် ဖြစ်လေရာဘဝကကြားသိနိုင်စွမ်းရှိကြရင် ဝမ်းသာကျေနပ် သာဓုခေါ်လိုက်ကြမယ့်ဖြစ်ခြင်း။

* * *

ကိုယ့်စရိတ်နဲ့ ကိုယ်သွားကြရတော့ လေယာဉ်ပျံခ အသက်သာဆုံးဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်က ဘီမင်း(Biman)လေယာဉ်ပျံကိုစီးကြရတာမို့ အတော်ကလေးတော့ ကြပ်ကြပ်တည်းတည်းဖြစ်ကြရတယ်။ ထိုင်ခုံတွေက ရန်ကုန် ဘတ်စ်ကားကြီးတွေနဲ့ ခပ်ဆင်ဆင် ကိုယ့်ဒူးနဲ့အရှေ့ထိုင်ခုံနောက်ကျောထိနေတာကိုး။

ခရီးစဉ်က ရန်ကုန်-ချစ်တကောင်း-ဒက္ကာ(ညအိပ်)ဖြစ်လို့ ဒက္ကာနိုင်ငံတကာလေဆိပ်ကို ဆင်းသက်တော့ ကွေးထားရတဲ့ဒူး၊ အရှေ့

ထိုင်ခုံနောက်ကျောနဲ့ ပွတ်တိုက်လာတဲ့ဒူးကို အတော်ကလေး ဆန့်ယူကြ၊ နှိပ်ယူကြရတယ်။ မြေးတော်တွေက အသက် ၇၀ နီးနေကြ ကျော်နေကြပြီလေ။

လေယာဉ်ပျံထိုင်ခုံတွေက ကပ်နိုင်သလောက်ကပ်ထားလို့ ခရီးသည်အပြည့်ပါတဲ့အခါမှာ အိမ်သာသွားဖို့လေးငါးယောက်လောက် စောင့်ကြရတယ်။

ဖြစ်ရမယ်လေ . . . ချွေတာစီးကြတော့ ဒီလောက်တော့ မျှော်လင့်ထားကြရမှာပေ့ါ။

တစ်ခုတော့ကောင်းရဲ့ လေယာဉ်ပျံပေါ်မှာသတင်းစာ အမျိုး ပေါင်းလေးငါးစောင်နဲ့ မဂ္ဂဇင်းသုံးလေးမျိုးလောက်အမြဲ ဖတ်နိုင်တယ်။

ကျွန်တော်ပြန်လာတော့ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်သတင်းစာ အစောင် (၂၀) လောက်ပါလာတယ်။ ဟိုမှာ သွားရလာရတာတွေ များလွန်းလို့ တစ်ခါတစ်လေ ညစာကို ညသန်းခေါင်နဲ့ မနက် ၂ နာရီလောက် စားခဲ့ကြရတယ်။ အိမ်ပြန်ရောက်မှ မဖတ်ရသေးတဲ့ သတင်းစာတွေ ပြန်ဖတ်ရတာ အရသာတစ်မျိုးခံစားရရဲ့။

သတင်းစုံလိုက်ပုံက အင်္ဂလိပ်အိမ်ရှေ့မင်းသားချားစ်နဲ့ သူနဲ့ ကွဲကွာနေတဲ့ ဒိုင်ယာနာမင်းသမီးတို့ရဲ့ အညှီအဟောက် တထောင်း-ထောင်း သတင်းတောင်ပါလိုက်သေး။

စိတ်ညစ်ဖို့ကောင်းတာက အိန္ဒိယမှာရော ဘင်္ဂလားဒေ့ရှ် မှာပါ လေယာဉ်ပျံတွေ အချိန်မမှန်တာဖြစ်တယ်။ ကာလကတ္တားက ဘုံဘေကို သွားမယ့်လေယာဉ်ပျံက သုံးနာရီလောက်နောက်ကျလို့ ခရီးသည်တွေ ဟိုမေးဒီမေးလုပ်ကြ၊ စိတ်တိုကြ၊ ဆဲကြ၊ ဆိုကြ၊ ဖြစ်ကုန်တော့ လေယာဉ်ပျံအစားထိုးပေးရတဲ့အထိ ဖြစ်သွားတယ်။

ကာလကတ္တားက ဒက္ကာသွားမယ့် လေယာဉ်ပျံက ဒက္ကာ လေယာဉ်ပျံကွင်းပေါ်မှာ မြူတွေအုပ်ဆိုင်းနေလို့ သည်းခံကြဖို့

မေတ္တာရပ်ခံတယ်။ ခရီးသည်တွေက လေယာဉ်ပျံပေါ်ရောက်နေကြပြီ၊ နာရီဝက်လောက်ကြာလာတော့မေးကြည့်ကြရာ လေယာဉ်ပျံ ဆင်းလမ်းကို မမြင်ရသေးလို့ သည်းခံကြပါဦးတဲ့။

တစ်နာရီကြာလာတော့ ခရီးသည်လေးငါးရောက် တီးတိုး ပြောပြီး လေယာဉ်ပျံပေါ်က ဆင်းသွားကြတယ်။ နောက်ဆယ်မိနစ်လောက်ကြာမှာ နောက်ထပ်လေးငါးယောက် ဆင်းသွားပြန်ရော၊ ဒီလိုနဲ့ တစ်သုတ်ပြီးတစ်သုတ်ဆင်းသွားလိုက်ကြတာ ကျွန်တော်တို့အဖွဲ့တော် (၇) ယောက်အပါအဝင် လူ (၂၀) ယောက်လောက်ပဲ လေယာဉ်ပျံပေါ်မှာ ကျန်တော့တယ်။ ခရီးသည်စုစုပေါင်းက တစ်ရာကျော်လောက်ဆိုတော့ လေယာဉ်မှူးနဲ့လေယာဉ်ဝန်ထမ်းတွေ မျက်နှာပျက်လာကြတယ်။

မကြာလိုက်ပါ။ ဆင်းသွားတဲ့ခရီးသည်တွေက ဆန္ဒပြကြတော့တာကိုး။ နောက်နာရီဝက်မှာမှမထွက်ရင် မလိုက်ကြတော့ဘူးတဲ့။ လေယာဉ်မှူးနဲ့လေယာဉ်ဝန်ထမ်းတွေ ကြိုးမဲ့ဖုန်းတွေနဲ့ ပြူးတူးပြဲတဲ ပြောဆိုနေကြရပြီ။ ၁၅ မိနစ်လောက်မှာ စစ်ဗိုလ်စစ်သားတွေ ရဲအရာရှိ ရဲသားတွေ၊ လေယာဉ်ဌာနမှူးတွေ၊ မော်တော်ကားတွေ မော်တော်ဆိုင်ကယ်တွေနဲ့ ရောက်လာကြပြီး ဆန္ဒပြခရီးသည်တွေနဲ့ ပြောကြ၊ ဆိုကြ၊ လုပ်ကြတယ်။ အော်ဟစ်ပြောဆိုနေကြရာက ရယ်မောလက်ဆွဲနှုတ်ဆက်ကြတယ်။

"မူလလေယာဉ်ကွင်းပေါ်မှာ မြူတွေပါးသွားပေမယ့် လေယာဉ်ဆင်းလမ်းကို ကောင်းကောင်းမမြင်ရသေးပါဘူးရှင်။ ဒါပေမဲ့ အရေးပေါ်အစီအစဉ်အနေနဲ့ တခြားလေယာဉ်ကွင်းကို ဆင်းနိုင်အောင် စီစဉ်ထားပါပြီ။ နာရီဝက်အတွင်း စတင်ပျံသန်းပါမယ်။ အခုလိုသည်းခံ စောင့်ဆိုင်းကြတာ၊ နားလည်ကြတာကို လေယာဉ်မှူးနဲ့ လေယာဉ်ဝန်ထမ်းတို့က အထူးကျေးဇူးတင်ရှိကြပါတယ်။ အခုမနက်စာကိုကျွေးပါတော့မယ်။ လေယာဉ်ပျံပေါ် ပြန်တက်ကြဖို့ အနူးအညွတ်မေတ္တာရပ်ခံပါတယ်။

ကျေးဇူးတင်ပါတယ်ရှင်” ဆာရီဝတ်လေယာဉ်မယ်လှလှကလေးရဲ့ ချိုမြ အေးဆေးတဲ့အသံပါပဲ။

အင်း. . . ဒီတစ်ခါစားရတာ ပိုအရသာရှိသလိုပဲ။ သက်သတ်လွတ်၊ အသားစား၊ ဥရောပအစာ၊ အရှေ့တိုင်းအစာ ကြိုက်ရာ စားနိုင်တယ်။ လေယာဉ်မယ်သုံးယောက်၊ လေယာဉ်မောင်နှစ်ယောက်၊ တွဲဖက် လေယာဉ်မှူးနဲ့ လေယာဉ်မှူးတို့က ခရီးသည်တွေကို ပျူပျူငှာငှာ ရှိလိုက်ကြတာ။

ကြေငြာထားတဲ့အတိုင်း နာရီဝက်လောက်မှာ လေယာဉ်ပျံ စထွက်ဖို့စက်နှိုးတော့ လေယာဉ်ပျံပေါ် ကျန်ခဲ့သူတွေရော ဆင်းသွားတဲ့သူတွေပါ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးပြကြတယ်။ လေယာဉ်ပျံကြီးဝေါခနဲထွက်တော့လက်ခုပ်သံတွေက တသောသော။

**စိန်ခြယ်၊ ဒီဇင်ဘာ၊ ၁၉၉၄**

⇨ ⇨ ⇨

## ရတနာပုံ မှ ရတနာဂီရိ သို့ (၂)

## ဒက္ကာမြို့အရောက်

ရတနာဂီရိသွားကြရာမှာ သီပေါမင်းတြားအနွယ်တော်တွေ ဖြစ်ကြတဲ့အတိုင်း မြန်မာ၀တ်စုံနဲ့ သွားချင်ကြတာပေါ့။ ဒါပေမယ့် သွားရမှာက ကိုယ့်စရိတ်ကိုယ့်အစီအစဉ်မို့ မလွယ်ဘူး။

လေယာဉ်ပျံ စီးရာမှာ၊ လေဆိပ်မှာပစ္စည်းရောလူပါ စစ်ဆေးရာမှာ၊ ဟိုဒီသွားရာမှာ ဟိုတယ်မှာထမင်းစားကော်ဖီသောက်သွားရာမှာ၊ မြန်မာအ၀တ်အစားတွေနဲ့ဆိုရင် လူတွေဝိုင်းကြည့်ခံရတာမျိုး အထူးသဖြင့် လမ်းထွက်ရင်ကလေးတွေ တကောက်ကောက်လိုက်တာမျိုး နိုင်ငံခြားသား မှန်းသိရင် သူတောင်းစားတွေဝိုင်းအုံလာတာမျိုး ဈေးဝယ်ရင် ဈေးတင် ပြောတာမျိုး လူပြတ်ရင်လုယက်ခံတတ်မျိုးတွေက ဖြစ်နိုင်တယ်လို့ ပြောတဲ့သူကပြောထားတော့ မြန်မာမဆန်နိုင်ဘဲ အကြောင်း မညီမညွတ် တော့ ဘောင်းဘီဝတ်ကြရတော့တာပေါ့။ ဒါပေမယ့် ထိပ်စုဘုရားကြီးနဲ့ ထိပ်စုဘုရားထွေးတို့က ဘယ်လိုမှဂါဝန်မဝတ်ကြတာမို့ ဝိုင်းကြည့်တော့

ခံကြရသေးရဲ့။ ရတနာဂီရိအသွားအပြန်က တစ်ပတ်သာကြာတော့ ကျွန်တော်တို့ကလဲ 'ကန့်သတ်' ထားရလေတော့ မသိသူ အတော်များတယ်။

ကျွန်တော်တို့ပြန်ရောက်ကြတော့ အမကြီးလူထုဒေါ်အမာကို ပြောကြရာမှာ တစ်ပတ်သာကြာခဲ့ကြောင်းသိတော့ အစ်မကြီးက ရောက်မယ့်ရောက် တစ်လနှစ်လလောက်နေကြရောပေါ့လို့ စေတနာနဲ့ ပြောရှာတယ်။ အဲဒီလောက်သာကြာအောင်နေကြရင် ရှိသမျှ ပေါင်နှံ့ ရောင်းချသွားရမလို ဖြစ်နေတယ်လို့ ပြောပြရင်း ရယ်မောကြရသေး။

ကျွန်တော်တို့ရဲ့လေယာဉ်ခရီးစဉ်က အသွားမှာ ချစ်တကောင်း၊ ဒါက္ကာ(ညအိပ်) ကလကတ္တား(ညအိပ်) ဘုံဘေ၊ ရတနာဂီရိ ဖြစ်ပြီး အပြန်မှာလဲ အဲဒီခရီးစဉ်အတိုင်း ပြန်ကြရမှာဖြစ်တယ်။

အိန္ဒိယရောက်ပါရက်နဲ့ မြတ်စွာဘုရား ပွင့်တော်မူရာ ဗုဒ္ဓဂါယာကိုတောင် မသွားနိုင်ခဲ့ကြဘူး။ မြို့တော် ဒေလီဆီလဲ လှည့်မဝင်နိုင်၊ 'ဘတ်ဂျက်' ကလိုငွေပြသွားမှာစိုးရတယ်လေ။

၉ ဒီဇင်ဘာ ၁၉၉၃ ခု ကြာသပတေးနေ့မှာ ကျွန်တော်တို့ ခရီးထွက်ကြတယ်။ ကိုယ့်မိသားစု ကွက်ကွက်ကလေးပဲ လိုက်ပို့ကြတယ်။ လေဆိပ်ရောက်တော့ ခပ်လျှို့လျှို့ကလေးနေကြတော့ အသိတွေ မတွေ့ရသလောက်ပဲ။ နောက်တော့ အထူးဧည့်ခန်းထဲ ဝင်သွားကြရတော့ ပိုသီးသန့်ဖြစ်သွားကြတာပေ့ါ။

ကြုံချင်တော့ ဘင်္ဂလားဒေ့ရှ်သွားမယ့် မြန်မာဘောလုံး အသင်းနဲ့ လေယာဉ်ပျံတစ်စီးတည်းဖြစ်နေတယ်။ သူတို့က သူတို့အုပ်စုနဲ့ ကျွန်တော်တို့က ကိုယ့်အုပ်စုနဲ့ပြုံးပြကြ၊ ခေါင်းညိတ်ပြကြလောက်ပါပဲ။

လေယာဉ်ပျံဆိုက်လာလို့ သွားကြမယ်လုပ်နေတုန်း မြန်မာတစ်ယောက်က ကျွန်တော်တို့အနွယ်တော်တွေကို အရင်ထွက်ကြပါလို့ ပြောလာတယ်။ ဘုမသိဘမသိ သူခေါ်ရာလိုက်သွားတော့ အတော်ကလေး

ဟောင်းနွမ်းနေတဲ့ ခရီးသည် (၂၀) လောက်စီးနိုင်တဲ့ ဘတ်စ်ကားငယ် တစ်စီးပေါ် တင်ပေးလိုက်တယ်။ တခြားခရီးသည်တွေ အထူးသဖြင့် မြန်မာဘောလုံးအသင်းလိုက်ပါလာမယ် ထင်ပေမယ့် ကျွန်တော်တို့ (၇)ယောက်နဲ့ပဲ လေယာဉ်ပျံဆီကို မောင်းထွက်ခဲ့တယ်။ ဆင်းကြမယ် လုပ်တော့ ဥရောပဝတ်စုံဝတ်ထားသူ (ဘီမင်လေယာဉ်ကုမ္ပဏီ မန်နေဂျာထင်ပါရဲ့) က တခြားခရီးသည်တွေကို ခဏနေကြပါအုံးပြောပြီး ကျွန်တော်တို့အစုကို ပထမဦးဆုံး လေယာဉ်ပေါ်တက်ဖို့ ပြောတယ်။

လေယာဉ်ပေါ်ရောက်တော့ ဆာရီဝတ်လေယာဉ်မယ် နှစ်ဦးက ပြုံးပြုံးကလေး ခါးညွတ်ဆီးကြို ကြပြီး သတ်မှတ်ထားတဲ့ နေရာတွေဆီကို ပို့ပေးကြတယ်။ ကျွန်တော်တို့ခုနှစ်ယောက် နေသားတကျဖြစ်မှ တခြား ခရီးသည်တွေတက်လာတော့ လေယာဉ်မယ်တွေက ကြိုက်တဲ့နေရာ ထိုင်နိုင်ကြောင်းပြောလို့ ကျွန်တော်တို့အတွက် ဦးစားပေးသလို ဖြစ်နေ တာကို သတိထားမိလိုက်ကြတယ်။ ကိုယ့်အချင်းချင်း နီးနီးကပ်ကပ် ထိုင်ကြရလို့ ဝမ်းသာကျေနပ်အားရှိမိကြတယ်။ အထူးသဖြင့် ထိပ်စုဘုရားကြီးက ပထမဦးဆုံး လေယာဉ်ပျံစီးဖူးတာမို့ သူ့ခမြာ အခုမှပဲ သက်ပြင်းရှည်ကြီးချပြီး ပြုံးနိုင်ရှာတော့တယ်။

ကျွန်တော်က လေယာဉ်ခရီး အတော်ကလေးစီးဖူးတယ်။ ဗန်ကောက် လေးခေါက်၊ ဟောင်ကောင် လေးခေါက်၊ အိန္ဒိယ နှစ်ခေါက် (အခုပါသုံးခေါက်)၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှစ်ခေါက် (တရုတ်အစိုးရ ဧည့်သည်တော်အဖြစ်)၊ ကိုးရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ တစ်ခေါက် (မြောက်ကိုးရီးယား အစိုးရဧည့်သည်တော်အဖြစ်)နဲ့ ဂျပန်တစ်ခေါက်။

တော်ဘုရားနဲ့ တော်ဘုရားငယ်တို့လည်း နိုင်ငံခြားလေယာဉ် ခရီးစီးဖူးကြတယ်။ တော်ဘုရားက သူ့အဝတ်အစားဟောင်းတွေကို ဟောင်ကောင်ဆိုင်မှာ စက်နဲ့လျှော်၊ အဝတ်အစားအသစ်ချုပ်တဲ့ အထိ

မကြာခဏသွားခဲ့ဖူးပြီ။

မဟာစန္ဒရကုမာရကတော့ နိုင်ငံခြားရေးဝန်ကြီးဌာနကဆိုတော့ သူလည်း ကမ္ဘာပတ်လေယာဉ်ခရီးစီးသလိုစီးဖူးပြီး နိုင်ငံခြားရှိ မြန်မာ သံရုံးတွေမှာလည်း တာဝန်ထမ်းဆောင်ခဲ့ဖူးတယ်။ နောက်ဆုံး ပြန်လာ တာက အမေရိကန်ဝါရှင်တန်ဒီစီက။ တော်ဘုရားမြတ်ကြီးက အစိုးရ ရေလုပ်ငန်းကမို့ အင်္ဂလန်နဲ့ ယူဂိုစလားဗီးယားတို့ကိုရောက်ဖူးရဲ့။ ထိပ်စုဘုရားထွေးကတော့ ပြည်တွင်းလေကြောင်း စီးဖူးနေတာ။

ကျွန်တော်တို့ နိုင်ငံခြားလေယာဉ်ခရီးသွားကြတဲ့အခါ ဘီအိုအေစီ၊ ပီအေအေ၊ ကက်သေး၊ ထိုင်းစတဲ့ လေယာဉ်ပျံကြီးတွေ နဲ့ဖြစ်ပြီး အခုဘီမင်လေယာဉ်ငယ်နဲ့ဆိုတော့ ဘုရားသာမက လေယာဉ်ပျံ စောင့်နတ်ကိုပါ ဆုတောင်းမေတ္တာပို့ကြရတယ် ဆိုပါတော့။

ဒုက္ခအကြီးဆုံးတွေ့ကြုံရတာက ကျွန်တော်တို့ (၇) ယောက် ရဲ့ သေတ္တာတွေအားလုံးကို ကလကတ္တားပို့ (check-through) လိုက်လို့ ရန်ကုန်၊ ချစ်တကောင်း၊ ဒါက္ကာအထိ ဝတ်ထားတဲ့ဝတ်စုံနဲ့ မစ္စတာဒါဝတ် မစ္စဒါဝတ် ဖြစ်ကုန်ရောပဲ။ လက်ဆွဲအိတ်ငယ်ထဲ ပါတာတွေက လက်ကိုင်- ပုဝါ၊ သွားတိုက်ဆေး၊ သွားပွတ်တံ နှာစီး ချောင်းဆိုးပျောက်ဆေးဝါးနဲ့ တခြားအသေးအဖွဲ့ ကလေးတွေပဲပေါ့။ အခံရခက်တာက ရှူးဖိနပ် မစီးတာကြတော့ ဖိနပ်ပေါက်ပါရော၊ မြန်မာခြေညှပ်ဖိနပ်တွေက ကလကတ္တား ပါသွားပြီကော။

ရတနာဂီရိ သွားရမယ်လို့ လုံးဝမမျှော်လင့်မထားကြရာက သွားခွင့်ပြုလိုက်တာ ၁၉၉၃ နိုဝင်ဘာ ၈ ဆိုတော့ ၁၀၈ နှစ်မြောက် ပါတော်မူနေ့က ၁၉၉၃ ဒီဇင်ဘာ ၆ ဖြစ်နေတာမို့ သွားဖို့ပြင်ဆင်ချိန် ၂၈ ရက်လောက်သာရှိတယ်။

ကိုယ့်စရိတ်နဲ့ ကိုယ့်အစီအစဉ်နဲ့မို့ အတော်ပဲကျုံးရုံးလုပ်ကြရာမှာ အသက်တွေက(၇၀)နီးကြ၊ ကျော်ကြမို့ အသက်က စကားပြောလာပေမယ့်

စိတ်ကတော့ရွှင်လန်းနေကြလို့ တော်သေးရဲ့။

ဘယ်လိုပဲကြိုးစားကြိုးစား (၁၀၈) နှစ်မြောက်ပါတော်မူနေ့ကို ဘယ်လိုမှ မမီနိုင်တော့လို့ နောက်တစ်ပတ် ရွှေ့ဆိုင်းလိုက်ရတယ်။ ဘီမင်လေယာဉ်ကလည်း တစ်ပတ်မှ တစ်ခါပျံသန်းတာကိုး။ ဒီတော့ ၁၉၉၃ ဒီဇင်ဘာလ ၉ ရက် ကြာသပတေးနေ့မှာမှ ခရီးထွက်ဖြစ် ကြတယ်။

အရေးကြီးတဲ့ အချက်တစ်ချက်ဖြစ်လိုက်သေးရဲ့။ သရဏဂုံ တင်တာ သီပေါမင်းတြား နတ်ရွာစံတော်မူခဲ့တဲ့နေ့မှာမှ တင်ရမှာမို့ ပါတော်မူနေ့မှာ မတင်သင့်ဘူးလို့ ပြောလာကြတယ်။ ဒီအချက်က ရိုးရိုးရှင်းရှင်းကလေးပဲလို့ ထင်ရတာပေါ့။ သရဏဂုံတင်တာ နတ်ရွာ စံတော်မူတဲ့နေ့တင်မှ သဘာဝကျတာကိုး။ ဒါပေမဲ့ အဲဒါက ဗုဒ္ဓဘာသာ ဓလေ့ထုံးစံပဲဖြစ်တယ်။ ဘာသာရေးသက်သက်ပဲဖြစ်တယ်။ နိုင်ငံရေး လုံးဝမပါဘူး။ နိုင်ငံရေးအနှစ်သာရဖြစ်တဲ့ အင်္ဂလိပ်နယ်ချဲ့ ဆန့်ကျင်ရေး မပါအောင် လမ်းလွှဲပေးလိုက်သလို ဖြစ်နေတယ်။ သီပေါမင်းတြားကို အင်္ဂလိပ်နယ်ချဲ့က သရဏဂုံတင်ခွင့်မပေးတာကို ပါတော်မူနေ့မှာ တစ်နည်းအားဖြင့် အင်္ဂလိပ်နယ်ချဲ့ ကျူးကျော်တဲ့နေ့မှာ သရဏဂုံတင် တာဟာ နိုင်ငံရေး အနှစ်သာရဖြစ်တယ်။

နတ်ရွာစံတော်မူတဲ့နေ့မှာ သရဏဂုံတင်ရင် ဗုဒ္ဓဘာသာ ဓလေ့ ထုံးစံ ဘာသာရေး အနှစ်သာရသာဖြစ်ပြီး အင်္ဂလိပ်နယ်ချဲ့ရဲ့ လက်မည်း ကြီး ပျောက်နေမှာဖြစ်တယ်။ ဒီလိုဖြစ်ရင် ဘယ်သူ ဝမ်းသာ ကျေနပ်နေ မလဲ၊ ကြိတ်ပြုံးနေမလဲ။

ဒါကြောင့် နောက်ဆုံးမှာ သရဏဂုံတင်အခမ်းအနားမှာ တင်မယ့်နဖူးစီးကို သီပေါမင်းတြားရဲ့ ဒေါင်းတံဆိပ်တော်နဲ့ ဟောဒီလို ရေးဖြစ်သွားတယ်။

# တံဆိပ်တော်

## ဘိုးတော်ဘုန်းတော်ကြီးဘုရား (သီပေါမင်းတြားကြီး) ကို မြေးတော်မြစ်တော် (၇) ဦးတို့က အိန္ဒိယနိုင်ငံ ရတနာဂီရိမြို့တွင် သရဏဂုံတင်အခမ်းအနား ၁၃၅၅ ခုနှစ် တန်ဆောင်မုန်းလဆုတ်(၈)ရက်၊ တနင်္ဂနွေနေ့ (၆-၁၂-၁၉၉၃)

## မြတောင်ကျောက်စာ

(၁) အကကောင်း အတွန့်ကောင်း မြန်မာတို့ရဲ့ဒေါင်းကို စိန်ပြောင်း အမြောက်သေနတ်တွေနဲ့ ဒလစပ်ပစ်ခတ် သတ်လိုက်တော့ သေသွား ရှာပုံကို မြတောင်ကလေး ငိုယင်း မြင်ခဲ့တယ်။

(၂) ကြက်ခြေခတ် အမှတ်တံဆိပ်နဲ့ အလံကြွားကြွားကြီးပျံ့စေပြီး၊ သူတစ်ပါးနိုင်ငံက အဆီအအိမ့် တငြိမ်ငြိမ့်စားကောင်းတုန်း တမိန့်မိန့် စားသောက်တုန်း ဝုန်းဆိုပေါက်ကွဲ အရှေ့နေ နီနီရဲရဲနဲ့ ပြူးတူး ပြဲတဲဝင်လု လူပုလူရှည်တို့ရဲ့ ခွက်ခုတ်သံ မြတောင်ကြားရပြန်တယ်။

(၃) ဒေါင်းငယ်လေးတွေ အသိန်းအသန်း အံ့မခန်းညီညွတ် လွတ်လပ်ဖို့ သွေးစည်းအုံကြွပြီး တော်လှန်အသက်အသွေး အဆုံးခံလို့ အလံနှစ်ခုကို ဖြုတ်ချ မြန်မာမြေပေါ်မှာ အပြာ၊ အနီ၊ အဖြူ အလံသစ်လွှင့်ထူ တရားသူတို့ရဲ့အောင်ပွဲ သဲသဲကွဲကွဲတွေ့မြင် မြတောင်ကြီး ဘဝင်မယ် စင်ကြယ်လို့သန့်ရှင်း။

(၄) ညီညွတ်လျှင်ဘာ
မညီညွတ်လျှင်ဘာ

တရားလျှင်ဘာ
မတရားလျှင်ဘာ
မြတောင်ရဲ့ မျက်နှာမှာ
ကျောက်စာတွေရှာဖွေလို့ ဖတ်ကြရော့
သမိုင်းအမြင် အဆင်ခြင်တတ်ပေလိမ့်
မြတောင်ဆို သူ့အိုမြတ်ရယ်က မှတ်ခဲ့လေခြင်း။

ကဗျာကကောင်းလွန်းလို့ အလွတ်နည်းပါး ရနေပြီ။ တကယ်တော့ ကျွန်တော်တို့ ကိုယ်တိုင်ဘိုးတော်သီပေါမင်းတြားကို သရဏဂုံတင် တာ စွမ်းဆောင်အောင်မြင်ခဲ့လို့ ဒီကဗျာကို သတိရတဲ့နေရာမှာ

မြန်မာမြေပေါ်မှာ
အပြာ အနီ အဖြူအလံလွှင့်ထူ
တရားသူတို့ အောင်ပွဲ သဲသဲကွဲကွဲ တွေ့မြင်
မြတောင်ကြီး ဘဝင်မယ် စင်ကြယ်လို့သန့်ရှင်း။

အပိုဒ်ကို ရွတ်ဆိုမိနေတယ်။ အောက်ဆုံးစာကြောင်းကိုလည်း

သီပေါမင်းတြားအနွယ်တော်ဘဝင်မယ်
စင်ကြယ်လို့သန့်ရှင်း. . . လို့တောင်ပြင်ပြီး ရွတ်ဆိုမိတယ်။

စဉ်းစားကြည့်ကြပါ။ သီပေါမင်းတြားနတ်ရွာစံပြီး (၇၇) နှစ် ကြာမှ အင်္ဂလိပ်နယ်ချဲ့က ခွင့်မပြုခဲ့တဲ့ ဘွားတော်စုဘုရားလတ် ဆန္ဒတော် ရှိတော်မူတဲ့ ဆရာကြီးသခင်ကိုယ်မှိုင်းကိုယ်တိုင် ဆောင်ရွက်ချင်တဲ့ သရဏဂုံတင်မှုကို စွမ်းဆောင်နိုင်ခဲ့ကြလို့ 'ဘဝင်မယ် စင်ကြယ်လို့ သန့်ရှင်း' ဖြစ်ကြတယ်။

တိုတဲ့ဘောင်းဘီတွေကိုရှည်၊ ရှည်တာတွေကိုတို၊ ကျဉ်းတာတွေ ကိုကျယ်၊ ကျယ်တာတွေကိုကျဉ်း၊ အနွေးထည်တွေရှာကြ၊ ငှားကြ အလုပ်ရှုပ်နေကြလို့ အရေးကြီးအချက်ကို မေ့နေကြလို့ ကျွန်တော်ရဲ့ ဇနီးကပြောမှ သတိရကျေးဇူးတင်ကြရတယ်။ ပိတ်ဖြူဝတ်ကြရမယ့်

အချက်။

မြန်မာအနွယ်တော်တွေက ဝမ်းနည်းတဲ့အထိမ်းအမှတ်အဖြစ် အဖြူရောင်ဝတ်ဆင်ပြရတာမို့ ဝတ်ဖြူ (၇) စုံနဲ့ တဘက် (၇) ခုကို အပြေး-အလွှားချုပ်ကြရတာပေါ့။ စျေးတွေက ခေါင်ခိုက်နေလို့ သင့်တော်ယုံ၊ အမျိုးအစားဝယ်ကြရတာမို့နေရောင်ခြည်ထဲ ခြေလှမ်း ကျဲကျဲ မလှမ်းမိအောင် သတိထားကြရတယ်။

လေယာဉ်ပျံပေါ်က ဒါက္ကာမြို့ကို ညဘက်ကြည့်ရတော့ စိန်၊ ပတ္တမြား၊ နီလာ၊ မြ၊ ပုလဲ၊ ပယင်း ကျောက်မျက်ရတနာမျိုးစုံ ဖြန့်ကြဲထားသလို ကြည့်လို့ကောင်းလှတယ်။ တမျှော်တခေါ်ကြီးပဲ ကြည့်လေလှလေ။

ဒါက္ကာနိုင်ငံတကာလေဆိပ်က အတော်သပ်ရပ်တယ်။ လူနဲ့ ပစ္စည်းစစ်ဆေးရာမှာလည်း သိပ်မကြာလှဘူး။ နားနားနေနေ ထိုင်ဖို့ အိနေတဲ့ဆိုဖာတွေ၊ အဆာပြေစားသောက်ဖို့ အပူအအေးမျိုးစုံ၊ ဘင်္ဂလားဒေ့ရှ်ထွက်ပစ္စည်းတွေကို နေရာပေးထားသလို နိုင်ငံခြားလုပ်ပစ္စည်းတွေလည်း ရောင်းချတယ်။

ဒါကာလေဆိပ်မှာ မြန်မာသံအမတ်ကြီး ဦးလှမြင့်ဦးနဲ့ အဖွဲ့က မြန်မာဘောလုံးအသင်းကိုရော ကျွန်တော်တို့ အနွယ်တော်တွေကိုပါ လာကြိုဆိုကြတယ်။ ဦးလှမြင့်ဦးနဲ့ မဟာစန္ဒကုမာရ ဦးစိုးဝင်းတို့က အမေရိကန်ဝါရှင်တန်ရှိ မြန်မာသံရုံးမှာ အတူတူ အလုပ်လုပ်ခဲ့ကြဖူးတော့ ပိုအဆင်ပြေသွားတာပေါ့။

ခရီးသည်တင် ဘတ်စ်ကားကြီးကတော့ ဟောင်းသလား မမေးနဲ့၊ စက်ကဆူညံ မီးခိုးတစ်လုံးလုံးကြားထဲမှာ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ် စကားသံတွေက ပွက်လောရိုက်နေတယ်။ တချို့ခရီးသည်တွေ မတ်တပ်ရပ်လိုက်ကြသေးရဲ့။

လူနဲ့ပစ္စည်းတွေ စစ်ဆေးပြီးတော့ ဘတ်စ်ကားကြီးက လေဆိပ်

ကနေပြီး အများသုံးလမ်းမကြီးပေါ်ထွက်တော့မှာမို့ ဥဒဟို သွားလာနေကြတဲ့ ကားကြီးကားငယ် စက်ဘီးတွေများလွန်းလို့ ခဏရပ်စောင့်နေတုန်း အော်သံဟစ်သံတွေကြားရပြီး ဘတ်စ်ကားကြီးပေါ်ကို သူတောင်းစားကလေးတွေ အစုလိုက်အပြုံလိုက် ပြေးတက်လာကြတယ်။ လေယာဉ်ဝန်ထမ်းတွေက တွန်းချ၊ ကန်ချ၊ ဆဲကြ၊ ဆိုကြနဲ့ ဆူညံသွားတယ်။ လစ်ရင်လစ်သလို ပစ္စည်းခိုး၊ ပစ္စည်းလုယူသွား တတ်တယ်လို့ ပြောကြရဲ့။

ဘီမင်လေယာဉ်ကုမ္ပဏီက ပါလာတဲ့ခရီးသည်တွေကို ညအိပ် ဖို့ ဟိုတယ်တွေလိုက်ပို့ပေးတော့ ကျွန်တော်တို့ကို (Sundarban) ဆန်ဒါဘန်ဟိုတယ်မှာ စီစဉ်ပေးတယ်။ မဆိုးပါဘူး။ ဒါပေမယ့် ဓါတ်လှေကားမရှိတော့ လေးထပ်မှာ အခန်းတွေပေးထားလို့ ဆင်းရတက်ရတာ မလွယ်လှဘူး။

ဟိုတယ်မှာ နားနေကြတုန်း မြန်မာသံအမတ်ကြီး ဦးလှမြင့်ဦး၊ စစ်သံမှူးဗိုလ်မှူးကြီးမြင့်ဝေတို့အဖွဲ့ လာပြီးနှုတ်ဆက်ကြသေးတယ်။ ညသန်းခေါင်နီးနေလို့ အားနာနေမိကြရဲ့။
ကျွန်တော်တို့ ညစာစားတော့ သန်းခေါင်ကျော်နေပြီ။ ကျွန်တော်က ကျန်းမာရေးချူချာတော့ စားသာစားရတယ်။ စိတ်တ ထင့်ထင့်နဲ့။ ဘင်္ဂလားဒေ့ရှ်ဟင်းတွေမို့လား၊ မဆလာနံ့က မွှေးနေတာပေါ့။ ဒီတော့ အစာကြေဆေးအားကိုးပြီး စားပစ်လိုက်တယ်။ ညဘက်မပြောနဲ့ ညနေမှာတောင်မစားတဲ့ သီးမွှေးငှက်ပျောသီးတွေ လာပေးတော့ စိတ်အတော်လှုပ်ရှားသွားတယ်။ ရန်ကုန်မှာ မြင်နေကျ၊ စားနေကျထက် နှစ်ဆလောက် တုတ်ပြီးရှည်နေပြီး မွှေးလိုက်တာကလဲ မပြောနဲ့တော့။ စားမယ်လုပ်တော့ အရိပ်တကြည့်ကြည့်လုပ်နေတဲ့ အစ်မတော် ထိပ်စုဘုရားကြီးက 'ဖြစ်ပါ့မလား၊ တော်ကြာ ဗိုက်နာ ဝမ်းသွားနေအုံးမယ်' တဲ့။ အားလုံးကလည်း စားနေမကျရင် မစားစေချင်ကြ။ ဘာပဲဖြစ်ဖြစ်

စားပစ်လိုက်တယ်။ အရသာရှိလိုက်တဲ့ဖြစ်ခြင်း။

အိပ်ခန်းထဲမှာ မြန်မာအခေါ် 'စလောင်းတီဗွီ' (Star TV) ရှိနေတော့ မအိပ်သေးပဲကြည့်နေမိတယ်။ ကိုယ့်ဗိုက်ကိုလည်း စောင့်ကြည့်တဲ့သဘော။

အစ်မတော်ကြီးက ဗိုက်ဘယ်လိုနေသလဲ ဆေးကြိုသောက်ထားရင် ကောင်းမယ်လို့ တဖွဖွပြောနေလို့ 'စလောင်း' ကြည့်ရတာ အနှောင့်အယှက်ဖြစ်နေသလိုပဲ။

အိပ်ရာထဲ ဝင်တော့ မနက် (၃) နာရီ၊ ဗိုက်ကလည်းအိုကေ၊ (၈)နာရီထိုးလို့ နိုးတော့အဆင်ပြေ။ ဒါက္ကာမြို့မှာရှိနေတုန်း မြန်မာသံအမတ်ကြီး ဦးလှမြင့်ဦးက သူ့အိမ်မှာမြန်မာနေ့လည်စာကျွေးပြီး ခါတ်ပုံလည်းရိုက်တယ်။ ပြန်ပို့တော့ ဒါကာမှာ စည်ကားတဲ့နေရာတွေကို လိုက်ပြစေတယ်။

ဒီမှာလည်း နိုင်ငံခြားကြော်ငြာတွေ နိုင်ငံခြားကုမ္ပဏီတွေ အရှုံရှုံပဲ၊ မြန်မာမှာ ဈေးကွက်စီးပွားရေးသာ မကျင့်သုံးသေးဘူးဆိုရင် ဒါကာမှာ မြင်ရတဲ့ မြင်ကွင်းက ထူးဆန်းနေမှာပဲ။ မြန်မာမှာ ဒီမြင်ကွင်းက နှစ်ပေါင်း နှစ်ဆယ်ကွယ်ပျောက်နေခဲ့တယ် မဟုတ်လား။ ရန်ကုန်မှာလည်း နိုင်ငံခြားကြော်ငြာတွေနဲ့ နိုင်ငံခြားကုမ္ပဏီတွေမြင်နေရတာပဲ။ ဒါကာထက် ရန်ကုန်က သာလွန်နေတာကတော့ ဟိုတယ်၊ မိုတယ်၊ အင်းတွေနဲ့ တည်းခိုခန်းတွေဖြစ်တယ်။

**စိန်ခြယ်၊ ဇန်နဝါရီ ၁၉၉၅**

⇨ ⇨

## ရတနာပုံ မှ ရတနာဂီရိ သို့ (၃)

## ဒက္ကာ၊ ကာလကတ္တား၊ ဘုံဘေ၊ ရတနာဂီရိ

ရန်ကုန်မှာ ဂျပန်မော်တော်ကားတွေ စီးနေကြရတော့ ဒါက္ကာ မှာ မြန်မာသံအမတ်ကြီးရဲ့ မာစီးဒီးကားစီးရလို့ တစ်မျိုးခံစားမိရဲ့။ ဟိုတယ်ကနေ ဒါက္ကာနိုင်ငံတကာ လေဆိပ်သွားကြတုန်း ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် မော်တော်ကားလမ်းကြောင်းနဲ့ကြုံရလို့ အဲဒီကားတန်းကြီး သွားနေချိန် တခြားကားတွေ လမ်းဘေးကပ်ရပ်ထားကြရတော့ ဒါမျိုး ရန်ကုန်မှာ ကြုံဖူးနေပြီမို့ ငေးကြည့်နေမိတယ်။ လမ်းပေါ်က လူတွေ ကတော့ ဘာမှမထူးသလို သွားမြဲလာမြဲ ရောင်းမြဲ ဝယ်မြဲ စကားပြော ရယ်မောနေမြဲ။

### ကာလကတ္တား

တကယ်တော့ ဒါက္ကာကနေပြီး ကာလကတ္တားကို မနက် ၁၀ နာရီခွဲ ထွက်ဖို့ဖြစ်ပေမယ့် အဲဒီခရီးစဉ်ဖျက်သိမ်းလိုက်လို့ ညနေ ၅ နာရီမှ ထွက်ဖြစ်ကြတယ်။

ဒီတစ်ခါစီးကြရတဲ့လေယာဉ်ပျံက အတော်ကလေးကြီးတယ်။ ပထမတော့ ကျွန်တော်တို့က ရိုးရိုးတန်းမှာပဲ၊ ဒါပေမယ့် လေယာဉ်ပျံ နေတုန်း လေယာဉ်မယ်လာခေါ်လို့ ရှေ့တန်းရောက်သွားကြတော့ ကျယ်ကျယ်ဝန်းဝန်းနေရာရကြလို့ ခြေဆန့်လက်ဆန့်နဲ့ သက်တောင့် သက်သာ နေနိုင်ကြတယ်။ ဘာကြောင့် ဒီလိုရိုးရိုးတန်းကနေ အထူးတန်း ရောက်သွားကြရသလဲဆိုတာ အဖြေညှိကြည့်ကြပေမယ့် ပဟေဠိပါပဲ။

ကလကတ္တားလေဆိပ်ရောက်တော့ ညဖြစ်နေပြီ။ လူစစ်ဆေး၊ ပစ္စည်းစစ်ဆေး၊ ပစ္စည်းရွေးချယ်နေကြလို့ အတော်ညဉ့်နက် သွားတယ်။

လေဆိပ်မှာ နယူးဒေလီရှိ မြန်မာသံရုံးရဲ့အကြောင်းကြားထား တာကြောင့် ဆရာတော် ဦးကောဝိဒနဲ့ မြန်မာသံရုံးအမှုထမ်းဟောင်း မစ္စတာချောင်ဒရီတို့ လာကြိုကြတယ်။ လေဆိပ်ကကြီး၊ ခရီးသည် တွေကများ ဟိုမေးရ ဟိုသွားရဖြစ်နေကြလို့ ဒီလိုသာ လာမကြိုကြရင် သောင်ပြင်လွတ်ထားတဲ့ အနွယ်တော်တွေဖြစ်နေကြမလားပဲ။

ကျွန်တော့်မှာ ဝါသနာတစ်ခုရှိတယ်။ ပြည်တွင်းမှာ ဖြစ်ဖြစ် ပြည်ပမှာဖြစ်ဖြစ် ခရီးသွားရင်စီးနေတဲ့ မော်တော်ကားတို့ သင်္ဘောတို့၊ မီးရထားတို့၊ လေယာဉ်ပျံတို့အပေါ်ကနေပြီး ဖြစ်နိုင်ရင် အဲဒီယာဉ်တွေရဲ့ အမှတ်နဲ့ထိုင်ခုံအမှတ်ပါရေးထည့်ပြီး ဇနီးဆီစာပို့လေ့ရှိတယ်။ နိုင်ငံခြား ဗဟုသုတရော၊ နိုင်ငံခြား တံဆိပ်ခေါင်းတွေပါရတာပေ့ါ။

ဒီလိုစာရေးတတ်တဲ့ဝါသနာအတိုင်း ကလကတ္တား လေဆိပ် ကနေ စာထည့်မယ်လုပ်တော့ ‘စာတိုက်ဝန်ထမ်းတွေသပိတ်မှောက် နေကြတယ်’ လို့ ရေးထားတဲ့စာတမ်းကြီးကို ဖတ်ရတော့ စိတ်အတော် လှုပ်ရှားသွားတယ်။ နှစ်ပေါင်း (၃၀) လောက်မမြင်ရတဲ့ မြင်ကွင်း ဖြစ်နေ တာကိုး။ ရန်ကုန်မှာက သပိတ်မှောက်တာမရှိလို့ ကိုယ်ကြိုက်တဲ့အချိန် စာထည့်လိုက်လို့ရနေတယ်မဟုတ်လား။

လေဆိပ်မှာစကားပြောနေကြရင်း သန်းခေါင်ကျော်သွားလို့

အတော်ကလေးသွားရမယ့်မြို့ထဲ ဟိုတယ်မှာတည်းခိုဖို့ မလွယ်တော့ဘူး။ နိုင်ငံခြားငွေ (ဒေါ်လာ) သုံးရမှာကို မလုပ်ချင်ကြဘူး။ ဒီတော့ လေဆိပ်အပေါ်ဆုံးထပ်မှာရှိတဲ့ အများအိပ်ဆောင် (Dormitory) မှာပဲ တည်းခိုလိုက်ကြရတယ်။ တစ်သက်နဲ့တစ်ကိုယ် တည်းခိုဖူးတာပဲ။

အိပ်ဆောင်တံခါးဖွင့်လိုက်တာနဲ့ တပြိုင်တည်း လူငွေ့တွေ နွေးခနဲလာရိုက်ပြီး အနံ့မျိုးစုံကို စူးခနဲရှုလိုက်ရလို့ ဖြစ်မှဖြစ်ပါ့မလားလို့ တွေးမိကြတယ်။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့် မဲ့ပြုံးပြုံးကြ၊ ပခုံးတွန့်ကြဖြစ်ကုန်ကြရော (ဒါကတော့ စိန် (Saint) ကျောင်းထွက်တွေရဲ့ 'ဘို' အပြုအမူလက်ကျန်ကလေးတွေဆိုပါတော့)

အိပ်ရာတွေက တစ်ယောက်အိပ်ပြီးသွားယင် နောက်တစ်ယောက် ဝင်အိပ်လိုက်ရုံပဲ။ ဘာခေါင်းအုံးစွပ်၊ ဘာအိပ်ရာခင်းသစ်တွေမှ လဲမပေးဘူး၊ စောင်နဲ့ခြင်ထောင်လဲ မပေးဘူး။

ကျွန်တော်တို့ရောက်သွားကြတော့ ခုတင်တစ်လုံး လိုနေတယ်။ ဒီတော့ အဆောင်မှူးက သူ့ကုတင်ကိုပေးပေမယ့် သူကနောက်ဆုံး ပေါ် 'အိပ်မက်ခုတင်' (Dream Bed) နဲ့အိပ်မှာမို့ ခေါင်းအုံးနဲ့စောင် ယူထားလိုက်တယ်။

တော်ဘုရားငယ် / ဦးသန့်ဇင်က ဂျပန်ခေတ်ဗမာ့ကာကွယ်ရေး တပ်မတော် ဝင်ရောက်ခဲ့ဖူးတယ်။ ရဟန်းဘဝနဲ့ တောကြီးမျက်မည်းမှာ နေခဲ့ဖူးတယ်။ အခုလည်း ကျန်းမာရေးကောင်းသေးတယ် (တစ်ခါတစ်လေတော့ ချောင်းတော်တော်ဆိုးတယ်) ဒီတော့ ဒီလို ခေါင်းအုံးနဲ့စောင်မရပေမယ့် ကွမ်းသွေးတွေပေကျံပြီး ပေါက်ပြဲနေတဲ့ အိပ်ရာခင်းဖြစ်နေပေမယ့် သူအိပ်ပါမယ်လို့ လိုလိုချင်ချင် ပြောလာတော့ သဘောတူလိုက်တယ်။ မကြာပါဘူး ဟောက်သံသဲ့သဲ့နဲ့ အိပ်ပျော်သွားရော။

အမျိုးသမီးတွေကို ခါးလောက်မြင့်တဲ့ သုံးထပ်သားတွေနဲ့

ကာပေးထားပြီး တစ်ခန်းနှစ်ယောက်ထားပေမယ့် မကြည့်ချင်ပေမယ့် မြင်နေရက်သားဖြစ်နေတာပေါ့။ ဆာရီဝတ်တွေမို့ လုံခြုံကြသလို ဘောင်းဘီရှည်ဝတ်ထားသူတွေလဲ ခြေဖဝါးပေါ်ကြတယ်။ ဂါဝန်တို စကဒ်တိုနဲ့နဲ့ ဝတ်ထားသူတို့တော့ ဖုံးဟယ်ဖိဟယ်ဖြစ်ကြရရှာတယ်။ ထိပ်စုဘုရားကြီးနဲ့ထိပ်စုဘုရားထွေးတို့က နောက်ဆုံးကျန်နေတဲ့ အခန်းကလေးရလို့ ဟန်ကျသွားလေရဲ့။

အိပ်ဆောင်က လူလေးငါးဆယ်လောက်ဆန့်မယ်။ လူမျိုးစုံပဲ၊ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်လူမျိုးတွေများပေမယ့် ဟစ်ပီ (Hippy) ခေါ်တဲ့ ဖြစ်သလို သွားလာနေထိုင်စားသောက်ကြတဲ့ အဖြူတွေလဲပါတယ်။ တချို့များ အင်္ကျီဘောင်းဘီ၊ ဖိနပ်၊ လက်ကောက်၊ ဆွဲကြိုးတွေမှာ ချူတွေ ဆွဲထားလို့ လှုပ်ရှားတိုင်း ချူသံက တချွင်ချွင် ဂီတာတွေလဲပါလိုက်သေး၊ အလိုက်သိစွာနဲ့မတီးကြလို့ပေါ့။

ကောင်းကောင်းအိပ်ရတယ်မရှိပါဘူး။ အိပ်နေကျမဟုတ်တာ ရယ်၊ ခရီးသည်တွေ ဝင်လိုက်ထွက်လိုက်လုပ်နေကြတာရယ်၊ ချောင်းဆိုးကြ ဟောက်ကြတာရယ်၊ စကားပြောကြတာရယ်၊ အနံ့အသက် မကောင်းတာ ရယ်၊ ခြင်နဲ့ဂျပိုးကိုက်တာရယ်၊ ကြုံနေရတာကိုး။ ဒီကြားထဲ ရှူးဖိနပ် အမြဲစီးထားပြီး ချွေးစိုနေတဲ့ ခြေအိတ်ကိုချွတ်လိုက်လို့ ချဉ်စုတ်စုတ်အနံ့က ထွက်လာလိုက်သေးရဲ့။

မနက်ထကြတော့ အိမ်သာတန်းစီကြရတယ်။ သုံးသွားသူ တချို့ က ရေဆွဲမသွားလို့ မစင်အနံ့တထောင်းထောင်း၊ တချို့ နောက်ဘေး သွားထားလိုက်တာ ဘေးတွေ သမံသလင်းတွေပေါ် ပြန့်ကျဲနေလိုက်သေး။ ရေကအားနည်းတော့ စောင့်သုံးရတဲ့ဒုက္ခ။

## အမျိုးသားသိက္ခာ

ကျွန်တော်တို့ မောင်နှမတွေကမချမ်းသာကြပါဘူး။ ဒါပေမဲ့

အနွယ်တော်ဖြစ်တဲ့အတိုင်း စည်းကမ်းရှိကြတယ်။ သန့်ရှင်းကြတယ်။ ကိုယ်သိက္ခာကို ထိန်းသိမ်းကြတယ်။

အထူးသဖြင့် နိုင်ငံခြားသားတွေရှေ့နဲ့ နိုင်ငံခြားတွေ ရောက်နေကြရင် ပိုပြီးထိန်းသိမ်းကြတယ်။ ကိုယ့်နိုင်ငံကိုယ့်ပြည်သူနဲ့ ကိုယ့်အနွယ်တော်ရဲ့ဂုဏ်သိက္ခာကို ထိပါးမှုမှန်သမျှကိုမလုပ်ကြ။ တတ်နိုင်သလောက် အဝတ်အစား အစားအသောက် ကိုယ်လက်နှုတ် လှုပ်ရှားမှုတွေကို သတိထားကြတယ်။ ကိုယ့်ကြောင့် မြန်မာနဲ့ အနွယ်တော်တွေကို လူမျိုးခြားတွေက အထင်သေးအောင် ရှုပ်ချ အောင်မလုပ်ကြ။

တကယ်တော့ ဇာတိသွေးဇာတိမာန်နဲ့ မျိုးချစ်ပြည်ချစ်စိတ်ဓါတ်တို့ဟာ မိမိကိုယ်တိုင်ရှိမှ မိမိကိုယ်တိုင်သိမှ မိမိကိုယ်တိုင်ကျင့်သုံးမှ အစစ်အမှန်ဖြစ်တယ်။ ဟန်ဆောင်လို့ အတုလုပ်လို့ ရနိုင်တာမျိုးမဟုတ်။

အမျိုးသားသိက္ခာဟာ မိမိအတွက်၊ မိမိမိသားစုအတွက်သာမဟုတ်၊ မြန်မာရဟန်းရှင်၊ လူ၊ ပြည်သူတွေနဲ့ မျိုးဆက် အဆက်ဆက်ရှိကြ၊ သိကြ၊ ကျင့်ကြရမယ့်၊ စောင့်ထိန်းကြရမယ့်၊ ရှင်သန် တိုးတက်နေစေရမယ့် အမျိုးသားသိက္ခာဖြစ်ရမယ်။

မနက်စာကို လေဆိပ်စားသောက်ခန်းမှာပဲစားသုံးကြတယ်။ တကယ့်ကို 'ဘို' စာတွေ၊ ကော်ဖီ၊ ပေါင်မုန့်မီးကင်၊ ထောပတ်၊ လိမ္မော်ယို၊ ဝက်ပေါင်ခြောက်၊ ကြက်ဥကြော်၊ အာလူးကြော်၊ ဒါမျိုးနဲ့ ဝေးနေရတာကြာပြီ။ အခြားခရီးသည်တွေကလည်း ဒါမျိုးတွေ စားသောက်နေကြတော့ ဣန္ဒြေဆည်စားသောက်နေကြရပေမယ့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြတယ်။ အထူးသဖြင့် အမေရိကန်ဒေါ်လာကိုင်ထားရတဲ့ ဘဏ္ဍာရေးမှူးမဟာစန္ဒကုမာရ / ဦးစိုးဝင်းမျက်နှာ၊ သူက ငွေချေရမယ်လေ။

နိုင်ငံခြားထုံးစံလိုဖြစ်နေတာက ငွေချေလိုက်လို့ ပြန်အမ်းငွေကို

ပြန်မယူတော့ဘဲ စားပွဲထိုးကိုပေးလိုက်တာဖြစ်တယ်။ သူက ဒေါ်လာ အထပ်လိုက်ထဲက ငွေချေလိုက်ပြီး ပြန်အမ်းငွေကို စားပွဲထိုးကို ပေးလိုက်တဲ့မျက်နှာထားဟာ ခေတ်စကားနဲ့ပြောရရင် တော့ 'အကယ်ဒမီရှော့တ်'

'အတော်ကုန်သွားတယ်၊ ဒါပေမယ့် နိုင်ငံခြားသားတွေရှေ့မှာ ဒီလိုပဲ သိက္ခာရှိရှိ စားသောက်ပြရမှာပဲ' လို့ ပြောလိုက်တာကလဲ 'ထပ်ဆင့် အကယ်ဒမီရှော့တ်' ပဲပေါ့။

## ဘုံဘေ

ဒီဇင်ဘာ (၉) ရက်၊ ဒါက္ကာရောက်။

ဒီဇင်ဘာ (၁၀) ရက်၊ ကလကတ္တားရောက်။

ဒီဇင်ဘာ (၁၁) ရက်၊ ကလကတ္တားက မြန်မာကျောင်း ဆရာတော် ဦးကောဝိဒကိုပင့်ပြီး ဘုံဘေကို အတူထွက်ခဲ့ကြတယ်။ ဒီမှာလဲ လေယာဉ်ပျံနှစ်နာရီနီးပါး နောက်ကျပြန်ရော။

ကလကတ္တား-ဘုံဘေ လေယာဉ်ခရီးက နှစ်နာရီခွဲလောက် ကြာလို့ ငြီးငွေ့လာရော ပါတော်မူရရှာတဲ့ဘိုးတော် သီပေါမင်းတြားနဲ့ ဘွားတော်စုဘုရားလတ်တို့ကို သွားသတိရမိတယ်။

အရှင်နှစ်ပါး ပါတော်မူတော့ဘွားတော်စုဘုရားလတ်မှာ တတိယသမီးတော်ကို လွယ်ထားတဲ့ကိုယ်ဝန်က ခြောက်လ ခုနှစ်လလောက် ရှိနေတော်မူပြီ။ ဒီလိုမပေ့ါမပါးနဲ့ မန္တလေး၊ ရန်ကုန်နဲ့ အိန္ဒိယနိုင်ငံ မဒရပ်စ်ကို နှစ်ဆင့်ပါတော်မူခဲ့ရရှာတယ်။

(၁၀) ဒီဇင်ဘာ ၁၈၈၅ မှာ ရန်ကုန်ကနေပြီး သင်္ဘောနဲ့ ထွက်ခဲ့တာ (၁၄) ဒီဇင်ဘာမှာ မဒရပ်စ်ရောက်တော်မူကြတယ်။ လေးရက်ပင်လယ်ခရီး။

(၁၀) ဧပြီ ၁၈၈၆ မှာ မဒရပ်စ်ကနေပြီး သင်္ဘောနဲ့ထွက်ခဲ့တာ ၁၆ ဧပြီမှာ ရတနာဂီရိကိုရောက်တော့ အဲဒီညသင်္ဘောပေါ်မှာ အိပ်ကြ

ရတယ်။ ခြောက်ရက်ပင်လယ်ခရီး။

ဘွားတော်စုဘုရားလတ်က တတိယသမီးတော်ကို (၉) မတ် ၁၈၈၆ မှာ မွေးဖွားသန့်စင်တော်မူပြီး (၁၀) ဧပြီမှာ ခြောက်ရက် ပင်လယ်ခရီးထွက်တော်မူရလို့ သွေးနုသားနု တစ်လလောက်ပဲ ရှိသေးတယ်။ ဒါတွေအားလုံး တန်းစီကြည့်ရင် ဘွားတော်စုဘုရားလတ်ဟာ

- ပါတော်မူတော့ကိုယ်ဝန်ခြောက်လ
- ရန်ကုန်က မဒရပ်စ်ကို ပင်လယ်ခရီးနဲ့ အပို့ခံရတော့ ကိုယ်ဝန်ခုနှစ်လ
- မဒရပ်စ်က ရတနာဂီရိအပို့ခံရတော့ တတိယသမီးတော်ကို မွေးဖွားသန့်စင်တော်မူပြီး သွေးနုသားနုတစ်လ
- ရန်ကုန်-မဒရပ်စ်-ရတနာဂီရိ ပင်လယ်ခရီးရက်ပေါင်း ၁၀ ရက် တွေ့ကြုံခံစားတော်မူခဲ့ရရှာတယ်။

ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှာန်းနဲ့ နိုင်ငံတော်ရဲ့အထွတ်အထိပ်ဖြစ်တော်မူခဲ့တဲ့ သီပေါမင်းတြားရဲ့ အဂ္ဂမဟေသီမိဖုရားခေါင်ကြီး စုဘုရားလတ်ဟာ ဒီလိုပြင်းထန်လှတဲ့၊ ရက်စက်လှတဲ့၊ စော်ကားလှတဲ့၊ မိုက်ရိုင်းလှတဲ့ဒဏ်တွေကို အလူးအလဲ ခံရတော်မူရရှာတယ်။

ဘာကြောင့်လဲဆိုတာကတော့ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားပါတယ်။ အင်္ဂလိပ်နယ်ချဲ့ကို နောက်ဆုံးထွက်သက်အထိ အနိုင်မခံအရှုံးမပေးခဲ့လို့ အင်္ဂလိပ်နယ်ချဲ့က ပရိယာယ်ဝေဝုစ်နဲ့ လက်စားချေခဲ့တာ မဟုတ်လား။

ဒီလောက် ဒီဒဏ်တွေကို အလူးအလဲခံတော်မူရပြီး ရတနာဂီရိမှာ စိတ်ရောကိုယ်ပါ နှစ်ပေါင်းသုံးဆယ်ကျော် အကျယ်ချုပ် ခံနေတော်မူရတုန်း သီပေါမင်းတြားနတ်ပြည်စံတော်မူတော့ မိမိဆန္ဒတော်အတိုင်း သရဏဂုံတင်ခွင့်မရလို့ အလောင်းတော်ကို သွပ်ခေါင်းနဲ့အလုံပိတ်ပြီး ရတနာစံအိမ်တော်မှာ မိမိနဲ့နှစ်နှစ်ကျော် အတူထားရှိခဲ့တော်မူတာကို

သိခဲ့ကြံုခဲ့ရတဲ့ ကျွန်တော်ရဲ့မယ်တော် (စတုတ္ထသမီးတော်)က စုဘုရားလတ်ကို 'အာဇာနည်မဟေသီ' လို့ အမိန့်ရှိတော်မူခဲ့တာ မမှားပါဘူး။

ဘုံဘေကိုရောက်ကြတော့ ညနေဖြစ်နေပြီ။ လေဆိပ်မှာ မြန်မာသံမှူး ဦးကျော်ဟိန်းနဲ့အဖွဲ့က ကြိုဆိုတယ်။ မော်တော်ကားသုံးစီး စီစဉ်ထားပြီး ရတနာဂီရိကို တောက်လျှောက်သွားဖို့ အကြံပေးတယ်။

ကျွန်တော်တို့က အသက်ကြီးကြပြီး ခရီးလည်းပင်ပန်းလာကြ တော့ နားချင်ကြတယ်။ အထူးသဖြင့် ညကအများအိပ်ဆောင်မှာ ကောင်းကောင်းမအိပ်ခဲ့ကြရတော့ ပိုပြီးနွမ်းနယ်နေကြရတာပေါ့။ ဒါပေမဲ့ ဘုံဘေမှာတစ်ညအိပ်ကြရင် ဟိုတယ်ခ၊ စားသောက်ခ၊ သွားလာခတွေ ရှိလာမယ်။ ဒီတော့ 'ဘတ်ဂျက်' လိုငွေမပြရအောင် မော်တော်ကားပေါ် နွမ်းနွမ်းခွေခွေ မချိတချိ အပြုံးနဲ့ အားကြုံးတက်လိုက်ကြရတယ်။

ရှေ့ဆုံးလမ်းပြမော်တော်ကားမှာ သံမှူးဦးကျော်ဟိန်း၊ တော်-ဘုရားမြတ်ကြီးနဲ့ထိပ်စုဘုရားထွေး။

ဒုတိယမော်တော်ကားမှာ ဆရာတော်ဦးကောဝိဒ၊ တော်ဘုရား ငယ်နဲ့တော်ဘုရားကလေး။

တတိယမော်တော်ကားမှာ ထိပ်စုဘုရားကြီးတော်ဘုရားနဲ့ မဟာစန္ဒကုမာရဦးစိုးဝင်း။

ကလကတ္တားမှာလိုပဲ ဘုံဘေမှာ နိုင်ငံခြားကြော်ငြာတွေနဲ့ နိုင်ငံခြားကုမ္ပဏီတွေကို မြင်နေရတယ် ပိုတောင်များနေရဲ့။

ထူးခြားချက်က မော်တော်ကားတွေ သိပ်များနေတာဖြစ်တယ်။ မော်တော်ကားကြီးတွေက အများဆုံးပစ္စည်းသယ်တဲ့ကားကြီးတွေနဲ့ ခရီးသည်တွေတင်တဲ့ကားကြီး (ဘတ်စ်ကားကြီး)တွေ နှစ်ထပ်ကားကြီး တွေလဲပါရဲ့။ ဒီကားကြီးတွေဟာ သီးသန့်ယာဉ်ကြောနဲ့သွားလာကြရ တယ်။ တစ်ခါတစ်လေ ကားတန်းကြီးက မျက်စေ့တဆုံး။ မော်တော်ကား

တွေများလွန်းတော့ ဖုံတွေ အိတ်ဇောမီးခိုးတွေ၊ ဓါတ်ဆီနံ့နဲ့ ဒီဇယ်ဆီနံ့တွေ တထောင်းထောင်း၊ ဒီကြားထဲသုံးဘီးကား ကလေးတွေ၊ စက်ဘီးတွေ၊ လက်တွန်းလှည်းတွေကလည်း မနည်းလှဘူး၊ လူတွေကလဲ ဟိုက ဖြတ်လိုက်၊ ဒီကဖြတ်လိုက် မော်တော်ကား စီးရတာရင်တမမ။ ဒါပေမဲ့ ယာဉ်တိုက်မှု အတော်နည်းကြောင်း သိရတယ်။

ယာဉ်ထိန်းရဲတွေရဲ့ခရာမှုတ်သံ တဝီဝီကြားနေရပြီး ဂိုက်တစ်ရာမှာ တစ်ယောက်လောက် လက်ထဲမှာကြိုးမဲ့ဖုန်းကိုင်ပြီး ရှိနေတတ်တယ်။ လမ်းဆုံလမ်းခွကြီးတွေမှာတော့ အရာရှိရော ရဲသားပါလေးယောက် ရှိရုံမက မော်တော်ဆိုင်ကယ်တွေလဲအသင့်ပဲ။

ဒီလိုမော်တော်ကားကြီးတွေမြင်ရတော့ ဒီမြို့ကြီးတွေနဲ့ ဒီနိုင်ငံမှာ ဘယ်လောက် အလုပ်လုပ်နေကြတယ်လို့ သိသာတာပေါ့။ အထူးသဖြင့် ဒီကုန်တင်ကားကြီးတွေနဲ့ စက်တွေဆောက်လုပ်ရေး ပစ္စည်းတွေ၊ စားသုံးကုန်ပစ္စည်းတွေ အပြည့်တင်သွားတာမို့ ကုန်စည် စီးဆင်းမှုများတဲ့အတွက် ဒီနိုင်ငံနဲ့ပြည်သူတွေရဲ့ စားဝတ်နေရေးဟာ ဖွံ့ဖြိုးတိုးတက်သထက် ဖွံ့ဖြိုးတိုးတက်မယ့်လက္ခဏာတွေ မဟုတ်လား။

မော်တော်ကားကြီးတွေနဲ့ စာကြည့်ရင်မှန်ကား အထူးသဖြင့် ဇိမ်ခံကားတွေ နည်းနေတာလဲသတိပြုမိတယ်။ အင်မတန်အားရဖို့၊ အားကျဖို့ ကောင်းတာကတော့ မော်တော်ကားကြီးကားငယ်တွေ အားလုံးလိုလို အိန္ဒိယအမည်တွေ (ဟိန္ဒူစတန်၊ မုရတိ၊ အာသောက၊ ဂျေဟင်း၊ ဇင်းဒဘတ်စသည်) ဖြစ်ကြတယ်။ အကြောင်းရင်းက အိန္ဒိယနဲ့ နိုင်ငံခြား မော်တော်ကား ကုမ္ပဏီတွေဖက်စပ်ထုတ်လုပ်တဲ့ မော်တော်ကားတွေကို အိန္ဒိယအမည်တွေပေးထားတာဖြစ်ကြောင်း သိရတယ်။ အထူးသဖြင့် အိန္ဒိယရဲ့အကြီးဆုံးထဲမှာပါတဲ့ တာတာ (Tata) ကုမ္ပဏီကြီးက ထုတ်လုပ်တဲ့ မော်တော်ကားကြီးတွေဟာ အကြီးစားတွေများပြီး အိန္ဒိယအမည်တွေ ပေးထားတယ်။

ကျွန်တော်တို့ တစ်ပတ်လုံး ခရီးသွားနေကြတုန်း နိုင်ငံခြား အမည်ဆိုလို့ တိုယိုတာ၊ နီစန်း၊ မာစီဒီး၊ ဖိယက်၊ ဖိုဒ့် မှန်ကားတွေ အစီးနှစ်ဆယ်၊ သုံးဆယ်လောက်ပဲ တွေ့ခဲ့ရလို့ အတော်အံ့သြမိရဲ့။

## ရတနာဂီရိခရီး

ဘုံဘေလေဆိပ်ကနေ မော်တော်ကားသုံးစီးနဲ့ ရတနာဂီရိကို တန်းသွားကြတော့ နေအတော်စောင်းနေပြီ။

ဘုံဘေက ကလကတ္တားထက် ခေတ်မီတယ်။ အဆောက်အဦး တွေက ကြီးမားသစ်လွင်ပြီး လမ်းတွေကကျယ်လည်းကျယ် ကောင်း လည်းကောင်းတယ်။

မော်တော်ကားတွေသာ ဖြတ်သွားနိုင်တဲ့ တံတားဟောင်းကြီး ဘေးကနေပြီး တံတားသစ်ကြီးကို မီးရထားရော၊ မော်တော်ကား တွေပါ သွားလာနိုင်အောင်ဆောက်နေတာ နေ့ဆိုင်း၊ ညဆိုင်းမို့ စက်မှုပညာရှင် (အင်ဂျင်နီယာ) တွေနဲ့ အလုပ်သမားတွေ ပျားပန်းခတ် လှုပ်ရှားနေကြ တာကို အမြဲတွေ့မြင်နေရတယ်။

ညဘက်မှာ သူတို့ရဲ့ အိန္ဒိယရိုးရာဂီတနဲ့သီချင်းဆိုသံတွေကို ကြားနေရလေ့ရှိပြီး ကတဲ့သူကလဲ ကနေကြလေရဲ့။ ဂီတာကြီး တဒေါင်ဒေါင် အာခေါင်ခြစ်အော်ဟစ်သံနဲ့ တွန့်လိမ်နေတဲ့ နိုင်ငံခြား အကကို မတွေ့မကြားခဲ့မိဘူး။ ကြီးမားလှတဲ့စက်ကြီးတွေ သုံးနေပေမယ့် နိုင်ငံခြားဖြစ်ထက် အိန္ဒိယဖြစ်ကများတာမို့ အားကျဖို့ကောင်းလိုက်တာ။ မြို့ပြင်ရောက်သွားပေမယ့် အဝေးပြေးကားကြီးတွေနဲ့ ကုန်တင်ကားကြီး တွေကတော့ တဝေါဝေါသွားနေကြပြီး ကိုယ်ပိုင်မှန်ကားတွေ နည်းလာတာ ထင်ရှားပါတယ်။

**စိန်ခြယ်၊ ဖေဖော်ဝါရီ၊ ၁၉၉၅**

⇨ ⇨ ⇨

# ရတနာပုံ မှ ရတနာဂီရိ သို့ (၄)

## အိန္ဒိယနဲ့မြန်မာပြည်သူတွေရဲ့ဘုံရန်သူ

မြို့ပြင်လမ်းတိုးချဲ့နေတာ နေရာတကာလိုဖြစ်နေလို့ ကျွန်တော်တို့မော်တော်ကားသုံးစီးဟာ ခပ်ဖြည်းဖြည်းမောင်းရတယ်။ မြို့နဲ့ အတော်လှမ်းလေ ကိုယ်ပိုင်ကားတွေနည်းလေ၊ တစ်လမ်းလုံးလိုလို အဝေးပြေးခရီးသည်တင်ကားကြီးတွေနဲ့ ကုန်တင်ကားကြီးတွေကို ရှောင်မောင်းနေရတယ်။

ကျွန်တော်က မော်တော်ကားပေါ်ကနေပြီး မှတ်တမ်းတင်သင့်တာတွေကို အသံသွင်းနေပေမယ့် ကားကြီးတွေဖြတ်သွားတဲ့ အသံတဝေါဝေါက လွှမ်းမိုးသွားလေ့ရှိတယ်။

နေရာအတော်များများမှာ အိန္ဒိယတာတာ (Tata) ကုမ္ပဏီကြီးက ထုတ်လုပ်တဲ့ကုန်တင်ကားကြီးတွေပေါ်မှာ စက်ကြီးတွေတင်ထားလို့ လမ်းဖယ်ပေးရ၊ ရပ်ပေးရတာလဲရှိတယ်။ ဒီလိုကားကြီးတွေကို လမ်းဖယ်ပေးရပ်ထားရတာ နာရီဝက်လောက်တောင်ကြာရဲ့။

ဒီဆောင်းပါးရေးနေတုန်း တာတာကုမ္ပဏီကြီးက ပြင်သစ် မော်တော်ကားဈေးကွက်ဝင်ဖို့ ကြိုးစားနေတာဖတ်လိုက်ရတယ်။ ၁၉၉၄ အောက်တိုဘာ (၆) ပဲရီမြို့မှာကျင်းပခဲ့တဲ့ နိုင်ငံတကာ မော်တော်ကား ပြိုင်ပွဲကြီးမှာ တာတာမော်တော်ကားတွေကို ပြသခဲ့တယ်။ ကုန်တင်ကား-ငယ် (Pick Up) ၁၀၀၀ လောက်နဲ့ အားကစားကား (Sport Car)တို့ကို ပြင်သစ်တင်သွင်းခဲ့ပြီး၊ ၃. ၅ တန်ကုန်တင်ကားကြီး (Truck) တွေတင် သွင်းတော့မှာဖြစ်တယ်။

ကမ္ဘာမှာ ဒုတိယအကြီးဆုံးဖြစ်တဲ့ အမေရိကန်ဖို့ဒ်(Ford) မော်တော်ကားကုမ္ပဏီက အိန္ဒိယမဟင်ဒြာ (Mahindra) ကား ကုမ္ပဏီနဲ့ ဖက်စပ်လုပ်တော့မယ်။ မဟင်ဒြာဟာ အိန္ဒိယရဲ့ အဓိက မော်တော်ကား ကုမ္ပဏီကြီးဖြစ်ပြီး အမေရိကန်ကရိုက်စလာ (Chrysler) နဲ့ ပြင်သစ် (Oeygeit) မော်တော်ကားကုမ္ပဏီတွေကလည်း အစုပါဝင်ထားကြတယ်။

အဲဒီလိုလမ်းဖယ်ပေး ရပ်ထားကြရတဲ့အခါမျိုးမှာ ကျွန်တော်က စက်ကြီးတွေကိုရော တင်လာတဲ့ကားကြီးတွေကိုပါ ဘယ်နိုင်ငံက ထုတ်လုပ်သလဲ ရှာကြည့်နေမိတယ်။ တော်တော်များများ အိန္ဒိယလုပ် တွေပဲ။ ဒီလိုတွေ့လိုက်ရတော့ အိန္ဒိယနိုင်ငံနဲ့ပြည်သူတွေအတွက် ဂုဏ်ယူမိ ဝမ်းသာမိသလောက် ကိုယ့်နိုင်ငံနဲ့ပြည်သူတွေအတွက် ရင်မောမိတာ အမှန်။

နိုင်ငံတစ်နိုင်ငံရဲ့အမျိုးသားစီးပွားရေးမူဝါဒမှာ အကြီးစား အလတ်စားနဲ့ အသေးစားစက်မှုလုပ်ငန်းတွေကို ဦးစားပေးပြီး အမျိုးသားစက်မှုလုပ်ငန်းနှီးနှောပွဲတွေ ကျင်းပတာတို့ အစိုးရက လိုအပ်တဲ့ စက်မှု အမတော်ကြေးကို အတိုးနှုန်းအသက်သာဆုံးနဲ့ လွယ်လွယ်ကူကူ ထုတ်ပေးတာတို့ အခွန်အကောက်သက်သက် သာသာ ကောက်ခံတာတို့ အထူးသဖြင့် အမျိုးသားစက်မှုလုပ်ငန်းရှင်တွေထုတ်လုပ်နေတဲ့ ကုန်ပစ္စည်းမျိုးကို နိုင်ငံခြားက အကန့်အသတ်နှင့်တင်သွင်းတာတို့

လိုအပ်ရင်ပိတ်ထားတာတို့ လုပ်ဖို့ လိုတယ်။

စက်မှုလုပ်ငန်းနဲ့ ကုန်ထုတ်လုပ်မှု ခေတ်မီတိုးတက်တာနဲ့ အမျှ ပြည်သူတွေရဲ့စားဝတ်နေရေး လူနေမှုအဆင့်အတန်း မြင့်တက်လာမှာ ဖြစ်တယ်။

ဈေးကွက် စီးပွားရေးကျင့်သုံးတဲ့နေရာမှာ လူတစ်စုချမ်းသာ ဇိမ်ခံဖို့ စီးကရက်နှင့် အရက်တွေအပြိုင်အဆိုင် တင်သွင်းရောင်းချဖို့၊ မြန်မာ့ယဉ်ကျေးမှုကိုထိပါးတဲ့ ဝတ်စားဆင်ယာဉ်မှု၊ ချမ်းသာတဲ့ လူတစ်စုက ဆင်းရဲတဲ့လူအများစုအပေါ် အမြတ်ထုတ်မှု၊ ငွေရင်းမြုပ်နှံပြီး အထူးအခွင့်အရေးတွေ ရယူမှုတွေမဖြစ်ရအောင် **အမျိုးသားဈေးကွက် စီးပွားရေး မူဝါဒလိုတယ်**။

တချို့နေရာတွေမှာ လမ်းကကျဉ်းပြီး မတ်စောက်နေရင် မော်တော်ကားတွေ ချောက်ထဲထိုးကျနေတာတွေ့ရတယ်။
'ဟိုတစ်နေ့က ဟောဒီနေရာမှာ ခရီးသည်၂၀ လောက် သေဆုံး ခဲ့ရတယ်' လို့ ကျွန်တော်တို့ ယာဉ်မောင်းကပြောလို့ လှမ်းကြည့်လိုက်တဲ့ အခါ အဝေးပြေးခရီးသယ်တင် ကားကြီး ပက်လက်လန်နေတာကို တွေ့ရ တယ်။
သစ်ပင်တစ်ပင်အဖျားမှာ ဆာရီစကလေးတ လူလူလွင့်နေသေးရဲ့။
ဒီလိုအကွေ့အကောက် အတက်အဆင်း အကျဉ်းအကျယ် အပေါက်အပြဲတွေဖြစ်နေတဲ့ လမ်းပေါ်မောင်းလာကြရင်း ညဥ့်နက် လာတယ်။ ညဥ့်နက်လာလေ အေးမြလာလေ ဒီတော့စိုးရိမ်လာမိတယ်။
ယာဉ်မောင်းအိပ်ငိုက်ရင် . . .

လမ်းဘေးမှာချောက်ကြီးတွေ . . .

ရှေ့ကလာတဲ့မော်တော်ကားက မီးနှိမ့်မပေးရင် အရှိန်သတ် မပေးရင် . . .

ကားကြီးမောင်းသူက အရက်မူးနေရင် . . .

ဘီးပေါက် စက်ပျက်ရင် . . .

'အရှင်ဘုရား (ဦးကောဝိဒ) ယာဥ်မောင်း အိပ်ငိုက်မှာ စိုးရိမ်ရပါတယ်ဘုရား၊ ဒီတော့ကားထဲမှာ ကက်ဆက်ပါရင် ဖွင့်ခွင့်ပြုတော်မူပါဘုရား။

ယာဥ်မောင်းက မြန်မာစကားမတတ်ပေမယ့် အင်္ဂလိပ် စကားကို အလုပ်ဖြစ်အောင်တော့ ပြောနိုင်တယ်။ (Broken English) ထက်သာတဲ့ (Workable English) လို့ဆိုနိုင်ကောင်းရဲ့။

"ကက်ဆက်ပါပါတယ်၊ နားထောင်ချင်ရင် ဖွင့်ပေးမယ်လေ" ဆရာတော် ဦးကောဝိဒကို ကျွန်တော်တို့လျှောက်ထားရာမှာ 'ကက်ဆက်' စကားလုံးပါသွားတာကို ကြားလိုက်လို့ အကင်းပါးတဲ့ ယာဥ်မောင်းက ပြောလိုက်တာဖြစ်တယ်။ 'ကျေးဇူးပါပဲ' တို့ ဗုဒ္ဓဘာသာအဖို့ သံဃာတော်ရှေ့မှာ သီချင်းမဖွင့်ရဘူး၊ ခင်ဗျားက ကားမောင်းနေလို့ အိပ်ငိုက်မှာစိုးလို့ ဆရာတော်ကို ခွင့်ပန်လိုက်တာ'

"ဒါတော့စိတ်ချကြပါ၊ ဒီကားက ကျွန်တော်ကိုယ်ပိုင်ပါ။ ကျွန်တော်မှာ သားတစ်ယောက်ရှိတယ်၊ (၁၂) နှစ် (၇) တန်း၊ မိဘကို လုပ်မကျွေးနိုင်သေးဘူးပေါ့။ နောက်သားတစ်ယောက်က ကျွန်တော်တို့ မိသားစုကို လုပ်ကျွေးနေတယ်"

"အသက်ဘယ်လောက်ရှိပြီလဲ"

"ငါးနှစ်ပဲရှိသေးတယ်"

"ဗျာ. . ."

"တကယ်ပါ၊ ငါးနှစ်ပဲရှိပါသေးတယ်"

တော်ဘုရားငယ်နဲ့ ကျွန်တော်က ယာဥ်မောင်းကို အင်္ဂလိပ်လို ပြောနေတုန်း ဆရာတော်က အားမရဖြစ်လာတော်မူပြီး ဟိန္ဒူ စကားနဲ့ ဝင်မေးတော်မူလိုက်သေးတယ်။

"ငါးနှစ်သားဆိုတာ ဒီမော်တော်ကားကလေးကိုပြောတာပါ၊ ဒီကားကလေးက ကျွန်တော်တို့မိသားစုကို လုပ်ကျွေးနေတာကို ဆိုလို

တာပါ။ ကျွန်တော်အိပ်မငိုက်ပါဘူး။ အိပ်ငိုက်ရင် ကားတိုက်နိုင်တယ်။ ကားကလေး ပျက်စီးသွားနိုင်တယ်။ ကျွန်တော်တို့ သေနိုင်တယ်။ စိတ်ချလက်ချစီးကြပါ”

“ကျေးဇူးတင်တယ်ကွာ”

“ကျွန်တော်အရက်သောက်တတ်ပါတယ်။ တစ်ခါတစ်လေ မူးလဲအောင်ထိ သောက်တတ်ပါတယ်။ ဒါပေမဲ့ ကားမောင်းချိန်မှာ ဘယ်တော့မှ မသောက်ပါဘူး။ ကျွန်တော်အရက်မူးမောင်းလို့ ကျွန်တော့် ကို ငွေပေးတဲ့ ထမင်းကျွေးတဲ့ ခရီးသည်တွေကို မထိခိုက်စေချင်ပါဘူး။ အခုလို ဘုံဘေရတနာဂီရိမိုင် (၂၅၀) ကျော်ကို မောင်းရမယ်ဆိုတော့ အထူးသဖြင့် ညခရီးလဲဖြစ်နေလို့ ကျွန်တော်လုံးဝ အရက်မသောက် ပါဘူး။ ညမှာ ကားကြီးတွေမောင်းသူ အများစုက ခရီးဝေး မောင်းကြ ရတော့ အိမ်ပြန်မအိပ်ကြတော့ အိမ်ပြန်မအိပ်ကြရလို့ ခရီးဝေး မောင်းကြရလို့ ခရီးကြမ်းဒဏ်ခံနိုင်အောင် အရက်သောက်လေ့ရှိတယ်။ ဒါကြောင့် ဒီအဝေးပြေးလမ်းမကြီးတွေမှာ ကားတိုက်ပြီး၊ ကားမှောက်ပြီး လူသေနေပြီဆိုရင် မေးမနေနဲ့ ညဘက်မောင်းတဲ့ကားကြီးတွေပဲ။ မောင်းသူတွေကလဲ အရက်သောက်ထားတာ သေချာတယ်။ ဒီတော့ ညဘက်မောင်းရရင် ကျွန်တော်အရက် မသောက်ပါဘူး။ စိတ်ချကြပါဗျာ။ ကိုင်း. . . အိန္ဒိယအဆိုကျော်မလေးတွေရဲ့သီချင်းသံကို နားသောတဆင်ကြရင်း သားမော်တော် ကားလေးအပေါ်မှာ သက်တောင့်သက်သာ စီးကြပါခင်ဗျား။

တာဝန်ကျေ ပြွန်လိုက်တာ၊ အလိုက်သိလိုက်တာ ကြည့်အုံး၊ လမ်းဘေးဆိုင်တွေက ကက်ဆက်ဖွင့်ရင်အကျယ်ကြီးဖွင့်ကြတာများတယ် မဟုတ်လား။ နားတွေပူ၊ ခေါင်းတွေကိုက်၊ အသဲအူတွေ ဗလောင်ဆူရော မဟုတ်လား။ ဒီကားဆရာကတော့ ‘ဘိုဆန်ဆန်’ ခပ်တိုးတိုးကလေး (Soft Music) ဖွင့်ထားလို့ တစ်မျိုးနားထောင် ကောင်းလေရဲ့။

ဆရာတော်ကို အားနာလို့ တစ်ခွေလောက်ပဲ နားထောင်လိုက်ကြတယ်။ အချိန်က သန်းခေါင်နီးနေပြီ။ လေနုအေးကလေး တနော့နော့ (ဆရာဒဂုန်တာရာရဲ့ နွဲ့လျတဲ့စကားလုံးတွေ သုံးထားတာလေ) ကားကလေးက တသော့သော့၊ မျက်လုံးတွေက မပေါ့တပေါ့မို့ အိပ်ငိုက်လာကြပြီ။ ဒီတော့ စကားကို ပြောဖြစ်အောင် ပြောကြရတယ်။ အထူးသဖြင့် မျက်လုံးတွေက စင်းစပြုနေတဲ့ ကားဆရာ။ သူ့ကိုစကားစလိုက်တယ်။

"ခင်ဗျား ရတနာဂီရိရောက်ဖူးသလား"

"ဒီဘုံဘေရတနာဂီရိခရီးကို တစ်လမှာ သုံးလေးခေါက် မောင်းရလွန်းလို့ ရတနာဂီရိသူကလေးနဲ့တောင် 'ငြိ' မလိုဖြစ်သေးတယ်" သူက တဟားဟားရယ်လိုက်တော့ အိပ်မငိုက်တာ သေချာသွားပြီ။

"ရတနာဂီရိဘယ်လိုနေသလဲ"

"အတော်သာယာလာပါပြီ၊ အရင်တုန်းကတော့ တောမြို့က လေးအခုတောင်ပေါ် အပန်းဖြေစခန်း (Hill resort) လုပ်နေပြီ ကမ္ဘာလှည့်ခရီးသည်တွေ အတော်လာကြတယ်။ ခေတ်မှီဟိုတယ်တွေ၊ မော်တယ်တွေ၊ စားသောက်ဆိုင်တွေ၊ ရုပ်ရှင်ရုံတွေ အတော်ဆောက်လာကြပြီ"

"ကမ္ဘာလှည့်ခရီးသည်တွေအတွက် ဘာထူးထူးဆန်းဆန်း ရှိလဲ"

"ဆိပ်ကမ်းသာရှိတယ်။ အာရေဗျားပင်လယ်ကြီး (Arabian Sea) ကို တမျှော်တခေါ် ရှုစားနိုင်တယ်။ ဂိုယာ (Goa) ကို ညို့ညို့ ဆိုင်းဆိုင်း လှမ်းမြင်နိုင်ပါတယ်။ လတ်ဆတ်သန့်ရှင်းတဲ့ ပင်လယ်လေကို တဝကြီး ရှူရှိုက်နိုင်ပါတယ်။ ထူးခြားတာတစ်ချက်က အိန္ဒိယ တစ်နိုင်ငံ လုံးမှာ မရနိုင်တဲ့ အရသာအရှိဆုံး အမွှေးဆုံး အလုံးလှတဲ့ 'အဲယ်ဖိုစိုး' (Alphonso) သရက်သီးကို ရတနာဂီရိ ပါဝင်တဲ့ မဟာရစတာရာ (Maharashtra) ပြည်နယ်မှာ သာရနိုင်ပါတယ်။ ဒီသရက်သီးကို

ယို(Jam)၊ အရည်(Juice) နဲ့ မုန့်(Cake) လုပ်တာ စပယ်ရှယ်ပါပဲ။ ဆက်ဆက်စားသုံးကြည့်ကြပါ။ ကျွန်တော်တို့ စားသောက်တဲ့ နေရာမှာ ဒီသရက်သီးနဲ့ လုပ်ထားတာရှိရင် မလွတ်တမ်း စားသောက်လေ့ ရှိကြတယ်"

"နောက်ကော ဘာဆန်းတာရှိသေးလဲ"

"ဟုတ်ပါရဲ့ စိတ်ဝင်စားစရာကောင်းတာက မြန်မာသီပေါဘုရင်နဲ့ နန်းတော်လည်းရှိပါတယ်"

"အခြေအနေဘယ်လိုလဲ"

"ပြုပြင်ထိန်းသိမ်းမှု မရှိပါဘူး"

"မြန်မာဘုရင်က ဘာကြောင့်ရတနာဂီရိရောက်နေတာလဲဗျ"

ယာဉ်မောင်းက ကျွန်တော်တို့ကို ပြုန်းခနဲလှည့်ကြည့်ပြီး မယုံကြည်နိုင်တဲ့ မျက်နှာနဲ့ . . .

"ဗျာ၊ မြန်မာဘုရင်ရတနာဂီရိရောက်နေတာ မသိကြဘူးလား၊ မြန်မာတွေမဟုတ်လား" လို့ မေးရင်း ရှေ့မီးကြီးတွေ အားကုန်ဖွင့် မောင်းလာတဲ့ကုန်တင်ကားကြီးကိုကျွမ်းကျင်စွာ ရှောင်ဖယ်ပေးလိုက်တယ်။ ကျွန်တော်တို့က တထိတ်ထိတ်ဖြစ်သွားလို့ ဘာမှမဖြေနိုင်အောင် ဖြစ်သွားကြတယ်။

"ဒါ အင်္ဂလိပ်ရဲ့ယုတ်မာမှုပဲ၊ မြန်မာဘုရင်ကို အိန္ဒိယပို့၊ အိန္ဒိယဘုရင်ကို မြန်မာပို့ပစ်လိုက်တယ်လေ" လို့ ပြောရင်း ထွီခနဲ တံတွေးထွေးပစ်လိုက်ပါရော။

"ဒီလိုဆိုရင် အိန္ဒိယနဲ့ မြန်မာ အဖြစ်ဆိုးခြင်းတူနေတာပေါ့"

"တူရတာက အင်္ဂလိပ်က အိန္ဒိယရော မြန်မာကိုပါ နယ်ချဲ့သိမ်းပိုက်ခဲ့လို့ပဲ၊ တကယ်က အင်္ဂလိပ်ဟာ ကျွန်တော်တို့ အိန္ဒိယနဲ့ မြန်မာပြည်သူတွေရဲ့ ဘုံရန်သူ (Common enemy) ဖြစ်တယ်" လို့ သူက အသံကျယ်ကျယ်မာမာ ပြောချလိုက်ရင်း လက်သီးဆုတ်ပြလိုက်လို့

ကျွန်တော်တို့က 'မှန်လိုက်လေဗျာ' လို့ ထောက်ခံပြီး၊ သူ့ကို လက်ဆွဲနှုတ်ဆက်လိုက်တော့ ဆရာတော်ဦးကောဝိဒက ပြုံးပြီးခေါင်းညိတ်တော်မူလိုက်လေရဲ့။

ဒီနေရာမှာ ကြုံကြိုက်နေလို့ ၁၉၉၄ ဒီဇင်ဘာ ၁၅ ရန်ကုန် မှာ ကျင်းပသွားတဲ့ အိန္ဒိယ ဧကရာဇ်ဇဖားရှား (Emperor Shah Zafar) အထိမ်းအမှတ် ခန်းမဖွင့်ပွဲအကြောင်း တင်ပြချင်တယ်။

အဲဒီအထိမ်းအမှတ် ခန်းမကြီးဖွင့်ပွဲ အခန်းအနားကို သာသနာရေး ဝန်ကြီးဌာနဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ ဂျီပါသာဆာရာသီ၊ ပါကစ္စ တန်၊ ဘင်္ဂလားဒေ့ရှ်နဲ့ ဗြိတိန်သျှသံအမတ်ကြီးတို့လဲ တက်ရောက်ကြတယ်။

အင်္ဂလိပ်နယ်ချဲ့ကြောင့် ဒီဘုရင်နှစ်ပါး ထီးနန်းကျပြီး ဘ၀ နိဂုံးချုပ်ခဲ့ရရှာတဲ့ အိန္ဒိယဧကရာဇ် ဇဖားရှားရဲ့ အထိမ်းအမှတ် ခန်းမဖွင့်ပွဲကို ဗြိတိသျှသံအမတ်ကြီး တက်လာတာကို ကျွန်တော် အပြန်အလှန် စဉ်းစားနေမိတယ်။

ဖော့ကလန် ကျွန်းများ (Falkland Islands) ဟောင်ကောင်၊ အိုင်ယာလန်အကြောင်းအရာတွေ၊ ခေါင်းထဲတန်းစီ ဝင်လာပါရော။

## နေရာတိုင်းမှာ ကိုကာကိုလာ

ဘုံဘေ-ရတနဂီရိ ခရီးဟာ မိုင် (၂၅၀) ကျော်ရှိတယ်။ လွတ်နေတဲ့ ကွင်းပြင်တွေရှိပေမယ့် အဲဒီနေရာတွေမှာ စက်ရုံတွေ အဆောက်-အဦးတွေ တည်ဆောက်ဖို့ စက်ပစ္စည်းတွေနဲ့ ဆောက်လုပ်ရေးပစ္စည်းတွေ တောင်ပုံရာပုံတွေ့ရသလို မြို့တစ်မြို့နဲ့နီးလာရင် တိုက်သစ်တွေ တည်ဆောက်နေတာလည်း တွေ့ရတယ်။

တစ်ခါတစ်လေ မှေးကနဲ အိပ်ပျော်သွားပြီး နိုးလာတဲ့အခါ

ဘေးပတ်ဝန်းကျင်မှာ တိုက်သစ်တွေ မြင်လိုက်ရရင် မြို့တစ်မြို့နဲ့ နီးလာပြီလို့ သိတတ်နေပြီ။

လမ်းဘေးမှာ စားသောက်ဆိုင်ကြီးငယ်တွေ မပြတ်သလောက် ပဲ။ ဆိုင်ငယ်တစ်ချို့ဆိုရင် ဝါးကပ်မိုး စားပွဲသုံးလေးလုံး၊ ကုလားထိုင် ဆယ့်လေးငါးလုံးနဲ့ ခုံတန်းရှည် နှစ်လုံးလောက်ပဲ ရှိတယ်။ ရောင်းတာက အိန္ဒိယအစားအစာဖြစ်တဲ့ ဘယာကြော်၊ အာလူးကြော်၊ ခရမ်းသီးကြော်၊ စာကလေးခွေ၊ လဒ္ဒူ၊ ရပ်စ်ဂူလာ၊ ဘွန်ဒီ၊ ဂျလေဘီ၊ ချပါတီ ပူရီတိုရှည်၊ ပလာတာ၊ ပြည်တွင်းဖြစ် ဖျော်ရည်မျိုးစုံနဲ့ သူမပါရင် ပွဲမစည်တဲ့ဆိုင်ငယ်နဲ့ မလိုက်အောင် ကြီးမားတဲ့ကြော်ငြာတွေပြပြီး ရောင်းကောင်းနေတဲ့ 'ကိုကာကိုလာ'။

တခြားဖျော်ရည်တွေ ဘိလပ်ရည်တွေကို ရေခဲနဲ့ပေးပေမယ့် နာမည်ကျော် 'ကိုကာကိုလာ' ကိုတော့ ရေခဲသေတ္တာထဲက ထုတ်ပေးလေ့ ရှိကြတယ်။

မေးခွန်းတစ်ခွန်းကို မေးချင်နေတာအသည်းယားလို့ မေးလိုက် ရတယ်။

"ခင်ဗျားတို့အခုလို ရေခဲသေတ္တာနဲ့ထားတော့ လျှပ်စစ်ပျက် သွားရင် ဘယ်လိုလုပ်ကြသလဲ"။ သူတို့ကရယ်မောပြီး ဖြေလိုက်ကြပုံက "ဒီမှာ လျှပ်စစ်မပျက်ပါဘူးဗျာ" တဲ့။

အသည်းယားနေတာကို အေးမြစူးရှတဲ့ 'ကိုကာကိုလာ' သောက်ချရင်း အယားပြေအောင်လုပ်လိုက်ရတယ်။

## ဒေါ်လာမလိုချင်

စားသောက်ပြီးကြလို့ ဒေါ်လာပေးတော့ ရူပီ(အိန္ဒိယသုံးငွေ) ပါရင်ပေးဖို့ပြောလို့ အံ့ဩမိရဲ့။

**ရတနာပုံစာအုပ်တိုက်**

အိန္ဒိယမှာ အမေရိကန်တစ်ဒေါ်လာကို တရားဝင် ရူပီ ၃၀၊ ၃၁ ဖြစ်ပြီး အပြင်ပေါက်ဈေး (မှောင်ခိုနှုန်း) က ၃၂ ရူပီလောက် သာရှိတော့ ဒေါ်လာကိုယူရင် လဲလှယ်နေရတာ အလုပ်တစ်ခုဖြစ်နေလို့ ရူပီပဲ လိုချင်ကြတယ်။

မကြာခင်က အိန္ဒိယအစိုးရထုတ်ပြန်ချက်အရ အိန္ဒိယ တိုင်း-ရင်းသားတစ်ဦးကို အမေရိကန်ဒေါ်လာ ငါးရာ ကိုင်ဆောင်ခွင့်ပြု ထားတယ်။ ဒေါ်လာရောင်းလိုသူဆီက အစိုးရက ၆၀ ရာခိုင်နှုန်းကို အပြင်ပေါက်ဈေး (မှောင်ခိုဈေး)အတိုင်းပေးဝယ်တယ်။ အမေရိကန် ဒေါ်လာတစ်ရာတန်နဲ့ အထက်(အရွက်ကြီးတွေ) ဆိုရင် ရူပီ ၃၃ နဲ့ တစ်ရာတန်အောက်ကိုတော့ ရူပီ ၃၂ လောက်လဲလှယ်နှုန်းရှိ တယ်လို့ ဆရာတော် ဦးကောဝိဒဆီက သိခဲ့ရတယ်။

ဒီတော့ ‘ဒေါ်လာရောဂါ’ အသည်းအသန်ထနေတဲ့ ရန်ကုန် ကနေပြီး ဘုံဘေ-ရတနာဂီရိလမ်းဘေး ဆိုင်ငယ်ရောက်တာ သုံးလေး ရက်လောက်သာ ရှိသေးလို့ အခုလိုလမ်းဘေးဆိုင်က ဒေါ်လာမလို ချင်ဘူးလို့ ကိုယ်တိုင်တွေ့ကြုံလိုက်ရတဲ့အခါ မယုံနိုင်လောက်အောင် ဖြစ်သွားမိတာပေါ့။

မြန်မာ ကျပ်ငွေ။
အမေရိကန် ဒေါ်လာ။
အမျိုးသားစီးပွားရေး။
ဈေးကွက်စီးပွားရေး။
အမျိုးသားဈေးကွက်စီးပွားရေး။
ဆိုရှယ်လစ်ဈေးကွက်စီးပွားရေး။
ဆိုရှယ်လစ်စီးပွားရေး။
အရင်းရှင်စနစ်။
နယ်ချဲ့စနစ်။

ဖက်ဆစ်စနစ်။
ဆိုရှယ်လစ်စနစ်။
တရုတ်ပြည်သူ့သမ္မတနိုင်ငံ။
ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ။
ဂျူးဘား။
ကိုးရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ။
ကိုးရီးယားသမ္မတနိုင်ငံ။
အမေရိကန်။
ဂျပန်။
စင်ကာပူ။
မလေးရှား။
အင်ဒိုနီးရှား။
ရုရှား။
ဘော့စနီးယား။
ချေချင်းညှာ။
ဟောင်ကောင်။

စတဲ့ စတဲ့ ဝေါဟာရတွေ အတွေးအခေါ်တွေနဲ့ လက်ငင်းဖြစ်ပေါ်နေတာတွေ ခေါင်းထဲ ပြေးဝင်လာတယ်။ ရင်ထဲဆောင့်ဝင်လာတယ်။ တစ်ကိုယ်လုံးတုန်ခါလာတယ်။

ကျွန်တော်မျက်လုံးတွေအဝေးရောက်သွားတယ်။ သက်ပြင်းရှည်ကြီး ချလိုက်မိပါရောလား။

## ရတနာဂီရိရောက်ကြပြီ

ဘုံဘေမှာသိခဲ့ရတာက ရတနာဂီရိမှာ ဟိုတယ်သန့်သန့် နှစ်ခု

ရှိတယ်။ (Vihar Deluxe) နဲ့ (Hotel Landmark) တို့ဖြစ်တယ်။

ရတနာဂီရိကို ကျွန်တော်တို့ရောက်ကြတော့ (၁၂) ဒီဇင်ဘာ မနက် တစ်နာရီရှိနေပြီ။

ကလကတ္တား-ဘုံဘေကို နှစ်နာရီခွဲလောက် လေယာဉ်ပျံစီးခဲ့ ရာက ဘုံဘေရောက်တော့ မော်တော်ကားပေါ် တန်းတက်ကြပြီး မိုင်ပေါင်း (၂၅၀) ကျော်ကို (၁၀) နာရီလောက်စီးလာကြရတာမို့ အတော် နွမ်းနယ် နေကြပြီ။ မူးနောက်နောက်ဖြစ်နေကြပြီ။ ဒီတော့ ဟိုတယ်မှာ အမြန်ဆုံး ညစာ (တကယ်တော့ မနက်စာ) ကို မနက်နှစ် နာရီမှာ စားကြပြီး ခြေပစ်လက်ပစ်အိပ်ချင်ကြပြီ။ တကယ်တော့ မစားရလဲနေပါစေ။ အိပ်ဖို့က အဓိကဖြစ်နေတယ်။

ပထမဆုံးရောက်တာက (Vihar Delyxe) ဟင် . . . ခြံတံခါး တွေပိတ်ထားပြီး အခန်းတိုင်းလိုလိုမီးမှိတ်ထားပြီပဲ။

ဟုတ်တာပေါ့ မနက်တစ်နာရီကျော်နေတော့ အိပ်လို့ကောင်း တဲ့ အချိန်ကိုး။ တံခါးစောင့်တွေကို အခန်းရမလားမေးတော့

"ဝမ်းနည်းပါတယ် အားလုံးပြည့်နေပြီခင်ဗျာ" တဲ့။

စိတ်ညစ်တဲ့အထဲမှာ ဒီအချက်လဲပါတယ်။ ဟာသဝိဇ္ဇာ ဇာဂနာလေသံနဲ့ ပြောရင်တော့ 'သိနေတယ်လေ သိနေတယ်။'

**စိန်ခြယ်၊ မတ်လ၊ ၁၉၉၅**

⇨ ⇨ ⇨

# ရတနာပုံ မှ ရတနာဂီရိ သို့ (၅)

## ရတနာဂီရိကိုတကယ်ရောက်ပြီ

ကိုင်း. . . နောက်ဟိုတယ်ကို အမြန်ဆုံးမောင်းကြပေတော့။

အလို. . . ဒီဟိုတယ်လဲ အလားတူပါပဲလား၊ မြန်မြန်မေးကြ ပါ။

အခန်းရမယ်သိကြတော့ ဝမ်းသာလွန်းလို့နွမ်းနယ်နေတာတွေ၊ ဆာနေတာတွေ၊ အိပ်ချင်နေတာတွေ၊ ဘယ်ရောက်သွားမှန်းတောင် မသိတော့ဘူး။

ဒီဟိုတယ်အမည်က (Hotel land-mark) ဖြစ်တယ်။ ဆောက်ပြီးတာ တစ်နှစ်လောက်ပဲရှိသေးတယ်။ ဒါတောင် ဓါတ်လှေကားက ပျက်နေလိုက်သေးရဲ့။

ညစာစားတော့ မနက်နှစ်နာရီကျော်နေပြီ။

ကိုယ့်အိမ်မှာ 'စလောင်းတီဗွီ' မရှိလို့ ဒီဟိုတယ်အခန်းထဲမှာ ရှိနေတာကို အတိုးချကြည့်နေလိုက်တာ မနက်သုံးနာရီကျော်သွားရော့မယ်။

# ဘိုးတော်သိနေတော်မူပြီလား

အဲဒီအချိန်လောက်မှာ တူတော်မောင်မဟာစန္ဒကုမာရ/ဦး စိုးဝင်း ဝင်လာပြီး

"တော်တော်၊(ကျွန်တော့်ကိုခေါ်ပုံ) ပေးထားတဲ့ ဒီဟိုတယ် လိပ်စာကတ်ပြားကို ကြည့်ပြီးပြီလား" လို့ ပြုံးပြုံးကြီးမေးလိုက်တယ်။

"မကြည့်ရသေးဘူး၊ စလောင်းကသိပ်ကောင်းနေလို့"

"ဟောဒီမှာကြည့်ပါအုံး တော်တော်၊ တိုက်ဆိုင်နေလိုက်တာ" လို့ပြောရင်း ဟိုတယ်လိပ်စာကတ်ပြားကလေးကို ကျွန်တော့်ရှေ့ထိုး ပေးလိုက်တယ်။

"ဟာ. . . တိုက်ဆိုင်တာမှ ဒက်ထိကြီးပါလား"

ကျွန်တော်ကကြည့်နေတဲ့ ဘီဘီစီ သတင်းကားကို လျစ်လျူရှု လိုက်ပြီး ဟိုတယ်လိပ်စာကတ်ပြားကို ထပ်ခါတလဲလဲ ဖတ်ကြည့်နေ မိတယ်။ ဒီဟိုတယ်ရှေ့က လမ်းအမည်က

**THEBAW PALACE ROAD**

ဖြစ်နေတာကိုး။

"သီပေါနန်းတော်လမ်းဆိုပါလား၊ တိုက်ဆိုင်လွန်းလှတယ်။ ဒီလောက်တိုက်ဆိုင်နေတာကို ဘာသာရေးရှုထောင့်ကနေပြီး တော်ဘုရားငယ်/ဦးသန့်ဇင်ဘယ်လိုမြင်သလဲလို့ သွားမေးကြည့်ကြ ရအောင်၊ လာ. . . ချန္ဒရာ(မဟာစန္ဒကုမာရကို သူ့ခမည်းတော် ဘုရား ကြီးက ချစ်စနိုးခေါ်ပုံအတိုင်း) ပြောပြောဆိုဆို ဆရာတော်ဦး ကောဝိဒနဲ့ တစ်ခန်းထဲနေတဲ့ တော်ဘုရားငယ်ဆီ သွားကြပြီးပြလိုက် တော့

'တော်ဘုရားကလေးက တိုက်ဆိုင်မှုလို့ဆိုမှာပဲ၊ ဝိညဉ်လောက အနေနဲ့ဆိုရင် ဘုန်းတော်ကြီးဘုရား (ဘိုးတော်သီပေါမင်းတရားကို

ခေါ်ပုံ)က ငါ့မြေးတော်မြစ်တော်တွေ ငါ့ကို သရဏဂုံတင်ဖို့ ရတနာဂီရိ ရောက်လာကြတာ ငါ၀မ်းသာနေတာကို သိကြစေချင်လို့ ဒီဟိုတယ်ကို မရောက်ရောက်အောင် စီမံလိုက်တာပဲလို့ ယူဆနိုင်တယ်’လို့ ရှင်းပြတော့ ဆရာတော်ဦးကောဝိဒက ဖြစ်နိုင်တယ် ဒကာကြီးတို့လို့ မိန့်တော်မူတယ်။

စဉ်းစားစရာဖြစ်မနေဘူးလား။

ပထမသွားမေးတဲ့ ဟိုတယ်က လူပြည့်နေလို့ ဒီဟိုတယ်ကို ရောက်လာရတယ်။ ရောက်လာပေမယ့် အခန်းပြည့်နေရင် တခြား ဟိုတယ်သွားရမယ်လေ။ အခုတော့ ‘သီပေါနန်းတော်လမ်း’ ပေါ်မှာ ရှိနေတဲ့ ဒီဟိုတယ်ကိုမှ ဒုတ်ဒုတ်ထိရောက်လာရပြီး တည်းခိုကြရတာ ကြောင့် တိုက်ဆိုင်မှုပဲဖြစ်ဖြစ် ဝိညာဉ်လောကအလိုအရပဲဖြစ်ဖြစ် စိတ်ထဲမှာတော့ အတော်ကြီးခံစားမိရဲ့။

## နန်းတော်မဟုတ်

အင်္ဂလိပ်နယ်ချဲ့ကကျူးကျော်ပြီး အစဉ်အလာလွတ်လပ်တဲ့ မြန်မာနိုင်ငံကို သိမ်းပိုက်ရာက နိုင်ငံတော်ရဲ့ အထွတ်အထိပ်ဖြစ် တော်မူကြတဲ့ သီပေါမင်းတြားနဲ့ အဂ္ဂမဟေသီစုဘုရားလတ်တို့ကို ရတနာဂီရိပို့ထားတာ ဘယ်လိုရှုထောင့်ကကြည့်ကြည့် ဘယ်လိုမှ မတရားဘူး။ ကြီးနိုင်ငယ်ညှဉ်းဖြစ်တဲ့ တောရိုင်းတိရစ္ဆာန်တွေရဲ့ အကျင့်ယုတ်ဖြစ်တယ်။ လူရိုင်းခေတ်နဲ့ ဖက်ဆစ်ခေတ်အတိုင်းပဲ။ အင်္ဂလိပ် နယ်ချဲ့က အသံကုန်အော်ဟစ်ပြနေတဲ့ ဒီမိုကရေစီပါလီမန် မိခင်နဲ့ လူအခွင့်အရေးတွေ ဘယ်ရောက်သွားသလဲ။

ဒါတွေကိုသိတော့ အင်္ဂလိပ်နယ်ချဲ့က မြန်မာဘုရင်မင်းမြတ် သီပေါမင်းတြားကို နန်းချပြီး ရတနာဂီရိတောမြို့ကလေးကို ပို့ထားပေမယ့် ဘုရင်တစ်ပါးနဲ့ ထိုက်တန်တဲ့နန်းတော်နဲ့ ထားရှိယုံမက လမ်းကိုတောင်

သီပေါမင်းတြားကို ဂုဏ်ပြုတဲ့အနေနဲ့ 'သီပေါနန်းတော်လမ်း' ပေးထားပါတယ်လို့ နာမည်ကောင်းရအောင် ပရိယာယ်ဝေဝုစ် ကျင့်သုံးလိုက်တာဖြစ်တယ်။

လမ်းအမည်နဲ့ ဂုဏ်ပြုထားပါတယ်ဆိုပေမယ့် အဲဒီမှာကို နှိမ်ထားလိုက်သေးတယ်။

ကြည့်ကြပါ။ အင်္ဂလိပ်နယ်ချဲ့က 'သီပေါနန်းတော်လမ်း' လို့ ပေးထားတယ်။ တကယ်ဖြစ်သင့်တာက 'သီပေါဘုရင်နန်းတော်လမ်း' (King Thibaw Palace Road) ဖြစ်ရမယ်။ ဘုရင်ကိုဖြုတ်ပြီး 'သီပေါ' လို့ နှိမ်ထားတယ်လေ။

ဒီအကြောင်းတွေကြောင့် သီပေါမင်းတြားအနွယ်တော်တွေက နန်းတော်လို့အသိအမှတ်မပြုဘဲ စံအိမ်တော် (Royal Residence) လို့သာခေါ်ကြတယ်။

သီပေါမင်းတြားကို အဲဒီလိုနှိမ်ခဲ့သလို အိန္ဒိယရဲ့ နောက်ဆုံးဧကရာဇ် ဇဖားရှားကိုလည်း ရန်ကုန်(အိန္ဒိယကတောမြို့လေးဖြစ်တဲ့ ရတနာဂီရိနဲ့ မြန်မာမြို့တော်ဖြစ်တဲ့ ရန်ကုန်တို့ကို နှိုင်းယှဉ်ကြည့်ကြပါ) ပို့ထားပြီး ဒီဧကရာဇ်ကို ဂုဏ်ပြုထားတဲ့လမ်းအမည် ကို 'ဇဖားရှားလမ်း' (Zafar Shah Road) လို့ပေးထားခဲ့တယ်။ ဧကရာဇ်ကို ဖြုတ်ထားတာ နှိမ်တာပဲပေါ့။

ကျွန်တော်မှတ်မိသလောက် ရန်ကုန်ရှိ အလံပြဘုရားလမ်းက နေပြီး တိရစ္ဆာန်ရုံဖက်ဆင်းသွားတဲ့လမ်း၊ အဲဒီလမ်းပေါ်မှာ ပထမကမ္ဘာစစ်ကြီးဖြစ်တုန်းက သေဆုံးခဲ့ကြတဲ့ အင်္ဂလိပ်နယ်ချဲ့နဲ့ လက်ပါးစေ တပ်သားတွေအတွက် ဂုဏ်ပြုထားတဲ့ အညတရတပ်သားတွေ အထိမ်းအမှတ်ကျောက်တိုင်ကြီး ခန့်ခန့်ခိုင်ခိုင်စိုက်ထားတာ ရှိခဲ့ဖူးတယ်။ ပြီး အဲဒီလမ်းကို 'အက်ဒဝပ်ဘုရင်ရိပ်သာ' (King Edward Avenue) လို့ အင်္ဂလိပ်နယ်ချဲ့က 'ကိုယ့်ငါးချဉ်ကိုယ်ချဉ်ပြီး ဂုဏ်ပြု ပေးခဲ့တယ်။

ဒီလမ်းအကြောင်းတွေးမိတိုင်း ပြုံးမိရဲ့။ တိရစ္ဆာန်ရုံ ရှိတဲ့နေရာကလမ်းကို သူတို့ဘုရင်နာမည် ပေးမိရက်သားဖြစ်နေခဲ့ တာကိုး။

## စံအိမ်တော်

သီပေါမင်းတြားစံအိမ်တော် (ထပ်အလေးအနက်ပြုပါရစေ၊ နန်းတော်မဟုတ်၊ နန်းတော်လုံးဝမဟုတ်ပါ။) ကို သွားကြည့်ကြတော့ စံအိမ်တော်အုတ်တံတိုင်း အပြင်နားမှာ စုတ်ပြတ်နံစော်နေတဲ့ တဲငယ်တွေနဲ့ မိသားစုတွေရော ခွေးတွေ ကြက်တွေနဲ့ ဆိတ်တွေပါ ပထမဆုံး မြင်ရတယ်။

ဒီလိုမြင်လိုက်ရတော့ ကျွန်တော့်ရဲ့မယ်တော်ပြောပြဖူးတာ တွေကို သွားသတိရမိရဲ့။

'အရှင်ဘုရား(မယ်တော်ကသူ့ကိုယ်သူပြောပုံ)တို့ ရတနာဂီရိ ရောက်တော့ စံအိမ်တော် ပတ်ပတ်လည်မှာ အနူရောဂါသည်တွေ ရှိနေကြတယ်။

'စံအိမ်တော်ရဲ့ရှေ့မှာ အရေပြာပင်လယ်ကြီးရှိနေလေတော့ လေကောင်းလေသန့်ရတာပေါ့။ လေညင်းခံဖို့တယ်ကောင်းတာကိုး။ အဲဒီလိုလေညင်းခံနေတုန်း အနူရောဂါသည်တွေဆီက သူတို့အချင်းချင်း ဆဲသံဆူသံတွေ ထွက်ပေါ်လာတဲ့အခါကျမှ ဟင်. . . ဒီလေ ပြေလေညင်း က ဒီအနူရောဂါသည်တွေဆီက ကျော်ဖြတ်လာလို့ အနူရောဂါပိုးတွေ ပါလာနိုင်တယ်လို့ တွေးမိကြပြီး အထဲပြန်ဝင်ပြီး ပြတင်းပေါက်တွေရော တံခါးမကြီးတွေပါ ပိတ်ထားလိုက်ကြရတယ်'

'ဒီလိုအနူရောဂါသည်တွေ စံအိမ်တော်ပတ်လည်မှာ ရှိနေတာ အင်္ဂလိပ်တို့ရဲ့ ကောက်ကျစ်စဉ်းလဲတဲ့ ဉာဏ်နီဉာဏ်နက်ဖြစ်နိုင်တယ်။ သဘောရိုးမယ်၊ စေတနာထားမယ်၊ လူလူချင်းစာနာမယ်ဆိုရင်

ဘုရင်တစ်ပါးရဲ့ စံအိမ်တော်ပတ်လည်ဟာ သန့်ရှင်းသာယာနေရမှာပေ့ါ။ မလွှဲမရှောင်သာလို့ လူနေအိမ်ခြေရာခြေတွေ ရှိနေတယ်ဆိုရင်လဲ လူကောင်းတွေပဲ ရှိနေသင့်တာပေ့ါ။ အခုတော့ စံအိမ်တော်ကို ဘုန်းတော်ကြီးဘုရား စံနေတော်မူဖို့ ကြိုတင်ပြင်ဆင်ထားတဲ့ နေရာမှာ အနူရောဂါသည်တွေကို ဘာကြောင့် မဖယ်ရှားသလဲဆိုတာ ရှင်းနေပြီပေ့ါ။ ဒီလိုလုပ်ထားတော့ အရှင်ဘုရားတို့မှာ လေညှင်းလဲ မခံရဲ ဘယ်တော့များ ဒီအနူရောဂါပိုးတွေ ငါတို့ဆီ ကူးစက်လာမလဲလို့ အမြဲလိုကို စိုးရိမ်နေကြရတဲ့ဘဝ'

မယ်တော်ခမျာ ဒီအနူရောဂါကူးစက်မှာကို ဘယ်လောက် စွဲလမ်းစိုးရိမ်နေတော်မူသလဲဆိုရင် မယ်တော်ကိုယ်တိုင် ဒါမှမဟုတ် ကြင်ရာတော်(ကိုကိုနိုင်)နဲ့ သားတော်၊ သမီးတော်တွေမှာ ယားယံကြတယ်။ အဖုအပိမ့်တွေထွက်ကြတယ်ဆိုရင် "ဘုရား. . . ဘုရား. . . နူနာမဖြစ်ကြပါစေနဲ့" လို့ ရေရွတ်တော်မူပြီး အရက်ပြန် (အဲဒီခေတ်က အရေပြားလိမ်းဆေးတွေဖြစ်တဲ့) (Zambuk Catecura DDT) တို့ကို လိမ်းပေးတော်မူယုံမက ပါးစပ်ထဲမှာ ပိုးသေအောင်ဆိုပြီး Sen Sen နဲ့ Peps တို့လဲ ငုံထား ခိုင်းတော်မူလေ့ရှိတယ်။ တစ်ခါက ကျွန်တော်ရဲ့ ပေါင်မှာ ယားယံပြီး အရေပြားနီလာထူလာလို့ မယ်တော်ကိုယ်တိုင် အရက်ပြန်နဲ့ တအားပွတ်ပြီး လိမ်းဆေးတွေထည့်လွန်းလို့ အသားနီလန်သွားကာ အနာဖြစ်သွားလိုက်တာ အမာရွတ်အခုထိကျန်နေသေးရဲ့။

ဘိုးတော်ဘုရား၊ ဘွားတော်ဘုရားနဲ့ မိသားစုတစ်ခုလုံးကို အဲဒီလို စိုးရိမ်စိတ်တွေ၊ စိတ်ဆင်းရဲမှုတွေ အနေအထိုင်မလွတ်လပ်မှုတွေ လေညှင်းမခံရဲမှုတွေ ဖြစ်နေအောင်လုပ်တာကို ဒီခေတ်မှာ'ဆိုက်ကို' လို့ သုံးနှုန်းနေကြတဲ့'စိတ်ဓါတ်စစ်ဆင်ရေး' (Psychological warfare) လို့ ဆိုရင်ကြီးကျယ်နေမလားပဲ။ ဒီနေရာမှာ ပါတော်မူပြီးနောက်ပိုင်း လက်နက်ကိုင် ပုန်ကန်ခုခံခဲ့ကြတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့အဘိုးဗိုလ်မင်းရောင်

အပါအဝင် မြန်မာမျိုးချစ်သူရဲကောင်းတွေကို ဓါးပြတွေဆိုပြီး ခေါင်းဖြတ်သတ်ပစ်ခဲ့တာက ရှိနေလေတော့ စဉ်းစားကြည့်ကြတာပေ့ါ။

ရတနာဂီရိရောက်ပုံကို မယ်တော်က အခုလိုပြောခဲ့ဖူးတယ်။ ‘အရှင်ဘုရားတို့ ရတနာဂီရိဆိပ်ကမ်းရောက်ကြတော့ အဲဒီညမှာ သင်္ဘောပေါ်မှာ အိပ်ကြရတယ်။ ပါလာတဲ့ အရာရှိတွေက လုံခြုံရေးအကြောင်းပြကြတယ်။

ဒီလိုသင်္ဘောပေါ်မှာ ညအိပ်ရတော့ အရှင်နန်းမတော်ဘုရား (မယ်တော်က သူ့မယ်တော်စုဘုရားလတ်ကို ခေါ်ပုံ) ဟာ သိပ်သနားစရာကောင်းတော်မူတယ်။ အရှင်နန်းမတော်ဘုရားက တတိယသမီးတော်ကို မီးဖွားသန့်စင်တော်မူပြီးလို့ တစ်လလောက် သွေးနုသားနုရှိနေတော်မူတုန်း မဒရပ်စ်ကရတနာဂီရိ ပင်လယ်ခရီးကြမ်းကို တစ်ပတ်လောက် စီးသွားတော်မူရလို့ အော့အန်မူးမေ့တော်မူလွန်းလို့ အစားအသောက်ပျက်၊ အိပ်ရေးပျက်တော်မူရရှာတယ်။ နေကောင်းသူတွေတောင် လှိုင်းလေဒဏ် အတော်ခံရတာကလား၊ ဒီတော့ သွေးနုသားနုဖြစ်တော်မူတဲ့ အရှင်နန်းမတော်ဘုရားခမျာ ယူပစ်လိုက်သလို ပိန်ချုံးပြီး မျက်တွင်းဟောက်ပက်နဲ့ ချည့်နဲ့သွား ရှာတော်မူတယ်။ စိတ်ဓာတ်ခိုင်မာတော်မူလို့သာပေ့ါ။ နို့မဟုတ်ရင်တော့လား၊ အဲဒီသင်္ဘောပေါ်မှာပဲ ဒုက္ခလှလှကြီး ခံတော်မူရရှာမှာ။

စိတ်ဓါတ်ခိုင်မာတော်မူတာကို ကြည့်အုံး။ အဲဒီလို အော့အန်မူးမော်ပြီးတိုင်း ‘ဒါမိစ္ဆာအင်္ဂလိပ်တွေကြောင့်ဖြစ်ရတာ၊ ဘယ်တော့မှ မမေ့ကြနဲ့၊ ဒင်းတို့က သေအောင်သတ်နေတာမို့ ငါအသေမခံနိုင်ဘူး။ ငါအသေမခံနိုင်ဘူး။ ငါအသေမခံနိုင်ဘူး၊ ဒင်းတို့ကို ငါအသက်ရှင်နေမှ လက်စားချေနိုင်မှာ ငါအသေမခံနိုင်ဘူး၊ ငါမသေဘူး” လို့ အံကြိတ်အမိန့်ရှိတော်မူလေ့ရှိတယ်။

တစ်ခါက အတော်မူးမော်နေတော်လို့ အလွယ်တကူရှိနေတဲ့

'အိုဒီကလုံး' (ရှူဆေးရည်) ကို အမှတ်တမဲ့ဆက်လိုက်မိလို့ 'ငါ့ဒီမိစ္ဆာအသုံးအဆောင်မျိုးတွေ မသုံးတာမသိဘူးလား' လို့ ကြိမ်းမောင်းပြီး ပုလင်းကိုလွှင့်ပစ်လိုက်တော်မူတာ သဘော်ာသံနံရံအကာနဲ့ထိပြီး၊ အစိတ်စိတ်-အမွှာမွှာကွဲသွားပါရော။

ရတနာဂီရိဆိပ်ကမ်းမှာ ညဘက်သင်္ဘောပေါ်မှာ စက်တော်ခေါ် ရတုန်း လုံခြုံရေးတပ်က အမိန့်ပေးသံတွေ၊ သေနတ်မောင်းထိုး သံတွေ စစ်ဖိနပ်ကြီးတွေနဲ့ ပြေးတက်ပြေးဆင်းသံတွေ လက်နှိပ်ဓါတ်မီး တွေ တဝင်းဝင်းနဲ့ မကြာခဏလှုပ်ရှားနေကြလို့ တမှေးမှမအိပ်ကြရဘူး။ မနက်သင်္ဘောပေါ်ကဆင်းကြတော့ အရှင်နန်းမတော်ဘုရားဟာ အံ့သြလောက်အောင် ဘယ်သူ့အတွဲမှမခံဘဲ ဘုန်းတော်ကြီးဘုရား လက်တော်ဆွဲပြီး ရှေ့ဆုံးက ထွက်တော်မူသွားတာ နှစ်ခါလောက် ဒယီးဒယိုင် ဖြစ်တော်မူသွားတာကလွဲပြီး ပကတိလူကောင်း အတိုင်းပဲ။ (သူရိယသင်္ဘောပေါ်တက်တုန်းကလဲ ဒီအတိုင်းပဲ စုဘုရားလတ်က သီပေါမင်းတြား လက်ဆွဲပြီး ရှေ့ကတက်သွားခဲ့တာ မှတ်မိကြပါလိမ့်မယ်)

အဲဒီလိုကျွန်တော့်ရဲ့မယ်တော်ကပြောပြီး မျက်စိမှိတ် လက်အုပ်ချီပြီး ဆုတောင်းတော်မူလိုက်တယ်။

'အရှင်နန်းမတော်ဘုရားရဲ့ ခိုင်မာတဲ့စိတ်ဓါတ်မျိုးရပါလို၏။ အရှင်ဘုရား'

ကျွန်တော့်ရဲ့မယ်တော်က အင်္ဂလိပ်နယ်ချဲ့ကို အာဏာဖီဆန် တဲ့ စတုတ္ထသမီးတော် အရေးတော်ပုံစာတမ်း ထုတ်ဝေခဲ့လို့ အင်္ဂလိပ် အစိုးရက သူပုန်မင်းသမီး (Rebel Princess) လို့ သတ်မှတ်ပြီး မန္တလေးကနေ မော်လမြိုင်ကို အကျယ်ချုပ်နဲ့ ပို့ထားလိုက်တာ အဲဒီမှာပဲ နတ်ရွာစံတော်မူခဲ့ရတယ်။ မော်လမြိုင်မြို့ရဲ့ အစည်ကားဆုံး ဈာပနာတော် အဖြစ် ရဟန်းရှင်၊ လူ၊ ပြည်သူတွေက ကျင်းပပေးခဲ့တယ်။

## မယ်တော်ရဲ့ဆုတောင်းပြည့်ခဲ့ပြီ

စံအိမ်တော်ကို မြင်မြင်ချင်း ရှေ့ဦးဆုံးခံစားချက် သုံးချက်ဖြုန်းခနဲပေါ်လာတယ်။

၁။ ရတနာပုံ(မန္တလေး)နန်းတော်နဲ့နှိုင်းယှဉ်လိုက်ရင် သေးသိမ်နုံချာနေတယ်။

၂။ အကျဉ်းစခန်း(ထောင်)လိုဖြစ်နေတယ်။

၃။ သီပေါမင်းတြားအနွယ်တော်တွေမှာ သမိုင်းပေးတာဝန်ရှိနေတယ်။

ပထမအချက်နဲ့ ပတ်သက်ပြီး သိပ်ရှင်းပြနေဖို့ လိုမယ်မထင် ပါဘူး။ မန္တလေးနန်းတော်၊ အခုပြန်တည်ဆောက်နေတဲ့ မြနန်းစံကျော် ရွှေနန်းတော်ကြီးဟာ ခန့်ညားထည်ဝါနေတာမြင်ကြတဲ့အတိုင်းပဲ အခု ဖော်ပြလိုက်တဲ့ နန်းတော်ပုံနဲ့ ရတနာဂီရိစံအိမ်တော်တို့ကို နှိုင်းယှဉ် ကြည့်ကြရင် အဖြေအတိအကျပေါ်နေပြီမဟုတ်လား။

မန္တလေးနန်းတော်ကို မမြင်ဖူးသူတွေကတော့ ဒီစံအိမ်တော် ကိုကြည့်ပြီး 'အင်္ဂလိပ်ဘယ်ဆိုးလို့လဲ' သီပေါဘုရင်ကို နန်းချပေမယ့် ဒီလိုနန်းတော်နဲ့ထားပေးတာပဲလို့ တွေးမိကောင်းတွေးမိပါလိမ့်မယ်။ ထားပါတော့. . . ဒါပေမယ့် ဒီလိုစဉ်းစားကြည့်လိုက်ပါ။

## ရွှေလှောင်အိမ်ထဲက ငှက်လိုနေရှာမှာပဲ

စံအိမ်တော်ကိုလှည့်ကြည့်နေကြတုန်း တော်ဘုရားငယ် ပြောခဲ့တာကို ကြားယောင်နေမိရဲ့။

'အရှင်ဘုရား(မယ်တော်ကိုခေါ်ပုံ)သာ အခု အတူပါလာတော်မူရင် ဘယ်လောက်ကောင်းလိုက်မလဲ။ ဘုန်းတော်ကြီးဘုရားနဲ့ အရှင်

နန်းတော်ဘုရားတို့က ဘယ်အခန်းမှာ စံတော်မူကြတယ်။ သမီးတော်တွေက ဘယ်အခန်းမှာ နေတော်မူကြတယ်။ အရှင်ဘုရားကို ဘယ်အခန်းမှာ မွေးဖွားသန့်စင်တော်မူတယ်။ သမီးတော်လေးပါး ဘယ်မှာ ဆော့ကစားတော်မူကြတယ်။ အရှင်ဘုရား ဘယ်လှေကားပေါ်က လိမ့်ကျလို့ ဒူးပြဲသွားတော်မူတယ်။ ဘယ်အခန်းမှာ ဧည့်သည်တွေကို လက်ခံ တွေ့ဆုံတော်မူကြတယ်။ အဆိုတော်၊ အကတော်တွေ ဘယ်နေရာမှာ တင်ဆက်ကြတယ်လို့ တဖွဖွပြောပြတော်မူမှာ အခုတော့ ကိုယ့်စိတ်ကူးနဲ့ကိုယ် တွေးကြည့်နေကြရတော့တာပဲ'

ကျွန်တော်တို့လည်းချောင်းတွေတစ်ဆို့ပြီး မျက်ရည်လည်မိကြတာပေါ့။

စံအိမ်တော်နဲ့ ပတ်သက်ပြီး ရတနာဂီရိရောက်ခဲ့ကြတဲ့ သီပေါ-မင်းတြားမြေးတော်ငါးဦးနဲ့ မြစ်တော်နှစ်ဦးပေါင်း ခုနှစ်ဦးတို့က သမိုင်းဝင်မှတ်တမ်းဖြစ်အောင် ဒေါင်းတံဆိပ်တော်စာရွက်မှာ လက်မှတ်ရေးထိုးကြပြီး အခုလို မှတ်တမ်းတင်ထားကြတယ်။

**ဒေါင်းတံဆိပ်တော်**
**အိန္ဒိယနိုင်ငံရတနာဂီရိမြို့ရှိ**
**သီပေါမင်းတြားရုပ်ကလပ်တော်အား**
**မရှက်ဆောင်ရသေးသော သရဏဂုံတင်မှုကို**
**စွမ်းဆောင်ပြုလုပ်ခဲ့ခြင်းမှတ်တမ်း**

**သီပေါမင်းတြား၏စံအိမ်တော်**

စံအိမ်တော်ကို သွားရောက်ကြည့်ရှုကြရာ အလွန်ယိုယွင်းပျက်စီးနေသည်ကို ဝမ်းနည်းစွာ တွေ့မြင်ခဲ့ကြပါသည်။

**ရတနာပုံစာအုပ်တိုက်**

စံအိမ်တော်၏ ပင်မဧည့်ခန်းဆောင်တွင် ကြက်တောင်ရိုက်ကစားနေကြခြင်း၊ အခြားအခန်းကြီး အခန်းငယ်များတွင် ကလေးများ ဝင်ထွက်ပြေးလွှားနေကြခြင်း၊ ကြမ်းတမ်းစွာ အော်ဟစ်ပြောဆို ကစားခြင်း၊ လင်းနို့များ၊ ခိုများနှင့်စာကလေးများ အသိုက်ဖွဲ့နေကြရာ ယင်းတို့၏ အနံ့များ အမွေးများနှင့် မစင်များပျံ့ကြဲနေယုံမက တချို့အခန်းများတွင် လူ့မစင်နှင့်ကျင်ငယ်များကြောင့် နံစော်နေခြင်း ကမ္ဘာလှည့်ခရီးသည် အနည်းငယ် လာရောက်ကြည့်ရှုကြခြင်းကို တွေ့ခဲ့ကြသည်။

ယခင်က ရတနာဂီရိဒေသသည် တောကြီးမြက်မည်း(ကျားနှင့် ခြင်္သေ့များပင်ရှိခဲ့ဖူးပါသည်။) ဖြစ်ခဲ့သော်လည်း ယခုအခါ တောင်ပေါ် အပန်းဖြေစခန်း (Hill Resort) ဖြစ်လာနေပြီဖြစ်ပါသည်။

ထူးခြားချက်မှာ စံအိမ်တော်ရှေ့ရှိလမ်းကို ‘သီပေါနန်းတော် လမ်း’ (THIBAW PALACE ROAD) ဟုအမည်ပေးထားပြီး ယင်းလမ်းကို ချဲ့ကာ ကောင်းမွန်စွာ ပြုပြင်နေသည်ကို တွေ့ခဲ့ကြပါသည်။

ရတနာဂီရိမြို့ပါဝင်သော မဟာရပ်စ်တရာပြည်နယ် (Maharashtra State) ဖွံ့ဖြိုး စည်ပင်သာယာရေး ဆောင်ရွက် ရာတွင် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်ရန် သီပေါမင်းတြား စံအိမ်တော်နှင့် လမ်းတို့ကိုပါ လှပခန့်ငြားစွာ ပြုလုပ်သွားမည်ဟု ယင်းပြည်နယ်အစိုးရက တရားဝင် ကြေငြာထားကြောင်းနှင့် ယင်းစံအိမ်တော်ကို အဆင့်မြင့်ဟိုတယ် တည်ဆောက်ရန် အလားအလာရှိကြောင်းလည်း သိခဲ့ကြပါသည်။

ဤနေရာတွင် သီပေါမင်းတြားစံအိမ်တော်ကို နန်းတော် (Palace) ဟု ခေါ်ဝေါ်ထားခြင်းမှာ မသင့်တော်ဟုထင်မိကြပါသည်။ အကြောင်းမှာ သီပေါမင်းတြား စံမြန်းတော်မူခဲ့သော မန္တလေး ရတနာပုံ နေပြည်တော်ရှေနန်းတော်ကြီးနှင့်နှိုင်းယှဉ်လျှင် များစွာ သိမ်နုတ်နေခြင်း ကြောင့်ဖြစ်ပါသည်။

**ရတနာပုံစာအုပ်တိုက်**

နန်းတော်ဟု ခေါ်ဝေါ်ခြင်းအားဖြင့် သီပေါမင်းတြားကို နန်းချပြီး ရတနာဂီရိသို့ ပို့ထားသော်လည်း နန်းတော်ဖြင့် တင့်တင့် တယ်တယ် ထည်ထည်ဝါဝါ ထားရှိကြောင်း နိုင်ငံတကာ အထင်ရှိအောင် အင်္ဂလိပ် နယ်ချဲ့က အကွက်ဆင် လှည့်စားထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် သီပေါမင်းတြားအနွယ်တော်များက နန်းတော်ဟု မခေါ်ဝေါ်ကြပဲ စံအိမ်တော် (Royal Residence) ဟူ၍ ခေါ်ဝေါ်ကြခြင်းဖြစ်ပါသည်။

**စိန်ခြယ်၊ ဧပြီလ၊ ၁၉၉၅**

⇨ ⇨ ⇨

# ရတနာပုံ မှ ရတနာဂီရိ သို့ (၆)

## စံအိမ်တော်တိုက်တက်မင်္ဂလာ

### ဆရာတော်ဘုရားကြီးငါးပါးနဲ့စိန်ပေဒါ

ပါတော်မူပြီး (၂၆) နှစ်ကြာတဲ့အခါ (၁၉၉၁) ဒီစံအိမ်တော်မှာပဲ တိုက်တက်မင်္ဂလာ အလှူတော်ကျင်းပခဲ့တယ်။ မြန်မာနိုင်ငံက ကြွရောက်တော်မူခွင့်ရခဲ့ကြတဲ့ ဆရာတော်ကြီးငါးပါးက

**(၁) ဘေးမဲ့ဆရာတော်ဘုရားကြီး**
**(၂) တိုက်အုပ်ဆရာတော်ဘုရားကြီး**
**(၃) မောက်ကျိုးဆရာတော်ဘုရားကြီး**
**(၄) မိုးကောင်းဆရာတော်ဘုရားကြီး**
**(၅) မြင်းမူမြို့နယ် ပဲကူရွာ ဝါဆိုကျောင်းဆရာတော် အရှင်အရိယဝံသတို့ ဖြစ်ကြတယ်။**

တိုက်တက်မင်္ဂလာအလှူတော်ကျင်းပခဲ့ရာမှာ စိတ်ထိခိုက်ဖွယ်

အဖြစ်အပျက်ကို ပြင်ဦးလွင်ချစ်ဆွေရေးတဲ့ 'အိန္ဒိယနိုင်ငံ ရတနာဂီရိသွား မြန်မာအဆို၊ အက၊ အရေး၊ အတီးအဖွဲ့' ဆောင်းပါး (ကြေးမုံသတင်းစာ ၁-၉-၉၄) မှာ အောက်ပါအတိုင်းဖော်ပြထားတယ်။

ရတနာဂီရိသို့ ရောက်သောအခါ သီပေါမင်းနှင့်ဆရာတော်များ တွေ့ဆုံမိကြလျှင် သီပေါမင်းသည် ထိခြင်း ငါးပါးနှင့်ပြည့်စုံစွာ ဦးသုံးကြိမ် ချရာဝယ် အသွယ်သွယ်သော မျက်ရည်များယိုစီး၍ နေပါသည်။ သက်တော် (၆၀) ကျော် (၇၀) ကျော် ဆရာတော်ကြီးများလည်း ဣန္ဒြေ ချုပ်တည်းခြင်းငှာ မတတ်နိုင်ရှာကြပဲ ထွက်လာသောမျက်ရည်များကို အနိုင်နိုင် သိမ်းဆည်းသုတ်ယူလျှက် ငြိမ်သက် တိတ်ဆိတ်စွာ နေကြသည် မှာ နာရီဝက်ခန့်ကြာမြင့်ခဲ့လေသည်။

ဆရာတကာတို့ ကြေကွဲဝမ်းနည်းဖွယ်ရာဖြစ်နေစဉ်တွင် ဘေးမဲ့ဆရာတော်ဘုရားကြီးသည် ဝေဿန္တရာဇာတ်တော်ကြီးကို စတင်ဟောတော်မူလျှက်၊ ဖြစ်ပြန်၊ ပျက်ပြန် ညွှန်ကြားပြခြင်းဖြင့် အပူ၊ အဆွေး၊ ကြေကွဲသည့်အရေးတို့မှ ကင်းဝေးနှစ်သိမ့်တော်မူ ရှာလေသည်။ ထို့နောက် . . .

'ဒကာတော် ရေမြေ့ရှင်လည်း တရားကိုနားလည်သိရှိပြီးဖြစ်သည့်အတိုင်း တရားနှင့်ဆင်ခြင်၍ ချမ်းမြေ့အေးကြည်သော စိတ်ဓါတ်ကို မွေးမြူပါလေ' ဟု အကျယ်တဝင့် နိဂုံးချုပ်ဟောကြားတော်မူလေသည်။

## စိန်ပေဒါ

ဆရာတော်ဘုရားကြီး ငါးပါးကြွရောက်တော်မူလာခွင့်ရသလို နာမည်ကျော်စိန်ပေဒါနှင့် ဆိုင်းအဖွဲ့တို့လဲတက်ရောက်ခွင့်ရပုံနှင့် ပတ်သက်ပြီး အဲဒီဆောင်းပါးမှာပဲ စိန်ပေဒါအကြောင်းကို အခုလို ဖော်ပြထားတယ်။

. . . ဘုရင်မင်းမြတ်မှာလည်း စိတ်ချမ်းသာတော်မူလှ၍ စိန်ပေဒါအား ရွှေဒင်္ဂါးရှစ်ပြားစီရှိသည့် ဒေါင်းရုပ်ကြီးနှင့် တံဆိပ်တွင် နေမျိုးကျော်စွာခေါင်၏ သားဖြစ်သူမို့ 'နေမျိုးဗလကျော်သူ' ဟူသော ဘွဲ့ထိုး၍ ချီးမြှင့်သည်။ ထိုဘွဲ့နှင့်အတူ ဆိုင်းဝိုင်းတွင် ရွှေသိုင်းလေးချက် တပ်ဆင်ရန်လည်း ချီးမြှင့်ခွင့်ပြုလိုက်သည်။ အလံရှစ်ချက်နှင့် ဖန်အိုး အလုံး (၂၀) တပ်ဆင်ခွင့်ပြုလိုက်သည်။

ရတနာဂီရိမှအပြန်ကစ၍ ပေဒါက စိန်ပေဒါအမည်ခံယူသည်။

ရတနာဂီရိရောက်စိန်ပေဒါနှင့် ပတ်သက်ပြီး နေဝင်းမြင့်ရေးတဲ့ 'တောကျီးကန်းဝတ္ထုတိုများ' စာအုပ်(၁၉၉၄) ထဲက 'ရတနာဂီရိနှင့် နှင်းခါးညများ' မှာ အခုလိုရေးဖွဲ့ထားတယ်။

. . . ရတနာဂီရိကို သွားဖျော်ဖြေရမတဲ့။ တိုက်သစ်စံအိမ်တော် တက်ပွဲမှာ အသုံးတော်ခံရမှာတဲ့။ ပေဒါငေးမောနေဆဲ' . . .

(စာရေးဆရာ နေဝင်းမြင့်ကို မသိယုံမက မြင်တောင်မမြင်ဖူး ဘူး။ ဒါပေမဲ့ သူက 'စံအိမ်တော်' လို့ သုံးနှုန်းထားတာ သီပေါ မင်းတြား အနွယ်တော်တွေရဲ့ ဆန္ဒနဲ့လာပြီး တူညီနေတာမို့ ဝမ်းသာအားရမိ ကြတယ်။)

. . . ထစ်ထစ်ချင်း ဆင်းလာသည့် ခြေလှမ်းများ၊ ပေဒါက မျက်လုံးတွေကို မရဲတရဲမော့ကြည့်လိုက်သည်။ ခြေသံ၊ နောက်ဖိနပ် တော်။ တောက်ပသည့်လွန်းချိတ်ပုဆိုး၊ ခါးရှည်ခါသာ ပိတ်ဖြူအင်္ကျီ၊ ထိုမှမျက်နှာတော်။

အို. . . သီပေါအရှင်။ ကုန်းဘောင်မင်းဆက်၏ နောက်ဆုံး ဘုရင်၊ မန်အောင်ရတနာ ဒါယကာဘဝရှင်မင်းတရား၊ သီပေါမြို့ စား၊ ရတနာပုံဒုတိယနန်းစံတော်ကြီးဘုရား။ သီရိပဝရာ ဒိကျောတိ လောက-ဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ။ မျက်နှာတော်က ညှိုးချုန်းချုန်း ရှိသော်လည်း ဝင်းပနေသည်။ ထူထဲနက်မှောင်သည့် နှုတ်ခမ်းမွှေးက

မျက်နှာကို ပိုမိုရင့်အိုစေသည်။ လေးနက်ကြည်လင်သော မျက်လုံးများက အရည်လဲ့နေသည်ဟု ထင်သည်။ သူ့နောက်မှာ မြတောင်မြို့စား သီရိသု-မင်္ဂလာ ရတနာဒေဝီဘွဲ့ခံ သီရိပဝရ မဟာရာဇိန္ဒြာဘိသုဓမ္မရတနာ-ဒေဝီစုဘုရားလတ်(စုဖုရားလတ်လို့ စာလုံးပေါင်းသတ်ပုံမပြုပါ) သခင်မဘုရား (ဖုရားမှာ မိဖုရားစာလုံးပေါင်းသတ်ပုံမှာသာသုံးပါတယ်) စင်းစင်းဖြောင့်သော မျက်ခုံးတော် နက်မှောင်မှောင်က နက်ရှိုင်းခြင်း၊ တည်ကြည်ခြင်းနှင့် ဆန်းကြယ်ခြင်းတို့ကို ပြနေသည်လား။ တင်းတင်းစေ့ထားသော နှုတ်ခမ်းမှာ မာနတို့ ပေစွန်းနေသေးသည်။

'ကင်းဝန်ဟာ သတ္တိမရှိတဲ့ စေ့စပ်ရေးသမားဖြစ်တယ်။ ထဘီဝတ်ထားဖို့ကောင်းတယ်။

စုဖုရားလတ်၏ အော်ဟစ်သံက နန်းတော်ခန်းမကြီး (စစ်ညီ-လာခံ၊ ၇-နိုဝင်ဘာ ၁၈၈၅) ထဲမှာ ဟိန်းဟိန်းညံကာလှိုင်းထနေသည် စူးရှကျယ်လောင်နေသည်(ဟုဗေဒါကြားခဲ့ဖူးတာကို သတိရလိုက်တယ်)

'ကျွန်တော်မျိုး ဗေဒါဦးဆောင်လို့ နောက်ပါတပည့်လက်သား နှစ်ဆယ်ကျော်ပါရှိကြောင်း ဘုရား၊ အငြိမ့်တော် မယင်းတော်၊ မစောရင်၊ မစိန်ကြည်၊ မစိန်မေ၊ လူ့ရွှင်တော် ဦးကျွမ်း၊ ဦးဗလ၊ အဆိုတော် ဦးလူကြီး၊ ဦးပေါ်ဦးတို့သာမက စောင်းဝိဇ္ဇာဒေဝက္ကန္ဒာ မောင်မောင်ကြီးပါ အသုံးတော်ခံရန် ပါပါကြောင်းဘုရား။

ထိုနေ့က ဘုံဘိုင်ဘုရင်ခံ ဆာဂျော့ကာလပ်ဆိုသူလာသည်။ ရတနာဂီရိအရေးပိုင်မစ္စတာဘရန်ဒါဆိုသူလည်းလာသည်။ ဂီတသင်္ကေတမပါဘဲ နားစောင်နှင့်တီးပြသည်ကို တိုင်းတစ်ပါးတို့ အံ့သြသည်။ တစ်ဖက်ဘင်တီးဝိုင်းက တီးပြသော အင်္ဂလိပ်တေးတစ်ပုဒ်ကို မြန်မာ့ဆိုင်းဝိုင်းကြီးဖြင့် ကောက်ကာငင်ကာ ထပ်တူထပ်မျှ တီးပြသည့်အတွက် မြန်မာ့ဂီတနားကို သူတို့ အထင်မသေးဝံ့တော့။ ဒါကို ဗေဒါကျေနပ်သည်။ သူ့ထက်ကျေနပ်အားရသူတွေ ရှိသေးသည်။ သီပေါကိုယ်တော်နှင့်

မိဖုရား(ခေါင်ကြီး စုဖုရားလတ်)

'ဗေဒါရယ် မင်းဟာ အမျိုးဂုဏ်ကို ဂီတနှင့်ဆောင်းလိုက်တာပဲ ကွယ့်။ ငါကိုယ်တော် အားရတော်မူတယ်'

ထိုနေ့က သီပေါဘုရင်အသံတွေက တုန်လှိုက်နေသည်။ ပြုံးရယ်သော မျက်နှာပေါ်မှာ ဇာတိမာန်တို့ရှိနေသည်။

အင်း. . . ဘေးမဲ့ဆရာတော်ကြီး မိန့်တော်မူသလို လောကရဲ့ဖြစ်ခြင်း၊ ပျက်ခြင်းသဘော ဝိပ္ပလ္လာသယွင်းသွေဖောက်ပြန်ခြင်း သဘောကို အောက်မေ့ဆင်ခြင်နိုင်ဖို့ပဲလိုတယ်

ကျဉ်းကျုံ့ခြင်းနဲ့ ပွင့်လင်းကျယ်ပြောမှုရဲ့ ခြားနားခြင်း၊ အနှောင်အဖွဲ့နှင့် လွတ်လပ်ခြင်းရဲ့ ကွာဟမှု . . .

'သည်ဖြစ်ရပ်ပြီးတဲ့နောက် ခုနှစ်နှစ်အကြာမှာ ရတနာဂီရိအကျဉ်းစံအဖြစ် ငါရောက်ခဲ့ရပြီ။ ညီတော်နောင်တော်တို့ရဲ့ ကြိုးတိုက်၊ ကြေးတိုက်ထဲ ခံစားမှုမျိုး ငါခံစားနေရပြီ။ ငါကိုယ်တိုင်က ကံသုံးပါးနှင့် မရည်ရွယ်ခဲ့တဲ့ကိစ္စမှာတောင် ကျဉ်းကျုံညှိုးငယ်ရခြင်း ဆင်းရဲပင်ပန်းရခြင်း လှောင်ပိတ်မွန်းကျပ်ရခြင်း ဒုက္ခဟာ တစ်ဖန် တစ်လှည့် ရောက်ရှိခြင်း မြန်လှချည်လားကွယ်ရို့' . . .

သဘော်ဦးကို လှိုင်းရိုက်သံ တိုးတိုးသဲ့သဲ့ကာ ညမှောင်ထဲမှာ စည်းကျိုးနေသည့် သီချင်းတစ်ပုဒ်လို အချီအချမညီချင်။ ဗေဒါက ရတနာဂီရိဘက်ကိုမှန်းဆကာလက်အုပ်ချီလိုက်သည်။

'ချိန်ခါလွန်သာစွမှာ ဟေမန္တဆောင်းရက်ကြွယ် လွမ်းဆင့် ဆင့်ညွန်းရွယ်တွေလေ'

နှင်းခါးညကား လွမ်းပျံ့ဖွယ် ကောင်းလွန်းနေသည်လေ'. . .

ကျွန်တော်တို့ရောက်သွားကြတော့ ဥယျာဉ်ရင်ပြင်မှာ မီးလောင်ထားတဲ့ သစ်ရွက်၊ သစ်ခက်၊ သစ်ကိုင်းတွေ၊ ပြာပုံတွေ နေရာတိုင်းမှာလိုလို ပြန့်ကျဲနေရဲ့။ စက္ကူစုတ်တွေ၊ အဝတ်စုတ်တွေ၊

ပလတ်စတစ်တွေ၊ ခွေးချေး၊ ဆိတ်ချေး၊ နွားချေးတွေကလဲ မနည်းပါလား။

ကျောင်းသားလူငယ်တွေ အပြေးပြိုင်နေကြ ကစားနေကြလို့ ဖုန်တထောင်းထောင်း အချင်းချင်း အော်ဟစ်ဆဲဆိုနေကြလို့ အသံတွေ ဆူညံပွတ်လောရိုက်ပါရော။

စံအိမ်တော်အရှေ့နှင့် အနောက်မှာရှိတဲ့ လှပတဲ့ရေကန် အဝိုင်းတွေနှင့် ရေပန်းတွက အက်ကွဲပျက်စီးနေပြီ။ သရက်ပင်တွေ အတော်များများ ကြီးနေပြီ။ ပန်းပင်တွေသေကုန်ပြီ။ ဝေဝေဆာဆာ ပွင့်နေတာကတော့ စက္ကူပန်းရောင်စုံတွေ။

စံအိမ်တော်ရဲ့ အုတ်နံရံတွေကလွဲပြီး သစ်သားနဲ့လုပ်ထားတဲ့ ကြမ်းခင်းတွေ၊ တံခါးနဲ့ပြတင်းပေါက်တွေရဲ့ သစ်သားဘောင်တွေနဲ့ မျက်နှာကျက်တွေကတော့ ခြစားပိုးထိုး ဆွေးမြေ့ကုန်ပြီ။ ရတနာဂီရိက မိုးသည်းထန်လေတော့ မိုးရေအများဆုံး ထိတဲ့အပိုင်းတွေ အထူးသဖြင့် သစ်သားတရုတ်ကတ်တွေ မရှိတော့ပဲ ဝါးထရံကာ ကာထားရတယ်။ တချို့သွပ်မိုးတွေဆွေးပြီး ပေါက်ပြဲစုတ်ပြတ်နေလို့ ဝါးကပ်မိုးတွေကို ဝါးလုံးတွေ သစ်သားတိုင်တွေနဲ့ ထောက်ထားရတယ်။

ဒါတောင်စက်မှုလက်မှုကျောင်း (Polytechnic) ဖွင့်ခဲ့တုန်းက ပြင်ဆင်ဆေးသုတ်ထားလို့ စံအိမ်တော်ဟာ အခုအခြေအနေဖြစ်နေတာ။ ဒီကျောင်းကိုတော့ ဒီစံအိမ်တော်ဝင်းထဲမှာပဲ သီးခြား အဆောက်အဦးတွေနဲ့ ထားရှိထားတယ်။

## ဒေါင်းတံဆိပ်တော်

အဲဒီလို ယိုယွင်းနေတဲ့စံအိမ်တော်ရဲ့အပေါ်ထပ် လသာဆောင် ထိပ်ပိုင်းမျက်နှာစာမှာ သီပေါမင်းတြားရဲ့ ဒေါင်းတံဆိပ်တော်ရုပ်လုံးကြွကို အကောင်းပကတိ ခန့်ခန့်ညားညား မြင်လိုက်ရတဲ့အခါမှာ ‘ဒါမှ

တို့ဘိုးတော်၊ ဘွားတော်ကွ၊ ဒါမှမြန်မာပေ့’ လို့ စိတ်ထဲက ကြွေးကြော်လိုက်မိတယ်။

ဒီတံဆိပ်တော်ကိုဘိုးတော်၊ ဘွားတော်၊ မယ်တော်တို့နဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေမှာ ကျွန်တော်ငယ်ငယ်ကတည်းက မြင်ဖူးနေပြီး အခုကျွန်တော့်ရဲ့လက်ထဲရောက်နေပြီမို့ သီပေါမင်းဆက်နဲ့ဆိုင်တဲ့ သမိုင်းထဲမှာမပါသေးတဲ့ အချက်အလက်တွေဟာ ဒီအဖိုးတန်လှတဲ့ ခိုင်လုံလှတဲ့ စာရွက်စာတမ်းတွေမှာ ပါရှိနေလို့ ကျွန်တော် သုတေသနလုပ်နေတာဖြစ်တယ်။ နောက် အားထားနိုင်တဲ့ အချက်အလက်တွေကို မယ်တော်ကိုယ်တိုင်ပြောပြတာတွေဖြစ်တယ်။

ဒီနှစ်ချက်ကိုပေါင်းလိုက်ရင် သီပေါမင်းဆက်နဲ့ ပတ်သက်လို့ နိုင်ငံခြား အထူးသဖြင့် မြန်မာကို ရန်ရှာကျူးကျော်သိမ်းပိုက်ခဲ့တဲ့ အင်္ဂလိပ်နယ်ချဲ့ရဲ့စာရွက်စာတမ်းတွေကို အများဆုံးအားထား (တချို့ကတော့ ယုံကြည်လိုက်လေရဲ့) ကြတဲ့ မြန်မာသမိုင်းသုတေသီတွေနဲ့ နှိုင်းချိန်ရင် ကျွန်တော်ရဲ့သုတေသနက ပိုခိုင်လုံတယ်လို့ မဆိုနိုင်ဘူးလား။

‘ဒါမှတို့ဘိုးတော်ကွ’ လို့ ဆိုတဲ့နေရာမှာ ပိုအလေးအနက်ပြုရမှာကတော့ နယ်ချဲ့ဆန့်ကျင်ရေး အလံတော်ကို မားမားမတ်မတ် လွှင့်ထူခဲ့တဲ့ ဘွားတော်စုဘုရားလတ်ပဲပေါ့။

ဒေါင်းတံဆိပ်တော်ကို စံအိမ်တော်မှာ တပ်ဆင်ဖို့ကိစ္စက အင်္ဂလိပ်နယ်ချဲ့ဗိုလ်ကျလွှမ်းမိုးမှုအတွက် အထိပ်ရောက်နေတဲ့ အချိန်ကာလမှာ လွယ်လွယ်နဲ့ ဘယ်ဖြစ်ပါ့မလဲ။ အင်္ဂလိပ်နယ်ချဲ့က သူတို့အထိမ်းအမှတ်တံဆိပ်တစ်ခုခု တပ်ဆင်ချင်တယ်။ ဒါကိုအရှင်နှစ်ပါး အထူးသဖြင့် စုဘုရားလတ်က ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့တယ်။ ဒီတော့ အင်္ဂလိပ်အထိမ်းအမှတ်နဲ့ ဒေါင်းတံဆိပ်တော် ဘယ်ဟာမှမထားဖို့ အပေးအယူလုပ်သေးတယ်။ ဘယ်လောက်အထိ ဖြစ်သွားသလဲဆိုရင် ဒီဒေါင်းတံဆိပ်တော်ကို စံအိမ်တော်မှာ တတ်ဆင်မပေးရင် သူမနေဘူးလို့

စုဘုရားလတ်က တင်းတင်းမာမာ ပြတ်ပြတ်သားသား ရာဇသံပေးလိုက်တော့မှ အောင်မြင်သွားတာ ဖြစ်တယ်။ ဒါတောင်မှ ဒေါင်းရဲ့ခေါင်းကို ငိုက်ထားဖို့ကြိုးစားသေးတယ်။ (Bow down) အရှုံးပေးလိုက်တဲ့ သဘောပေါ့။ ဒါမျိုးစုဘုရားလတ်ကို ဘယ်လုပ်လို့ရပါ့မလဲ။ ဒီတော့ မူလတံဆိပ်တော်အတိုင်း ဒေါင်းရဲ့ ခေါင်းကို တည့်တည့်ပြန်ထားပေးရတယ်။

ဒီဒေါင်းက နယ်ချဲ့နဲ့ လက်ပါးစေတွေကို ရဲရဲတောက် တိုက်ပွဲဝင်လာတဲ့ ဒေါင်း၊ ဒီဒေါင်းက အမျိုးသားသမိုင်းအစဉ်အလာကောင်းတဲ့ ဒေါင်း။

ဒီဒေါင်းက အာဇာနည်မဟေသီစုဘုရားလတ်ရဲ့ နယ်ချဲ့ဆန့်ကျင်ရေး ဒေါင်းမြတ်။

ဒါကြောင့်မို့ 'ဒါမှ ငါ့ဘွားတော်စုဘုရားလတကွ' လို့ ကြွေးကြော်လိုက်မှ ကျွန်တော်ဘဝင်ကျသွားတော့တယ်။

## အငှားစံအိမ်တော်နှစ်လုံး

ဒီစံအိမ်တော်မှာ အရှင်နှစ်ပါးမစံတော်မူကြရသေးခင် အင်္ဂလိပ်အစိုးရက ငှားရမ်းပေးထားတဲ့ စံအိမ်တော်နှစ်လုံးမှာ စံတော်မူခဲ့ကြရသေးတယ်။

အဲဒီအငှားစံအိမ်တော်နှစ်လုံးရဲ့ အမည်တွေက (Outram hall) နဲ့ (Baker's Burgalow) တို့ ဖြစ်ကြပြီး ဆယ်နှစ်အတွက် ငှားရမ်းထားတာဖြစ်တယ်။ တစ်လုံးနဲ့တစ်လုံး ကိုက် ၄၀၀ လောက်ကွာဝေးပြီး အထီးကျန်သလိုရှိပေမယ့် ဥရောပတိုက်သားတွေ နေကြတဲ့အပိုင်းနှင့်နီးကပ်တယ်။ မြို့ရဲစခန်းက ဒီစံအိမ်တော်နှစ်လုံးတည်ရှိတဲ့ တောင်ခြေမှာရှိတယ်။ ဒီနှစ်လုံးဟာ ရတနာဂီရိမှာ အကောင်းဆုံးနှင့် အကျယ်ဝန်းဆုံးလို့ဆိုကြတယ်။ အာရေဗျပင်လယ်ကြီးကို အပေါ်စီးက မြင်ရပြီး မြင်ကွင်း

အင်မတန်ကျယ်ပြော လှပသတဲ့။

ယာဥ်တွေသွားလာနိုင်တဲ့ လမ်းနှစ်သွယ်ကသာ ဒီအငှား စံအိမ်တော်နှစ်လုံးကို ရောက်နိုင်ပြီး ဒီနှစ်လုံးရဲ့အလယ်မှာ လုံခြုံရေး စခန်းချထားတဲ့အတွက် ဘယ်လမ်းကလာလာ သွားသွား အားလုံးကို ကောင်းကောင်းမြင်နိုင်တဲ့ အနေအထားရှိနေတာမို့ စံအိမ်တော်နှစ်လုံးရဲ့ အဝင်အထွက်ကို ထိန်းချုပ်ထားနိုင်တယ်။

အေးမြကြည်လင်သန့်ရှင်းတဲ့ရေတွေက နှစ်လုံးပေါက်စီးဆင်း နေပြီး နက်ရှိုင်းတဲ့ လျှိုကြီး၊ ချောက်ကြီးတွေက မြောက်ဘက်မှာ ရှိနေလို့ အဲဒီနေရာကို သွားလာလို့မရသလောက်ပဲ။

## ပလိပ်ရောဂါ

မကြာခင်မှာ ပလိပ်ရောဂါဖြစ်ပွားလို့ မြို့ထဲကလူတွေ ဒီနေရာကို ပြောင်းရွှေ့နေထိုင်လာကြရာက ပတ်ဝန်းကျင်ညစ်ပတ်ကုန်ပြီး ရေကြည် ရေသန့်တွေလဲ မကောင်းတော့ဘူး။

အရှင်နှစ်ပါးတို့ရောက်လာမှ ပလိပ်ရောဂါဖြစ်တယ်ဆိုတော့ ဆရာမကြီးလူထုဒေါ်အမာရေးတဲ့ 'ကျွန်မတို့ငယ်ငယ်က' စာအုပ် (၁၉၉၄) ထဲမှာပါတဲ့ 'မန္တလေးမြို့နှင့်ပလိပ်ရောဂါ' ဆောင်းပါးကို သွားသတိရ မိတယ်။ အဲဒီမှာအခုလိုရေးထားတယ်။

မန္တလေးမြို့မှာ ပထမတော့ နှစ်ဆက်၊ နောက်တော့ တစ်နှစ် ခြားလောက်(ပလိပ်ရောဂါ)ဖြစ်တယ်။ နောက်တော့နှစ်နှစ်ခြားလောက် ဖြစ်ပါတယ်။ ကျွန်မတို့ကလေးအရွယ်တုန်းကတော့ ဘာမှ မသိတတ်လေ တော့ ပလိပ်ပြေးရတာကို ပျော်စရာကြီးလို့ ထင်မိတာပေါ့။ ရှေးလူကြီး တွေက ပလိပ်ဖြစ်တာဟာ သွေးရိုးသားရိုး ဖြစ်တာမထင်ဘူး။ နယ်ချဲ့- သမားတွေက တမင်လုပ်တဲ့ကိစ္စလို့ ထင်တယ်ဆိုတာကို ကျွန်မတို့

ကျောင်းနေတဲ့ အရွယ်ရောက်တော့ ရှေးလူကြီးတွေ ပညာမဲ့လို့သာ ဒီလိုထင်တာလို့ အောက်မေ့မိတယ်။ ကျွန်မတို့ ပညာသင်တဲ့ ဆရာများ ကလည်း ဒီလိုပဲပြောပို့ချတာကိုး။ ဒီတော့ ရှေးလူကြီးတွေကို အထင်သေးမိတာပေါ့။ ကျွန်မတို့ ကြီးပြင်းလာတဲ့ အခါကျတော့ နိုင်ငံရေး ပရိယာယ်တွေကို သဘောပေါက်သလောက် ပေါက်လာတဲ့အပြင် ပိုးမွှား စစ်ဆင်ရေးသတင်းကိုပါ သိနေကြားနေရတော့ ရှေးလူကြီးတွေကို အထင်မသေးချင်တော့ဘူး။ မြန်မာလူနေမှု ဘယ်လောက် အောက်တန်း ကျကျ ဒီအရင်က ပလိပ်ရောဂါ မရှိ ခဲ့ဘူးပါပဲနဲ့ ဖြုန်းခနဲရောက်လာပြီး လူတွေကွက်သေသလို တဖုတ်ဖုတ်သေကြရလေတော့ ဒါဟာ ပရောဂလို့ ထင်ရင်လည်း ထင်ပေမှာပဲ။ အကြီးအကျယ်ပလိပ်ရောဂါ ဖြစ်တဲ့မြို့က မြန်မာမင်းရဲ့ မြို့တော်မန္တလေးမှာ မဟုတ်လား။ ရှေးလူကြီးတွေရဲ့ အတွေးက မရိုင်းပါဘူး။ ခြုံကြည့်လိုက်ရင် သီပေါမင်းတြားမိဖုရားခေါင်ကြီး စုဘုရားလတ်တို့နဲ့ သမီးတော်တွေကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် ဒီအငှားစံအိမ်တော်နှစ်လုံးမှာ ၁၈၈၆ ကနေပြီး ၁၉၁၀ အထိ နှစ်ပေါင်း (၂၄) နှစ်အကျယ်ချုပ် ထားခဲ့တာဖြစ်တယ်။

ဘယ်လောက်ခံစားကြရသလဲဆိုတာကို ထောက်ပြရရင် အိန္ဒိယဘုရင်ခံချုပ်ဆီကို သီပေါမင်းတြားပေးပို့ခဲ့တဲ့ ၂၄ ဇွန် ၁၈၈၆ ရက်စွဲပါ ပန်ကြားလွှာ (Memorial) ကို နိုင်ငံရေးအရာရှိ (Fanshwe) က လက်မှတ်ထိုးထား) ထဲမှာ အခုလိုဖော်ပြထားတယ်။

မြွေတွေ ကင်းမြီးကောက်တွေ သိပ်များလို့ သူ(သီပေါမင်း တြား) နေထိုင်ရတာ အင်မတန် မသာယာတဲ့နေရာ (အငှာမ်းစံအိမ်တော်နှစ်လုံး) ဖြစ်တယ်။ ရတနာဂီရိကို နှိုင်းယှဉ်ပြရရင် တော တောင် ထူထပ်ပြီး လူသူအနေနည်းလှတဲ့ ကချင်နှင့်ကရင်ကျေးရွာတွေနှင့်တူတယ်။ အုတ်တိုက်ငယ်မှာသာနေရပြီး အိန္ဒိယစစ်သား တစ်စုက စောင့်ကြပ်တယ်။ ရာသီဥတုကိုလဲ မကြိုက်ဘူး။ ရဲအစောင့်မပါဘဲ အိမ်ထဲကမထွက်ရဘူး။

သူ့(သီပေါမင်းတြား) ကို ရန်ငြိုးထားပြီးမကောင်းပြောဆိုကြသူတွေနဲ့ အန္တရာယ်ပြုချင်ကြသူတွေ ရှိတာကို ဗြိတိသျှ အစိုးရ တွေ့ရှိလာတဲ့အခါ သူ့နိုင်ငံ(မြန်မာပြည်)ကို ပြန်ခွင့်ပြုလိမ့်မယ်။

ကျွန်တော်တို့ရတနာဂီရိ ရောက်သွားကြတုန်း အဲဒီ အငှားစံအိမ်တော်နှစ်လုံး ပတ်ဝန်းကျင်မှာ ကျားတွေ၊ ခြသေ့်တွေရှိကြပြီး တစ်ခါတစ်လေ မနက်မှာ ဝရန်တာထွက်ဖို့ တံခါးဖွင့်မယ်လုပ်တဲ့အခါ ကျားကြီးတစ်ကောင်လဲလျောင်းနေတာနှင့် ပက်ပင်းကြုံတတ်တယ်လို့ ကြားသိခဲ့ရတယ်။

'တော်ဘုရားငယ်က ဒီအတိုင်းဆိုရင် မယ်တော်တို့ခမျာ ဘယ်လောက်များကြောက်ရှာတော်မူကြမလဲနော်' လို့ ပြောလိုက်တဲ့ အတွက် ရင်ထဲမှာ နင့်ခနဲ့ခံစားလိုက်ရပြီး အံလဲကြိတ်မိရက်သား ဖြစ်သွားတယ်။

**စိန်ခြယ်၊ မေလ၊ ၁၉၉၅**

⇨ ⇨ ⇨

# ရတနာပုံ မှ ရတနာဂီရိ သို့ (၇)

## လက်မည်းကြီး

“မယ်တော်တို့ ညီအစ်မလေးပါးဟာ ငယ်ငယ်တုန်းက တိရစ္ဆာန်ကျွားတွေကို ကြောက်တော်မူကြရရှာသလို အရွယ်ရောက်တော်မူလာကြတဲ့အခါမှာတော့ အိန္ဒိယအမှုထမ်းအချို့ရဲ့ ကျွားစိတ်ကိုလဲ ကြောက်တော်မူကြရှာတာပေါ့။ ဒါကြောင့်လဲ ကြီးတော်ဘုရား အကြီးဆုံး (ပထမသမီးတော်အသျှင်ထိပ်စုမြတ်ဘုရားကြီး) ခမျာ (အိန္ဒိယသား)နှင့် ညားတော်မူရရှာတာပဲ။ တော်ဘုရားငယ်က အက်ကွဲတဲ့အသံနဲ့ ဆက်ပြောတာကို

“သမီးတော်လေးပါးကို တိုင်းတစ်ပါးသားတွေနဲ့ ရင်းနှီးအောင် အင်္ဂလိပ်က တမင်လွှတ်ပေးထားလို့ စံအိမ်တော်ရှိ အိန္ဒိယသား ကုလားနဲ့ ပထမသမီးတော် အိမ်ထောင်ကျသွားရတာပဲပေါ့ တကာကြီး” လို့ ဆရာတော်ဦးကောဝိဒ ဖြည့်စွက်အမိန့်ရှိတော်မူတာကို ကြားရတော့ ကျွန်တော်လက်သီးဆုတ်မိထားပြီ။

အင်္ဂလိပ်နယ်ချဲ့ရဲ့လက်မည်းကြီးဟာ ဘယ်အထိရှည်သလဲ ဆိုရင် ပထမသမီးတော်ခမျာ မယားကြီးရှိတဲ့ စံအိမ်တော်တံခါးမှူး ဂိုပယ်ဘရောင်စာဝပ် (Gopal Bhaurao Sawant) နဲ့ အိမ်ထောင်ကျ သွားပေမယ့် တရားဝင်လက်ထပ်ပွဲမကျင်းပခဲ့ရဘူး။ နေရတာကလဲ တစ်လ ခြောက်ရူပီး(အိန္ဒိယငွေ) ပေးရတဲ့အိမ်ကလေး။

ပထမသမီးတော်ရရှိတဲ့ ထောက်ပံ့ကြေးအားလုံးကို ခင်ပွန်းက မယားကြီးအတွက် ယူသုံးပစ်လို့ မင်းသမီးကြီးခမျာ ပန်းရောင်းစား ရတဲ့ဘဝ။ လက်မည်းကြီးက မန္တလေးနေပြည်တော် ရွှေနန်းတက် ဖွား မင်းနှစ်ပါးရဲ့ ပထမသမီးတော်ရဲ့ဘဝကို လုံးဝဖျက်စီး ပစ်လိုက်တာကို ကျွန်တော်တို့ရော မြန်မာရဟန်းရှင်၊ လူ၊ ပြည်သူတွေကပါ မေ့ထားနိုင် ကြမလား။ မေ့ထားရက်ကြမလား။ သမိုင်းမှတ်တိုင်ကို ဖုံးဖိဖျောက်ဖျက် နိုင်ရိုးရှိသလား။

## သမီးတော်လေးပါး

သီပေါမင်းတြားနဲ့ မိဖုရားခေါင်ကြီး စုဘုရားလတ်ရဲ့ သမီးတော်လေးပါးထဲမှာ ပထမ သမီးတော်က အအေးဆုံးအလှဆုံးနဲ့ စကားအနည်းဆုံးမို့ လက်မည်းကြီးဆွဲရာ ပါတော်မူရရှာတာပေါ့။ ပါတော်မူထဲက ပါတော်မူပဲမဟုတ်လား။

ကျန်တဲ့သမီးတော်သုံးပါးဖြစ်တော်မူကြတဲ့ ဒုတိယသမီးတော် အသျှင်ထိပ်စုမြတ်ဘုရားလတ်က လတ်သခင်နဲ့ စုလျားရစ်ပတ်ခဲ့တယ်။ အင်္ဂလိပ်ဘုရင်ခံကို ဓါးကြိုက်သလား၊သေနတ်ကြိုက်သလား ကြိုက်ရာ လက်နက်နဲ့ နှစ်ကိုယ်ချင်း ရင်ဆိုင်တိုက်ခိုက် (Duel fight) ဖို့ စိမ်ခေါ်ခဲ့သူ လတ်သခင်(တိုင်တားမင်းကြီးအမျိုးနွယ်) ဖြစ်တယ်။

တတိယသမီးတော် အသျှင်ထိပ်စုမြတ်ဘုရားက တို့ဗမာ

အစည်းအရုံးကြီးရဲ့ ပထမဦးဆုံး နာယက/ဥက္ကဋ္ဌ ဖြစ်ခဲ့သူ သခင်ထိပ်တင်ကိုယ်တော်ကြီး (အိမ်ရှေ့စံကနောင်မင်းသားကြီးရဲ့ မြေး တော်)နဲ့ စုလျားရစ်ပတ်ခဲ့တယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ မင်းမျိုး-မင်းနွယ် မဟုတ်ပေမယ့် သခင်ထိပ်တင်ကိုယ်တော်ကြီးနှင့် တရင်းတနှီး ဖြစ်ခဲ့လို့ နာမည်ထဲမှာ 'ကိုယ်တော်' ထည့်ထားတာ ဖြစ်တယ်။

တတိယသမီးတော်နဲ့ သခင်ထိပ်တင်ကိုယ်တော်ကြီးရဲ့ စံအိမ်-တော်မှာ သခင်ဘသောင်း၊ သခင်ဗစိန်၊ သခင်ထွန်းအုပ်၊ သခင်နု၊ အစရှိတဲ့ သခင်နဲ့ ကျောင်းလူငယ်တွေ အမြဲဝင်ထွက်နေကြလေ့ရှိတယ်။ ဒါကို အင်္ဂလိပ်အစိုးရက မျက်စိစပါးမွေးစူးလာတော့ ရိုးသားတော်မူရှာတဲ့ တတိယသမီးတော်ကို ကုန်းချောရန်တိုက်ပေးပြီး သခင်ထိပ်တင် ကိုယ်တော်ကြီးကို ပြင်ဦးလွင်က ၂၄ နာရီအတွင်း ထွက်ခွာသွားဖို့ အမိန့် ထုတ်ပြန်လိုက်တယ်။ နောက်ပိုင်းမှာ ဘိလပ်(အင်္ဂလန်) ပြန်ဝတ်လုံတော်ရ ဦးမြဦး(ရခိုင်)နှင့် အင်္ဂလိပ်အစိုးရက ရန်ကုန်မှာ ကြီးကျယ်ခမ်းနားစွာ မင်္ဂလာဆောင်ပေးခဲ့တယ်။ ဒီလိုလုပ်ပေးတာကို တွေးကြည့်ရင် ပြေးကြည့် ဖို့ မလိုအောင် ဖွေးဖွေးဖြူတဲ့ဂွမ်းပုံကို ဆုပ်ကိုင်ထားတဲ့ လက်မည်းကြီးကို ထင်ထင်ရှားရှားမြင်နိုင်ကောင်းရဲ့။

စတုတ္ထသမီးတော် အသျှင်ထိပ်စုမြတ်ဘုရားကလေးကို ကိုကိုနိုင် (နာမည်ရှေ့မှာ 'ဦး' မသုံး။ သီပေါမင်းတြားအစိုးရမှာ တရားသူကြီး ဖြစ်ခဲ့သူရဲ့ အမျိုးနွယ်။ အိန္ဒိယနိုင်ငံမှာ ပါဠိဘာသာအထူး သင်ယူခဲ့ပြီး ရဟန်းဖြစ်ခဲ့ဖူး) နဲ့ မယ်တော်စုဘုရားလတ်ကိုယ်တိုင် မင်းခမ်းမင်းနားနဲ့ စုလျားရစ်ပတ်ပေးတော်မူခဲ့တယ်။

သမီးတော်လေးပါးထဲမှာ စတုတ္ထသမီးတော်က အင်္ဂလိပ်စာ အတော်ဆုံး၊ သူ့လက်ရေးစာမူတချို့ကို ရတနာဂီရိအရေးပိုင် စာတွဲ တွေ (Files) ထဲမှာ သိမ်းဆည်းထားတယ်။

ခမည်းတော်နဲ့ မယ်တော်တို့သာမက အစ်မတော်သုံးပါးတို့ရဲ့

ကြီးဝတ်ငယ်တွေကို ဖြည့်ဆည်းပေးတော်မူပြီး စံအိမ်တော်ဝန်ထမ်း အားလုံးကို နိုင်နင်းအောင် အုပ်ချုပ်တော်လှန်ခဲ့တယ်။ အင်္ဂလိပ်အစိုးရ နဲ့ အပြန်အလှန်စာပေးစာယူလုပ်အရေးဆိုပြီး သက်ဆိုင်ရာ အရာရှိတွေနဲ့ လည်း တွေ့ဆုံအချေအတင် ပြောလေ့ရှိတော်မူတယ်။

ဒီလိုထက်မြက်တဲ့ အားထားရတဲ့အတွက် သမီးတော်လေးပါး ထဲမှာ အငယ်ဆုံးဖြစ်ပေမယ့် ခမည်းတော်သီပေါမင်းတြားနဲ့ မယ်တော် စုဘုရားလတ်ကိုယ်တော်တိုင် အသိသက်သေတွေရှေ့မှာ အမွေလွှဲစာကို လက်မှတ်ရေးထိုးကာ စတုတ္ထသမီးတော်ကို လွှဲအပ်ပေးတော်မူခဲ့တယ်။

စတုတ္ထသမီးတော်ရဲ့ အပြောင်မြောက်ဆုံး နယ်ချဲ့ဆန့်ကျင်ရေး နဲ့ အမျိုးသားရေးဟာ မြန်မာနိုင်ငံနဲ့ ပတ္တမြားငမောက် အပါအဝင် နိုင်ငံပိုင်နန်းစဉ် ရတနာတွေနဲ့ ခမည်းတော်၊ မယ်တော်တို့ရဲ့ ကိုယ်ပိုင် ရတနာပစ္စည်းတွေ၊ ရေနံတွင်းတွေ၊ မြေယာတွေကို တိကျတဲ့ စာရင်းနဲ့ အင်္ဂလိပ်အစိုးရဆီက ပြန်တောင်းဆိုတဲ့ သမိုင်းဝင် 'စတုတ္ထ သမီးတော်၏ အရေးတော်ပုံစာတမ်း(၁၂၉၃/၁၉၃၁)' ဖြစ်တယ်။

ဒီစာတမ်းကို အင်္ဂလိပ်အစိုးရ တားဆီးထားတဲ့ကြားထဲကနေပြီး နိုင်ငံပေါင်းချုပ်အသင်း (League of Nations) အပါအဝင် နိုင်ငံခြားနဲ့ ပြည်တွင်းမှာပါ ဖြန့်ချိခဲ့လို့ စတုတ္ထသမီးတော်ကို သူပုန် မင်းသမီး (Rebel Princess) အဖြစ်နဲ့ မန္တလေးက မော်လမြိုင်ကို အကျယ်ချုပ်နဲ့ ပို့ထား လိုက်ရာ အဲဒီမှာပဲ ကိုယ်ရောစိတ်ပါ ဆင်းရဲ ပင်ပန်းကြီးစွာနဲ့ သက်တော် (၄၈) နှစ် (၁၉၃၅) မှာ နတ်ရွာစံတော် မူခဲ့ရတယ်။

ကျွန်တော်တို့နေခဲ့တဲ့ စံအိမ်တော်ကို ဒီနေ့အထိ မော်လမြိုင်မှာ 'စတုတ္ထသမီးတော်တိုက်' (အခု အစိုးရအထက်တန်းကျောင်း) လို့ လူအသိ များပြီး အုတ်နန်းပြသာဒ်တော် (အုတ်ဂူ)ကတော့ ကျိုက်သံလန်ဘုရား ခြေတော်ရင်းမှာ ရှိနေတယ်။

စတုတ္ထသမီးတော်၏ အရေးတော်ပုံမှာပါတဲ့ ဟောဒီ စာပိုဒ်တချို့

ကို ဖတ်ကြည့်ပါ။

. . . 'ဤဆင်းရဲ ဒုက္ခမျိုးနဲ့ပင်၊ တစ်တိုင်းတစ်နိုင်ငံ (အိန္ဒိယ၊ ရတနာဂီရိ)တွင် တကွဲတခြားစီ နတ်ပြည်စံတော်မူရသဖြင့် ခမည်းတော် (သီပေါမင်းတြား) အတွက် ယနေ့အထိ သရဏဂုံမတင်ရသေးကြောင်း'. . .

. . . ခမည်းတော်၊ မယ်တော် (စုဘုရားလတ်) တို့မှာ မြန်မာနိုင်ငံ စွန့်လွှတ်ရသည့် နေ့မှာစ၍ နိုင်ငံမှု၊ ပစ္စည်းမှုများကို (အင်္ဂလိပ်) အစိုးရက တရားသဖြင့် မစဉ်းစားလျှင် အသက်အသေခံရန် စိတ်ပြဌာန်းရင်း ရှိသည့်အတိုင်း သူတော်ကောင်းစိတ်နှင့် ရိုးဖြောင့်စွာ အသေခံတော်မူကြကြောင်း၊ ဤမျှလောက် အနစ်နာခံ၍ သေပြီးသည်ကိုပင် အင်္ဂလိပ်အစိုးရ သတိမရသဖြင့် ကျွန်ုပ်တို့သည် ခဏ ခဏသတိပေးရကြောင်း'. . .

. . . 'မန္တလေးနန်းတော်ကြီးသည် ခမည်းတော်မယ်တော်တို့ စံနေစဉ်က ရွှေနန်းတော်ကြီးဖြစ်သော်လည်း ယခုအခါ ဆေးနီနန်းတော် ကလေး ခေါ်ရမလောက်ဖြစ်နေကြောင်း၊ နန်းတော်နှင့်ဆိုင်ရာ များစွာ သော အဆောက်အဦးများကို ဖျက်စီးထားသည့်အပြင် အနည်းငယ် ကျန်ရှိသော အချို့အဆောက်တော်များတွင် လင်းနို့များ၏ အညစ်အကြေး များ ပျံ့နှံ့ညစ်ပေလျက်ရှိကြောင်း၊ နန်းတော်ပြင်ပ ကျုံးရေများကို မြန်မာဘုရင်များရှိစဉ်က တစ်နှစ် (၂) ကြိမ်လဲသကဲ့သို့ ယခုမလဲသဖြင့် မသန့်ရှင်းရုံမက မန္တလေးမြို့၏ ကျန်းမာရေးမှာလည်း စိတ်ကျေနပ်ဖွယ် မရှိကြောင်း'

. . . ခမည်းတော် မယ်တော်တို့ စံတော်မူသော နန်းတော်ကြီး မှာ ချို့ယွင့်ပျက်စီးနေသဖြင့် များစွာသောရဟန်းရှင်၊ လူတို့မှာ ကြေကွဲ ဝမ်းနည်းခြင်းဖြစ်ကြောင်း . . .

. . . ခမည်းတော်နတ်ပြည်စံတော်မူသည့်နောက် မယ်တော် နှင့် သမီးတော်များ အိန္ဒိယမှမြန်မာနိုင်ငံသို့ ပြန်လည်ထွက်တော်မူခဲ့ရာ

ကျွန်တော်တို့နှင့်မသင့်လျော်သေးငယ်သောအိမ်တော်တွင် အငှားနေရသဖြင့် မန္တလေးနန်းတော်ပြုပြင်ပေးလျှင် နေထိုင်လိုကြောင်း’. . .

. . . ကျွန်ုပ်တို့ကိုယ်တိုင် အင်္ဂလိပ်အစိုးရနေရာ၌ တည်ရှိခဲ့လျှင် အင်္ဂလိပ်အစိုးအား အကြည်ညိုပျက်အောင် ပြောဆိုရေးသားသူများကို အိန္ဒိယရာဇသတ်ပုဒ်မ ၁၂၄-ကနှင့် ကာကွယ်နိုင်သည့်နည်း၊ မကာကွယ်နိုင်စေကာမူ အစိုးရလက်တွင်နေရသော ကျွန်ုပ်တို့ကဲ့သို့ အနှောင့်အယှက်မကင်း၊ ဆင်းရဲခြင်းနှင့် မသေရုံ၊ မရှူးရုံကျန်ရှိသူများအတွက် အမျိုးပြုတ်အောင် နှောင့်ယှက်ဖျက်စီးမှု၊ အကြည်ညိုပျက်အောင် ပြောဆိုရေးသားပြုလုပ်ဆောင်ရွက်မှု၊ အချင်းချင်း ရန်တိုက်ခွဲမှု၊ သက်သေမရသောနည်းဖြင့် အသက်အန္တရာယ်ဖြစ်အောင် ကြံစည်ပြုလုပ်မှု စသည်များကို လစ်လျူရှု၍ နေနိုင်မည် မထင်ကြောင်း’. . .

(မှတ်ချက်၊ အထက်ဖော်ပြပါ ‘စတုတ္ထသမီးတော်၏ အရေး-တော်ပုံ စာတမ်း’က စာပိုဒ်တချို့မှာ မူလစာလုံးပေါင်းသတ်ပုံအတိုင်းဖြစ်တယ်။)

ကျွန်တော်ရဲ့ခမည်းတော် (ကိုကိုနိုင်)က မယ်တော်နဲ့အတူ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရာမှာ မယ်တော်မသွားရတဲ့၊ မတွေ့ရတဲ့ ဆရာတော်ဘုရားကြီးတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေကို သွားတွေ့လေ့ရှိတယ်။ မယ်တော်နဲ့ တိုင်ပင်ဆွေးနွေးပြီး စာရွက်စာတမ်းတွေ ရေးကြလုပ်နေကြတာ ညဥ့်နက်သန်းခေါင် ကျော်သွားတဲ့ရက်တွေ ရှိခဲ့တာကို ကျွန်တော်ကိုယ်တိုင် မကြာခဏ ကြုံခဲ့ဖူးတယ်။ နားထောင်လို့လည်း အတော်ကောင်းရဲ့။

အင်္ဂလိပ်အစိုးရက ခမည်းတော်ကို ‘ကာလကာနောက်ကွယ်ကလူ’ (The man behind the screen) လို့ သိထားတယ်။ ဘယ်လောက်အထိ အငြိုးထားသလဲဆိုရင် မယ်တော်နတ်ရွာစံတော်မူတော့ ခမည်းတော်ကပဲ အဆိပ်ခပ်သတ်တဲ့ သဘောနဲ့ မယ်တော်ရဲ့အလောင်းကို

ရင်ခွဲစစ်ဆေးစေခဲ့တယ်။ ဘာအဆိပ် အစအနမှ မတွေ့ရတဲ့ ဆေးစစ်လက်မှတ်ထွက်လာမှ ဒီကလိမ်ဉာဏ်ဆင်မှု (Frame-up) ပျက်ပြယ်သွားတော့တယ်။

အဲဒီတုန်းက ဓါတုဗေဒအရာရှိချုပ် (Chief Chemist) က ဦးချစ်သောင်း (မွန်၊ အိမ်စောင့်အစိုးရမှာဝန်ကြီး) ဖြစ်ခဲ့လို့ ကျွန်တော်နဲ့တွေ့ဆုံကြတဲ့အခါ ဆေးစစ်လက်မှတ်နဲ့ ပတ်သက်ပြီး ပြောပြရာမှာ အင်္ဂလိပ်အရာရှိပိုင်းက ဩဇာသုံးချင်ပုံနဲ့ အချိန်ဆွဲနည်းပရိယာယ် (Delaying tachtics) သုံးချင်ပုံတွေရှင်းပြပြီး 'ကျွန်တော်က အမှန်အတိုင်းပဲ ဖြစ်စေချင်တယ်၊ ဒီလိုဖြစ်မှ လက်မှတ်ထိုးပေးနိုင်မယ်' လို့ တင်းတင်းမာမာပြောမှ ကိစ္စပြီးပြတ်သွားတာ တော်ဘုရားကလေးရဲ့' လို့ ဖွင့်ပြောပြဖူးတယ်။ အဲဒီဆေးလက်မှတ်ဟာ ကျွန်တော့်ဆီမှာရှိနေတယ်။

နောက်ပိုင်းမှာ ခမည်းတော်ကို ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ဖို့နဲ့ နိုင်ငံရေးပင်စင်ပေးဖို့ ကမ်းလှမ်းပေမယ့် လုံးဝငြင်းပယ်ခဲ့တာမို့ စုဘုရားလတ်သားမက်တော်နဲ့ စတုတ္ထသမီးတော်ကြင်ရာတော် ပီသပါပေတယ်လို့ ဆိုပါရစေလား။

မယ်တော်က ၁၉၃၅ မှာ နတ်ရွာစံတော်မူပြီး ခမည်းတော်က ၁၉၆၀ မှာ ကံတော်ကုန်ခဲ့တာမို့ မယ်တော်ထားရှိတဲ့ သမိုင်းဝင် ဓါတ်ပုံတွေ၊ ပစ္စည်းတွေနဲ့ စာရွက်စာတမ်းတွေကို ဟိုပြောင်း ဒီပြောင်း လုပ်ခဲ့ကြရတဲ့ စစ်ပြေးခဲ့ကြရတဲ့ မြန်မာကို ဂျပန်ဖက်စစ်တွေ ကျူးကျော်သိမ်းပိုက်ခဲ့တဲ့ နှစ်တွေအပါအဝင် နှစ်ပေါင်း (၂၅) နှစ်ကျော် ထိန်းသိမ်းထားခဲ့လို့ ကျွန်တော်တို့လက်ထဲရောက်နေပြီး ကျွန်တော်သုတေသန လုပ်နေနိုင်တာကို ကြည့်ရင် ခမည်းတော်ရဲ့ သမိုင်းပေးတာဝန်ကို ခါးကိုင်းအောင် ထမ်းဆောင်ခဲ့တာ ထင်ရှားတယ် မဟုတ်လား။

သမီးတော်လေးပါးမှာ သုံးပါးက ကိုယ့်မြန်မာအချင်းချင်း လက်ဆက်ခဲ့ကြပြီး တစ်ပါးသာလက်မည်းကြီး ဆွဲအဖျက်ဆီးခံခဲ့ရလို့

ဘဝပျက်ခဲ့ရတယ်။ အဲဒီ သမီးတော်သုံးပါးရဲ့ မြန်မာကြင်ရာတော်တွေက သီပေါမင်းတြား အထူးသဖြင့် မိဖုရားခေါင်ကြီး စုဘုရားလတ်ရဲ့ သားမက်-တော်တွေပီပီ အာဇာနည်မဟေသီ စုဘုရားလတ် ရဲ့ နယ်ချဲ့ဆန့်ကျင်ရေး အလံတော်ကို ဆက်လက်လွှင့်ထူနိုင်ခဲ့ပြတာ သမိုင်းမှာ မှတ်တမ်း အတင် ခံနိုင်ပြီလို့ ထောက်ပြချင်တယ်။

## ရတနာဂီရိက မြေးတော်အရင်း

ပထမသမီးတော်နဲ့ (Gopal Bhaurao Sawant) တို့က မွေးတဲ့ သမီးတော် 'တုတု' နဲ့ ကျွန်တော်တို့ ရတနာဂီရိမှာ ဆုံမိကြတယ်။ သူ့အသက် (၈၄) နှစ်နဲ့ ကျွန်တော်တို့ အစ်မတော်အကြီးဆုံး ထိပ်စု-ဘုရားကြီး (၇၁) နှစ်ရှိကာမှ ပထမဆုံးအကြိမ် တွေ့ဆုံကြတာ ဖြစ်ပါတယ်။

အရပ် (၅) ပေကျော်၍ ဆံပင်ဖြူတွေဖွာလန်ကြဲ၊ ပါးရေနားရေ တွေတွန့်၊ လက်ပြင်ကုန်း၊ အသားအရေ မဖြူမညို၊ ကိုယ်လုံးမဝ တဝ၊ လက်မှာဖန်လက်ကောက်ရောင်စုံ၊ အိန္ဒိယဂါဂယာ (ဂါဝန်ရှည်လို) ပန်းပွင့်ပါ ဘလောက်စ်ဝတ်ထားသူ အဘွားကြီး၊ ဆာရီတို့ ဂါဂယာဝတ်ထားကြတဲ့ အိန္ဒိယမကလေးတွေနဲ့ ဘောင်းဘီအတို အရှည် ဝတ်ထားကြတဲ့ တချို့ အပေါ်ပိုင်း ဗလာဖြစ်နေကြတဲ့ အိန္ဒိယ ယောကျ်ားလေးတွေ ဟိန္ဒူစကား ပြောဆိုနေကြတုန်း ကျွန်တော်တို့ ရောက်သွားကြတယ်။

ဒီအဘွားကြီးဟာ တကယ်တော့ ကျွန်တော်တို့ရဲ့ တစ်ဝမ်းကွဲ အစ်မတော်ကြီး 'တုတု'။ ကျွန်တော်တို့လိုပဲ သီပေါမင်းတြားနဲ့ မိဖုရား ခေါင်ကြီး စုဘုရားလတ်တို့ရဲ့ မြေးတော်အရင်း။ ဒါကို မသိထားရင် မြင်လိုက်လို့ကတော့ တကယ့်အိန္ဒိယအဘွားကြီးနဲ့ အိန္ဒိယမိသားစုပဲ။

တုတုက အိန္ဒိယသား ရှန်ကာပိုဝါ (Shankar Powar) နဲ့

အိမ်ထောင်ကျတယ်။ မျက်နှာက အိုမင်းရင့်ရော်နေပြီး အိန္ဒိယဆန် ပေမယ့် မင်းမာန်ကတော့ ရှိနေရဲ့။ သူသိတဲ့ မြန်မာစကားလုံးကတော့ 'သီပေါ၊ ဘုရားကြီးဘုရား၊ မန္တလေး၊ ရန်ကုန်' သာဖြစ်တယ်။

တော်ဘုရားနဲ့ ကျွန်တော်က ဟိန္ဒူစကား အသင့်အတင့် ပြောတတ်တော့ ဟိုပြော ဒီပြော ပြောဖြစ်ကြတယ်။ ဘယ်လိုပြောပြော ဒီရတနာဂီရိက သီပေါမင်းတြားရဲ့ မြေးတော်အရင်း တုတု ခမျာမှာ မြန်မာမှုမှ မရှိတော့သလို ဘာမျိုးချစ်ပြည်ချစ် စိတ်ဓါတ် ဘာဇာတိသွေး ဇာတိမာန်မှလဲ ရှိနိုင်တော့မှာမဟုတ်ဘဲ (ခင်ပွန်းကကွယ်လွန်ခဲ့) အိန္ဒိယသူ အနေနဲ့ သူ့အိန္ဒိယ သားသမီး၊ မြေးမြစ်တွေနဲ့ အိန္ဒိယမှာပဲ ဘဝနိဂုံးချုပ်သွားရှာမှာဖြစ်နိုင်တယ်။

အခု တုတုနေတဲ့ မြေကို မြေရှင်က ပြန်ရလိုမှုနဲ့ တရားစွဲထားတာ အောက်ရုံးတွေမှာ ရှုံးပြီး ဗဟိုတရားရုံးရောက်နေပြီ။ ပေးစရာလဲ ငွေမရှိ၊ ပြေးစရာလဲ မြေမရှိဖြစ်နေပြီ။

ကျွန်တော်တို့က ပါလာတဲ့ရှိစုမဲ့စုထဲကပဲ အိန္ဒိယရူးပီးငွေ ငါးထောင်ကန်တော့ခဲ့ကြတယ်။ အဲဒီလို ကန်တော့နေတုန်းမှာ 'သူဟာ င့ါအစ်မတော်တစ်ဝမ်းကွဲဖြစ်တယ်' လို့ စိတ်ထဲမှာ ဇွတ်မှတ်ပြီး တတွတ်-တွတ် ရွတ်နေတာ အမောတကော။

သီပေါမင်းတြားရဲ့ ပထမသမီးတော်နဲ့ တုတုတို့အကြောင်းကို ကျွန်တာ်တို့ တရားဝင်မှတ်တမ်း အခုလိုတင်ထားတယ်။

## သီပေါမင်းတြား၏ ပထမသမီးတော်

အင်္ဂလိပ်နယ်ချဲ့က အားပေးအားမြှောက်ပြုသူ အိန္ဒိယနိုင်ငံသား ဂိုယ်ဘဉရောင်စာဝပ် (Gopal Bhaurao Sawant) နှင့် သီပေါမင်းတြား၏ ပထမသမီးတော် အသျှင်ထိပ်စုမြတ်ဘုရားကြီးတို့ မလွှဲမရှောင်သာ

အိမ်ထောင်ကျရကာ ရတနာဂီရိမှာပင် နတ်ရွာစံတော်မူခဲ့ရပါသည်။

ပထမသမီးတော်၏သမီးတော် 'တူးတူး'(တုတု) မှာလည်း ရတနာဂီရိမှာပင် အိန္ဒိယနိုင်ငံသား ရှန်ကာပိုဝါ (Shankar Powar) နဲ့ အိမ်ထောင်ကျခဲ့ပြီး သားစဉ်မြေးဆက်အားလုံး အိန္ဒိယနာမည်၊ စကား၊ အဝတ်အစားဖြင့် အိန္ဒိယမှုအားလုံး ကျင့်သုံးနေကြသည်ကို ရင်နာစွာ တွေ့ကြုံခဲ့ကြပါသည်။

လက်ရှိနေထိုင်နေသော တဲသာသာအိမ်ငယ် ဆောက်လုပ်ထားသည့် မြေကွက်ကို မြေပိုင်ရှင်က ပြန်လိုချင်သောကြောင့် တရားစွဲဆိုထားကြောင်းလည်း သိခဲ့ကြရပါသည်။

တူးတူး(တုတု) မိသားစုကို ရူးပီး ၅၀၀၀(ငါးထောင်တိတိ) ပေးခဲ့ကြပါသည်။

တုတုရဲ့အိမ်ကိုလည်း ကြည့်လိုက်ကြပါဦး။ မြေစိုက်တဲသာသာ၊ ရှိလှ ၁၂ပေ-၂၅ပေ၊ တစ်ခုတည်းတတ်ထားတဲ့ ခန်းစီးပိတ်က ညစ်ထေးနေလို့ မူလအရောင်ပျောက်နေပြီ။ မြေကြီးကို မာနေအောင် လုပ်ထားပေမယ့် အက်ကွဲပေါက်ပြဲနေပြီ။ နောက်မှီနဲ့တဲ့တဲ့ဖြစ်နေတဲ့ သုံးယောက်ထိုင်ခုံတန်းရှည်တစ်ခု၊ ခနော်ခနဲ့ဖြစ်နေတဲ့ ကုလားထိုင်သုံးလေးလုံး။ ခြေတိုင်တွေယိုင်နေတဲ့ ကုတင်တစ်လုံး၊ ခွေးသုံးကောင်က ဟိုက ဒီက ဟောင်လိုက်၊ ဒီခွေးကိုမောင်းထုတ်တဲ့ အသံတွေ၊ လေတိုက်လို့ လုံးခနဲ ဝင်လာတဲ့ မြေမှုန့်တွေ၊ သစ်ရွက်ခြောက်တွေ၊ စက္ကူစုတ်တွေ၊ ပလတ်စတစ်တွေ၊ မြင်ရတာတွေက ဟောင်းနွမ်း ညစ်ပတ်နေတယ်။ ကြားရတာတွေက ဆူညံနေတဲ့ ဟိန္ဒူစကားသံတွေ ရှူရှိုက်ရတာတွေက အနံ့ဆိုးတွေ။

ဟင်. . . အဖြစ်ဆိုးလှချည်လား၊ ရင်နာစရာပါလား၊ နာကြည်းစရာပါလား။

ကြည့်ကြပါဦး။ မြန်မာ့နောက်ဆုံးဘုရင် သီပေါမင်းတြားရဲ့ မြေးတော်၊ မြစ်တော်တွေနဲ့ ကမ္ဘာကသိတဲ့ အလောင်းဘုရား ဦးအောင်ဇေယျ

ရဲ့ အနွယ်တော်တွေ၊ ရတနာဂီရိမှာသောင်တင်နေကြရာက အိန္ဒိယ တိုင်းရင်းသားတွေ ဖြစ်နေကြပြီ။ အို. . . အရပ်စကားနဲ့ ရှင်းရှင်းပြောရရင် ကုလားတွေဖြစ်နေကြပါပေါ့လား။ သူတောင်းစားသာသာ ဖြစ်နေကြပါပေါ့လား။ ဒီလိုဖြစ်ရတာ စုဘုရားလတ် 'စွာ' လို့ မြန်မာတွေညံ့လို့လို့ မျက်စိဇွတ်မှိတ်စွပ်စွဲချင်ကြသေးသလား။

မျက်စိကိုဖွင့် မျက်စိကိုဖြဲပြီး သေသေချာချာ ရဲရဲတင်းတင်း ကြည့်လိုက်ကြစမ်းပါ။

ဘယ်မှာလဲ လက်မည်းကြီး။

သြော် . . . အရင်တုန်းကတော့ လက်မည်းကြီးပဲ။ လူသိများလာတော့ လူတွေနိုးကြားလာတော့ လူတွေတိုးတက်လာတော့ လက်အိတ်အဖြူစွပ်ထားလိုက်ပြီလေ။

**စိန်ခြယ်၊ ဇူလိုင်၊ ၁၉၉၅**

⇨ ⇨ ⇨

## ရတနာပုံ မှ ရတနာဂီရိ သို့ (၈)

## ပလိပ်ရောဂါနဲ့လုပ်ကြံခဲ့တာလား

## သီပေါမင်းတြားနတ်ပြည်စံ

ဘိုးတော် သီပေါမင်းတြားနဲ့ ဘွားတော်မိဖုရားခေါင်ကြီး စုဘုရားတို့ ရတနာဂီရိရောက်ရောက်ခြင်း အငှားစံအိမ်တော်နှစ်လုံးမှာ ၁၈၈၆ က ၁၉၁၀ အထိ နှစ်ပေါင်း ၂၄ နှစ်လောက် စံတော်မူခဲ့ကြရာတာကို ဖော်ပြခဲ့ပြီးဖြစ်တယ်။ အဲဒီစံအိမ်တော်နှစ်လုံးမှာ စံနေတော်မူကြရတုန်း ပလိပ်ရောဂါ ဖြစ်ပွားလာတာပဲ။

သီပေါမင်းတြား ဘုံဘေဘုရင်ခံဆီ ပေးပို့ခဲ့တဲ့ ၁၉၀၅ ဒီဇင်ဘာလ (၁၈) ရက်စွဲပါ စာမှာ . . .

> 'လွန်ခဲ့တဲ့ လေးငါးနှစ်အတွင်း ကျုပ်ရဲ့ဘန်ကလို (Bungalow) အနီးအနားရှိ ကျေးရွာမှာ ပလိပ်(ရောဂါ) အများအပြား ပျံ့နှံ့ဖြစ်ပွားနေလို့ ကျုပ်စိုးရိမ်တကြီးနဲ့ အဆင်မပြေ ဖြစ်ခဲ့ရတယ်'. . .

လို့ အတိအလင်း ဖေါ်ပြထားတယ်။ လေးငါးနှစ်ကြာအောင် ပလိပ်ရောဂါဖြစ်ပွားတယ်ဆိုတော့ စဉ်းစားစရာ မယုံသင်္ကာစရာ ဖြစ်နေတာပေါ့။

ဒီနေရာမှာ ဂျပန်ခေတ်ကို ပြေးသတိရမိတယ်။ အဲဒီတုန်းက အိမ်တိုင်းက ကြွက်တွေကိုဖမ်းပြီး ရပ်ကွက်ဂျပန်အုပ်ချုပ်ရေးမှူးဆီ ပို့ပေးရတယ်။ ကြွက်သေပါလာရင် အဲဒီကြွက်သေ လာပို့တဲ့ အိမ်နဲ့ ပတ်ဝန်းကျင်ကို ချက်ချင်း အကာအရံတွေလုပ်၊ ဆေးတွေဖျန်းပြီး ဘယ်သူမှ အဝင်အထွက် မလုပ်ရတော့ဘူး။ ဒီတော့ အရက်စက် အကြမ်းကြုတ်ဆုံး ဖက်ဆစ်ဂျပန်တွေကတောင် ပလိပ်ရောဂါကို အဲဒီလောက် ထိထိရောက်ရောက် အရေးယူနိုင်ရင် မန္တလေးနဲ့ ရတနာဂီရိမှာ နှစ်ချီကြာအောင်ဖြစ်နေတဲ့ ပလိပ်ရောဂါကို ဘာကြောင့် အမြန်ဆုံးပပျောက်အောင် မလုပ်ခဲ့သလဲ။

မန္တလေးမှာ ပလိပ်ရောဂါဖြစ်သလို ရေမြေအဝေးကြီးခြားနေတဲ့ ရတနာဂီရိမှာလည်း ပလိပ်ရောဂါ ဖြစ်ပွားလေတော့ မန္တလေးကနေပြီး ရတနာဂီရိအထိ ပါတော်မူသွားရှာတဲ့ သီပေါမင်းနောက်က ပုလိပ်ရောဂါလည်း လိုက်ပါသွားသလို ဖြစ်နေတာမို့ ပုလိပ်ရောဂါက သီပေါမင်းတြားကို သံယောဇဉ်ကြီးလွန်းလို့ပဲလား၊ ဒါမှမဟုတ် အင်္ဂလိပ် လက်မည်းကြီး ဆွဲခေါ်ရာကို ပလိပ်ရောဂါခမျာလည်း ပါတော်မူသွားတာပဲလားဆိုတဲ့ ပဟေဠိကိုတော့ အဖြေညှိကြည့်ကြပေါ့။

ပုလိပ်ရောဂါကြောင့် စံအိမ်တော်အနား ပြောင်းရွှေ့လာကြသူတွေဟာ နောက်ပိုင်းမှာ မယ်တော်ပြောဖူးတဲ့ အရေပြားရောဂါ စွဲကပ်လာလို့လည်း စဉ်းစားစရာဖြစ်နေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အင်မတန်ကြောက်စရာကောင်းတဲ့ အသေအပျောက်များတဲ့ ပုလိပ်ရောဂါနဲ့ လူထဲမတိုးဝံတဲ့ အရေပြားရောဂါ၊ ခပ်ရှင်းရှင်းပြောရရင် အနူတွေ၊ စံအိမ်တော် အနီးအနားမှာ ရှိနေကြတယ်ဆိုတော့ ဘိုးတော် ဘွားတော်တို့မိသားစု

ဘယ်လောက် စိတ်ရောကိုယ်ပါ ဆင်းရဲကြမလဲ။ ဒီဆောင်းပါးရေးရင်း လေးလေးနက်နက် တွေးကြည့်၊ ခံစားကြည့်လိုက်တဲ့အခါ ကြက်သီး- မွေးညင်း ထမိတဲ့အထိပါလား။

အင်္ဂလိပ်နယ်ချဲ့ရဲ့ လူမဆန်အောင် ညှင်းပန်းခံခဲ့ကြရတဲ့ မြန်မာ ထောင်သားတွေဘဝကို သခင်နုက စာအုပ်တစ်အုပ်ရေးခဲ့တာကို သွား သတိရတယ်။ အဲဒီစာအုပ် အမည်အတိုင်း ရင်ထဲမှာ ခံစားနေမိတယ်။

'ရက်စက်ပါပေ့ကွယ်'

သီပေါမင်းတြားတို့အတွက် အစိုးရက ဆောက်ပေး (သီပေါ မင်းတြားကြီးအတွက် သီးသန့်ရန်ပုံငွေ (Reserve Fund) ကို ၁၉၀၆ ကတည်းက ထားရှိခဲ့ရာ စံအိမ်တော်ကို ဒီငွေထဲက သုံးတာဖြစ်နိုင်လို့ သီပေါမင်းတြားပိုင်ကြောင်း အရေးဆိုနိုင်ကောင်းရဲ့) ပြီး ကျွန်တော်တို့ ရောက်သွားကြတဲ့ ရတနာဂီရိ စံအိမ်တော် (အင်္ဂလိပ်က နန်းတော်တဲ့) မှာ ဘိုးတော် ဘွားတော်တို့ ၁၉၁၀ က ၁၉၁၉ အထိ ၉ နှစ်လောက်သာ စံတော်မူခဲ့ကြရတယ်။ သီပေါမင်းတြားက ၁၉၁၆ မှာ နတ်ပြည်စံတော်မူလို့ (၆) နှစ်၊ မိဖုရားခေါင်ကြီး စုဘုရားလတ်က ၁၉၁၉ မှာ မြန်မာနိုင်ငံ ပြန်ပို့ခံရလို့ (၉) နှစ်စံတော်မူခဲ့ကြရတာ ဖြစ်တယ်။ တစ်နည်းပြောရရင် မြွေတွေ၊ ကင်းတွေ (တချို့ပြောကြတာက ကျားနဲ့ တောရဲတိရစ္ဆာန်တွေ ပါရှိ) ပေါများပြီး ပုလိပ်ရောဂါနဲ့ အရေပြားရောဂါသည်တွေ ပတ်လည်ရှိတဲ့ အင်္ဂါးစံအိမ်တော်နှစ်လုံးမှာ (၂၄) နှစ်လောက် ဒုက္ခကြီးစွာ ခံစားကြရပြီး ကျယ်ဝန်း သစ်လွင်တဲ့ စံအိမ်တော်သစ်မှာတော့ ၉ နှစ်လောက်သာ စံတော်မူခဲ့ကြရတာ ဖြစ်တယ်။

ရှင်းပါတယ်။ ကျဉ်းကြပ်ပြီး မိသားစုတွေ ခွဲနေကြရတဲ့ အင်္ဂါး စံအိမ်တော်နှစ်လုံးမှာ (၂၄) နှစ် နေခဲ့ကြရပြီးမှ ကျယ်ဝန်းသစ်လွင်တဲ့ စံအိမ်တော်မှာတော့ (၉) နှစ်လောက်သာ နေခဲ့ကြတာဟာ အင်္ဂလိပ် နယ်ချဲ့ရဲ့ စီမံချက်ချလုပ်ဆောင်တာ ထင်ရှားတယ်။ ဘယ်လောက်များ

ထင်ရှားသလဲဆိုရင် ကျယ်ဝန်းသစ်လွင်တဲ့စံအိမ်တော်ဆောက်ဖို့ ၁၉၀၆ မှာ ခွင့်ပြုပြီး (၂) နှစ် (၃) နှစ်အတွင်း အပြီးဆောက်ခဲ့တယ်လေ။ လက်ဖျားခါလောက်တဲ့ အင်္ဂလိပ်လူကြီး၊ လူကောင်းတွေရဲ့ မဟာကရုဏာ စေတနာပါကလား။

အဲဒီစံအိမ်တော်သစ်ဟာ အဲဒီခေတ်တုန်းက အကြီးဆုံး အကောင်းဆုံးနဲ့ အထယ်ဝါအခန့်ညားဆုံးဖြစ်အောင် ရူပီးငွေ ၁၂၅၇၁၁ (တစ်သိန်းနှစ်သောင်းငါးထောင်ခုနှစ်ရာတစ်ဆယ့်တစ်) ကုန်ကျခံ ဆောက်လုပ်ခဲ့ကြောင်း မှတ်တမ်းတင်ထားတယ်။ ဘယ်လောက်အထိ မျှား ဆိုထားသလဲဆိုရင် စံအိမ်တော်ရဲ့ဗဟိုမှာ ညီလာခံသဘင် ခန်းမ-ဆောင်ကြီး (Durbar Hall အခုတော့ ကြက်တောင်ရိုက်တဲ့နေရာဖြစ်နေ) ထားရှိပြီး အထက်ပိုင်းမှာ ပွဲကြည့်စင်္ကြံ (Gallery) က ပတ်ပတ်လည် ရှိယုံမက ဘေးခန်းတွေနဲ့ တတိယထပ်မှာ အခန်းကျယ်ကြီးလည်း ရှိတယ် တဲ့။ ရေသွယ်ထားပြီး ပန်းခြံအရှေ့နဲ့ အနောက်မှာ အုတ်ရေကန်အဝိုင်း ထဲမှာ ရေပန်းတွေရှိတယ်။ စံအိမ်တော် အထပ်တိုင်းမှာ ခေတ်မီ ရေချိုးခန်း တွေနဲ့ အိမ်သာတွေ ထားပေးတယ်။ စားဖိုဆောင်ကို အိမ်မကြီး ခပ်လှမ်း-လှမ်းမှာ အမိုးပါတဲ့ လူသွားလမ်းနဲ့ ဆက်ထားတယ်။ အရာထမ်း အမှုထမ်း အိမ်တွေလည်း ဆောက်ပေးထားတယ်။ ရထားလုံးတွေ၊ မြင်းတွေနဲ့ မော်တော်ကား ၂ စီး အတွက် အဆောက်အဦးတွေလဲ ရှိသတဲ့။ လျှပ်စစ် တပ်ဆင်ဖို့ ရူပီးငွေ ၁၂၀၀၀ (တစ်သောင်းနှစ်ထောင်) ခွင့်ပြုခဲ့ပေမယ့် လုပ်ငန်းမပြီးမီ သီပေါမင်းတြား နတ်ပြည်စံတော်မူခဲ့တဲ့ နောက် ၂ နှစ် ကျော်လောက်မှာ မိဖုရားခေါင်ကြီး စုဘုရားလတ်နဲ့ မိသားစုတို့ မြန်မာနိုင်ငံ ပြန်ခွင့်ရခဲ့ကြတယ်။

သီပေါမင်းတြားဟာ ကိုယ်ခန္ဓာထွားကျိုင်းပြီး ကျန်းမာရေး ကောင်းတော်မူပေမယ့် ရတနာဂီရိမှာ နှစ်ပေါင်း ၃၀ ကျော် ကိုယ်ရောစိတ်ပါ ဆင်းရဲပင်ပန်းကြီးစွာ အကျယ်ချုပ်ချထားခံတော်မူရတဲ့အခါမှာ

↙ ဘုရင်တွေကို သုံးနှုန်းရတဲ့ နိုင်ငံတကာ ဓလေ့ထုံးစံဖြစ်တဲ့ (Your Majesty) လို့ မသုံးနှုန်းပဲ မင်းသားတို့ စော်ဘွားတို့ကို သုံးနှုန်းလေ့ရှိတဲ့ (Your Highness) လို့ တမင်တကာ နှိမ်ထားခြင်း။ (ဒီကိစ္စကို သီပေါမင်းကြီးက အိန္ဒိယဘုရင်ခံချုပ်ဆီ စာနဲ့ ကန့်ကွက်ခဲ့)

↙ အင်္ဂလိပ်ဘုရင်မ၊ ဘုရင်၊ အတွင်းဝန်ချုပ်၊ ဘုရင်ခံကြီး ဘုရင်ခံစတဲ့ နိုင်ငံအကြီးအကဲတွေ တိုက်ရိုက် ဆက်သွယ်ခွင့် မပြုခြင်း။

↙ သက်ဆိုင်ရာ အရာရှိတချို့ အထူးသဖြင့် အနီးကပ်ဆုံးဖြစ်တဲ့ စံအိမ်တော်ကို အချိန်ပြည့် တာဝန်ယူရတဲ့ နိုင်ငံရေး အရာရှိ (Political Officer) အများအပြားတို့က မထီမဲ့မြင် ပြုကြခြင်း။

↙ လုံခြုံရေးအကြောင်းပြပြီး သွားလာနေထိုင်မှုကို ခြိမ်းခြောက်ကန့်သတ်ခြင်း။

↙ အိန္ဒိယဝန်ထမ်းတွေကို မထီမဲ့မြင်လုပ်အောင် အားပေးခြင်း။

↙ မြန်မာဝန်ထမ်းခြင်း သွေးကွဲအောင် သွေးဆောင်ဖြားယောင်းခြင်း။

↙ အိန္ဒိယနဲ့မြန်မာဝန်ထမ်းတွေ ပြဿနာဖြစ်အောင် ဖန်တီးခြင်း။

↙ အရွယ်ရောက်နေပြီဖြစ်တဲ့ သမီးတော်လေးပါးရဲ့ ဘဝလုံခြုံမှုမရှိအောင် ပြုလုပ်ထားခြင်း (ပထမသမီးတော် ဟာ အိန္ဒိယသားနဲ့ ညားအောင်အထိ)

↙ ငွေအလုံအလောက်ပေးမထားလို့ စားဝတ်နေရေး အမြဲအခက်အခဲ ကြုံနေရခြင်း။ (အကြွေးတင်တဲ့အထိ)

🙵 **ပလိပ်ရောဂါနဲ့ အရေပြားရောဂါသည်တွေကို စံအိမ်တော် အနီးအနားမှာ နေခွင့်ပြုထားခြင်း။**

🙵 **ကင်းတွေ၊ မြွေတွေ ပေါများခြင်း။ (ခွေးအတွေ၊ ကျားတွေနဲ့ တခြားတောရဲတိရစ္ဆာန်တွေလည်း ရှိကြောင်း ပြောဆိုကြ)**

🙵 **ရတနာဂီရိမှာ မိုးသည်းထန်လွန်းလို့ မိုးရေချိန် လက်မ ၁၀၀ (တစ်ရာ) ရှိခြင်း။**

🙵 **ဆေးကုသမှု မပြည့်စုံခြင်း။**

စတဲ့ စတဲ့ အချက်တွေကို ၁၈၈၆ က ၁၉၁၆ အထိ နှစ် ၃၀ လောက် နေ့စဉ်နဲ့အမျှ ခံစားတော်မူရရှာလို့ သက်တော်မကြီးလှသေးတဲ့ ၅၈ နှစ်အရွယ်ကောင်းရှိနေတော်မူပေမယ့် ၁၉၁၆ ဒီဇင်ဘာ ၁၅ သန်းခေါင်လောက်မှာ ရတနာဂီရိငြိုးပြီး ဘဝပျက်စီးတော်မူရှာလေသတည်း။ (ပြောလေ့ပြောထရှိတာက 'လှူပြည်ငြိုးပြီး နတ်ထီးစံ' တော်မူတယ်)

ဒီအကြောင်း မှန်ကန်ကြောင်းကို ပါမောက္ခ ဒလျူအက်စ် ဒီစိုင်း (Professor W.S.Desai - ရန်ကုန် တက္ကသိုလ်အငြိမ်းစား သမိုင်း ပါမောက္ခ) ရေးထားတဲ့ 'အိန္ဒိယရောက် မြန်မာနန်းချခံ သီပေါဘုရင်' (Deposed King Thibaw of Burma in India) စာအုပ်ထဲမှာ

> **. . . 'တခြားသူတွေနဲ့ နှိုင်းစာရင် သူ(သီပေါမင်းတြား) ဟာ အသက် ၅၈ နှစ်မှာ ကွယ်လွန်အောင် ဒီအချက် (စိတ်ရောကိုယ်ပါ ဆင်းရဲပင်ပန်းကြီးမှု) ကပင်လျှင် မြန်စေပုံရတယ်'.**

လို့ ထောက်ပြထားတယ်။

ဘုံဘေဘုရင်ခံ (လော့လမ်မင်တန် Lord Lamington) ဟာ ရတနာဂီရိရောက်လာပြီး သီပေါမင်း စံနေတော်မူတဲ့ ဘန်ကလို (Burgalow) ကို ကြည့်ရှုစစ်ဆေးခဲ့တယ်။ ဘုရင်ခံချုပ်ကို အစီရင်ခံရာမှာ

ဘန်ကလိုနေရာထိုင်ခင်းဟာ မလုံလောက်သလို မသင့်တော်ကြောင်း အတိအလင်း ပြောကြားခဲ့တယ်။ သူက . . .

**. . . 'ဘန်ကလိုဟာ မြို့နဲ့နီးပြီး ပလိပ်(ရောဂါ) ကူးစက်မှု ဖြစ်စေတယ်၊ ပလိပ်ကြောင့် နှစ်ခါ ရွှေ့ပြောင်းခဲ့ရဖူးပြီ' . . .**

လို့ ဖော်ပြခဲ့တယ်။

အင်္ဂလိပ်ရဲ့ အထွတ်အထိပ် ရောက်နေတဲ့ အရင်းရှင်နယ်ချဲ့ စနစ်နဲ့ ကမ္ဘာမှာ အကြီးဆုံး နေမဝင်အင်ပါယာ ထူထောင်ထားတာကို အပြစ်မမြင် ဒါမှမဟုတ် မမြင်ယောင်ဆောင်ကြပြီး 'ကံဆိုးမ သွားရာ၊ မိုးလိုက်လို့ရွာ၊ မြေနိမ့်ရာလှံစိုက်၊ လဲသူကို ဖိထောင်း၊ ကြီးနိုင်ငယ်ညှဥ်း၊ ရေနစ်သူကို ဝါးကူလို့ထိုး' စကားဆိုတွေလို သီပေါမင်းတြား အထူးသဖြင့် မိဖုရားခေါင်ကြီး စုဘုရားလတ်ဟာ အာဇာနည် မဟေသီဖြစ်လျက်နဲ့ သူ့အပေါ် အပြစ်ပုံချရက်ကြတဲ့ မြန်မာ့သမိုင်း ပညာရှင်တချို့နဲ့ စာရေးဆရာ၊ ဆရာမတချို့ဟာ မျိုးချစ်ပြည်ချစ်စိတ်နဲ့၊ အမျိုးသားရေး အမြင်သစ်နဲ့ ရဲရဲကြီးကြည့်ကြဖို့ မှန်မှန်ကန်ကန်မြင်ကြဖို့ အချိန်တန်ပြီလို့ ပြောပါရစေ။

ဒီလိုနှစ်ပေါင်း ၃၀ လောက် သီပေါမင်းတြားခမျာ စိတ်ရော ကိုယ်ပါ ဆင်းရဲပင်ပန်းကြီးစွာ အကျယ်ချုပ်ခံတော်မူပြီး နတ်ပြည် စံတော်မူရှာပေမယ့် ကြွင်းကျန်ရစ်တဲ့ ရုပ်ကလာပ်တော်ဟာ အင်္ဂလိပ် နယ်ချဲ့ ဂူသွင်းပစ်ထားခဲ့တဲ့အတိုင်း သေးသိမ်နုံချာစွာ အဖိနှိပ်ခံနေရဆဲမို့ မြန်မာတွေလွပ်လပ်သလို မြန်မာ့နောက်ဆုံးဘုရင်မင်းမြတ် သီပေါမင်း-တြား ခမျာ ဒီနေ့အထိ မလွပ်လပ်ရှာသေးပါတကား။

## သရဏဂုံတင်ခွင့်မပြု

ကျွန်တော့်ရဲ့ မယ်တော်ဖြစ်တဲ့ စတုတ္ထသမီးတော်ရေးခဲ့တဲ့

'အရေးတော်ပုံစာတမ်းပါအမှတ်စဉ် ၂၄ မှာ အခုလိုဖော်ပြထားတယ်။

**. . . 'ခမည်းတော်၊ မယ်တော်၊ သမီးတော်နဲ့ မိထွေးတော် (စုဘုရားကလေး) တို့မှာ မြန်မာနိုင်ငံကို စွန့်ခွာတော်မူသည့်နေ့မှ စ၍ ကိုယ်ပိုင်မဟုတ်၊ မထိုက်တန်သည့် အိမ်၊ အလွန်နည်းပါးသော ပင်စင်နဲ့ သာမညပုဂ္ဂိုလ်များကဲ့သို့ နှစ်ပေါင်းအများ ညိုငြင်ဆင်းရဲစွာ စံတော်မူရကြောင်း၊ ခမည်းတော်၊ မယ်တော်၊ မိထွေးတော်တို့မှာလည်း ဤဆင်းရဲဒုက္ခမျိုးနဲ့ပင် တစ်တိုင်းတစ်နိုင်ငံတွင် တကွဲတပြားစီ နတ်ပြည်စံတော်မူရသဖြင့် ခမည်းတော်အတွက် ယနေ့အထိ သရဏဂုံ မတင်ရသေးကြောင်း'. . .**

ကြည့်ပါအုံး . . . သီပေါမင်းတြားရဲ့ ဈာပနတော်ကျင်းပဖို့ ငွေမလုံလောက်လို့ အင်္ဂလိပ်အစိုးရဆီတောင်းပေမယ့် အချိန်မီထုတ်မပေးတဲ့အတွက် ဈာပနတော်အခမ်းအနားကို မင်းတြားကြီးရဲ့ ဝတ်လဲတော်တွေ အထူးသဖြင့် တောင်ရှည်ပုဆိုးတော်တွေ မိဖုရား-ခေါင်ကြီး နဲ့ သမီးတော်တွေရဲ့ ခြုံပဝါတော်တွေနဲ့ဖြစ်သလို ပြင်ဆင်ထားရလို့ ရောင်စုံပြီး အတိုအရှည်တွေ ဖြစ်နေတာမို့ ကြည့်မကောင်းရှုမကောင်း ဖြစ်ခဲ့ပါရောလား။

ဒီကြားထဲ စံအိမ်တော်တာဝန်ယူရတဲ့ နိုင်ငံရေးအရာရှိက သမီးတော်တွေကို ကုလားထိုင်တွေပေါ် ထိုင်စေပြီး အိန္ဒိယအမှုဝန်ထမ်းတွေကို ဘုရင်မရှိတော့တဲ့အတွက် အရင်တုန်းကလို အရိုအသေ ပေးနေဖို့မလို၊ ဒီမင်းသမီးတွေထဲက မင်းတို့ကြိုက်တဲ့သူကိုယူနိုင်ကြောင်း ပြောလိုက်လို့ ထဆွဲကြမယ့် အိန္ဒိယအမှုထမ်းတချို့ကို ကျွန်တော်ရဲ့မယ်တော်က ဓါးရှည်ကိုင်ပြီး . . .

**'ရွှေတိုးရဲတိုးကြစမ်း၊ အားလုံး၊ ခုတ်သတ်ပစ်မယ်၊ ဒီလိုစော်ကားတဲ့နိုင်ငံရေးအရာရှိကို အထက်အာဏာပိုင်ကို**

**တိုင်ကြားမယ်။ ငါ့မယ်တော်ရှိနေသေးတော်မူတယ်။ ငါတို့ဟာ မင်းသမီးတွေဖြစ်ကြတယ်။ နင်တို့အားလုံးကိုယ့်နေရာကိုယ် ထိုင်ကြ'**

လို့ ကြိမ်းမောင်းလိုက်တော့မှ နိုင်ငံရေးအရာရှိက သူကျိုးစယ်တာဖြစ်ကြောင်း တောင်းပန်တယ်။ ဒီစော်ကားမှုကြီးကို မှတ်တမ်းတွေထဲမှာ လုံးဝဖျောက်ဖျက်ထားပေမယ့် ကျွန်တော်ရဲ့ မယ်တော်ကိုယ်တိုင် ပြောခဲ့တာမို့ ခိုင်လုံတယ်။ ဒီအကြောင်းကို ၁၉၇၁ မေထုတ် အိုးဝေဂျာနယ်မှာ 'သူပုန်မင်းသမီး' ဆောင်းပါးအဖြစ် ကျွန်တော်ရေးခဲ့ဖူးတယ်။

သီပေါမင်းတြားရုပ်ကလာပ်တော်ကို မိဖုရားခေါင်ကြီး စုဘုရားလတ်ရဲ့ ဆန္ဒတော်အတိုင်း ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာနဲ့အညီ အင်္ဂလိပ်နယ်ချဲ့က သရဏဂုံတင်ခွင့် မပြုတဲ့အတွက် မိဖုရားခေါင်ကြီးက အင်္ဂလိပ်နယ်ချဲ့ကို ဟောဒီလို တူးတူးခါးခါး ဆန့်ကျင့်တော်မူခဲ့တယ်။

မင်းတြားကြီးရဲ့ ရုပ်ကလာပ်တော်ကို မပုတ်မသိုးအောင် မီးသွေးနဲ့ ပရုပ်တွေ အပြည့်ထည့်၊ သွပ်ခေါင်းကို အလုံပိတ်ပြီး သစ်သားခေါင်းထဲထည့် ပိတ်ထားလိုက်တယ်။ အဲဒီခေါင်းကို အင်္ဂလိပ်နယ်ချဲ့ လက်မအပ်ပဲ မိဖုရားခေါင်ကြီး စုဘုရားလတ်က မိမိနဲ့အတူ အိမ်တော်ထဲမှာ ၂ နှစ်ကျော်ထားရှိခဲ့တယ်။ မိမိလင် ယောကျ်ားကို ဘယ်လောက်ချစ်ပါတယ်လို့ ပြောပြော အဲဒီလင်ယောကျာ်း သေဆုံးသွားတဲ့အခါ ကြောက်လွန်းလို့ဆိုပြီး အလောင်းကိုတောင်မကြည့်ရဲတဲ့ အနားမကပ်ရဲတဲ့ မိန်းမမျိုးတွေ အများကြီး တွေ့ခဲ့ဖူးကြမှာမို့ မိဖုရားခေါင်ကြီး စုဘုရား-လတ်က သီပေါမင်းတြားရဲ့ အလောင်းတော်ကို မိမိနဲ့အတူ ၂ နှစ်ကျော်ထားတာကိုက နည်းနည်းနောနောသတ္တိ မဟုတ်တာထင်ရှားတယ်။ ဒီအကြောင်းကို ၁၉၈၀ ဒီဇင်ဘာထုတ် မိုးဝေစာပေမဂ္ဂဇင်းမှာ 'သီပေါမင်းလောင်းတော်တိုက်ပွဲ' ဆောင်းပါးအဖြစ် ကျွန်တော် ရေးခဲ့တယ်။

နောက်ဆုံးတော့ အင်္ဂလိပ်နယ်ချဲ့က သက်တော် ၆၀ ရှိနေ

တော်မူရှာပြီဖြစ်တဲ့ မုဆိုးမကြီး စုဘုရားလတ်နဲ့ သမီးတော်တွေအပေါ် မညှာမတာ အင်အားသုံးပြီး အလောင်းတော်ကို အမွေလုပ်ယူ အုတ်ဂူ သွင်းပစ်လိုက်တယ်။

သီပေါမင်းတြား အလောင်းတော်ကို အဲဒီလို အမွေလုပ်ယူပြီး အုတ်ဂူသွင်းပစ်လိုက်တဲ့ အုတ်ဂူက သာမန်အုတ်ဂူငယ်ပဲ။ မြန်မာနိုင်ငံ တွေရဲ့ အထွတ်အထိပ်ဘုရင်မင်းမြတ်ရဲ့ အဆင့်အတန်းနဲ့ သိက္ခာကို လုံးဝ ဂရုမစိုက်ဘဲ သေးသိမ်နုံချာအောင် လုပ်ပစ်လိုက်တယ်။ ဘုရင်အဖြစ်ကို ထားအုံး၊ သာမန်လူ အဆင်းရဲဆုံးလူတို့ လုပ်လေ့လုပ်ထမရှိတဲ့ ဂူတစ်ဂူ ထဲမှာ အလောင်းနှစ်လောင်းထည့်ထားတာကို သူတို့ကိုယ်သူတို့ နိုင်ငံကြီးသား လူ့ယဉ်ကျေးလို့ သတ်မှတ်ထားတဲ့ အင်္ဂလိပ်နယ်ချဲ့က သီပေါမင်းတြား အလောင်းတော်နဲ့ စုဘုရားလေး (စုဘုရားလတ် ညီမတော်) အလောင်းတော်နှစ်လောင်းကို တစ်ဂူထဲမှာ ထည့်ပစ်လိုက် တယ်။

**စိန်ခြယ်၊ ဩဂုတ်လ၊ ၁၉၉၅**

⇨ ⇨ ⇨

# ရတနာပုံ မှ ရတနာဂီရိ သို့ (၉)

## သီပေါမင်းအုတ်ဂူတော်

အဲဒီလိုထည့်ပစ်တာကို အရှက်မရှိနိုင်ဘဲ ဒီအုတ်ဂူမှာ ကပ်ထားတဲ့ တာရှည်ခံမယ့်ကြေးပြားပေါ် အင်္ဂလိပ်ကဗျည်းထိုးပြီး မောက်မောက်မာမာ ဖော်ပြထားလိုက်သေးတယ်။ ဖတ်ကြည့်ပါ။ သေသေချာချာ ဖတ်ကြည့်ကြပါ။ ကိုယ်ဟာ မြန်မာလူမျိုးဖြစ်တဲ့အသိနဲ့ ဖတ်ကြည့်လိုက်ကြပါ။ (မူလစာကြောင်းတွေအတိုင်း)

IN THIS TOMB
ON THE 19$^{th}$ MARCH 1919
WERE DEPOSITED THE MORTAL REMAINS OF THEBAW
THE LAST KING OF UPPER BURMA
WHO WAS DEPOSED ON THE 1$^{st}$ DECEMBER 1885
AND WAS REMOVED TO RATANAGIRI WHERE HE
DIED ON THE 15$^{th}$ DECEMBER 1916
AT THE AGE OF 58
ALSO THE REMAINS OF TEIK SU PAYA GALE
THEBAW'S MIN OR QUEEN
WHO DIED AT RATANAGIRI ON THE 25$^{th}$ JUNE 1912 AGED 50

## (သမိုင်းတွင်ပထမဦးဆုံးဖော်ပြခြင်းဖြစ်သည်)

၁၈၈၅ ဒီဇင်ဘာ ၁ မှာ နန်းချခံရပြီး ရတနဂီရိကို ရွှေ့ပြောင်းခံခဲ့ရာက ၁၉၁၆ ဒီဇင်ဘာ ၁၅၊ အသက် (၅၈) နှစ်မှာ သေဆုံးခဲ့တဲ့ အထက်မြန်မာနိုင်ငံရဲ့ နောက်ဆုံးဘုရင် သီပေါရဲ့ ကြွင်းကျန်ရစ်တဲ့ ရုပ်ကလပ်နဲ့ ရတနာဂီရိမှာ ၁၉၁၂ ဂျွန် ၂၅၊ အသက် (၅၀)မှာ သေဆုံးခဲ့တဲ့သီပေါမင်းရဲ့မိဖုရားငယ် ထိပ်စုဘုရားကလေးရဲ့ ကြွင်းကျန်ရစ်တဲ့ ရုပ်ကလပ်ကိုပါ ဒီအုတ်ဂူထဲ ၁၉၁၉ မတ် ၁၉ မှာ ထည့်သွင်းထားလိုက်တယ်။

ဒီအင်္ဂလိပ်ကဗျည်းထိုးရာမှာ မလေးမစား စော်ကားထားတာတွေကို ထောက်ပြချင်တယ်။

(Tomb) သင်္ချိုင်းဂူ၊ အုတ်ဂူ၊ ဒါက သာမန်လူတွေအတွက်ဖြစ်တယ်။ ဘုရင်နဲ့ ထိုက်ထိုက်တန်တန်ဆောက်ပေးရင် ဂူဗိမာန် (Mausoleum) ဖြစ်ရမယ်။

Thibaw သီပေါ၊ နာမည်ရှေ့မှာ ဘုရင်၊ ဘုရင်ရှေ့မှာ (His Majesty, His Majesty King Thibaw) ဖြစ်ရမယ်။

The Last King ပါနေပြီပဲလို့ ပြောရင် စကားလုံးမထပ်ချင်ရင် (Monarch) သုံးနိုင်သားပဲ။ (The Last Monarch)ပေါ့။

(Upper Burma) အထက်မြန်မာနိုင်ငံ၊ မြန်မာ့သမိုင်း အားလုံးလိုလိုမှာရော၊ သမိုင်းရေးတဲ့ နိုင်ငံခြားသား အတော်များများတို့ပါ သီပေါမင်းတြားကို အထက်မြန်မာနိုင်ငံဘုရင်လို့ ရေးလေ့ ရေးထမရှိဘဲ မြန်မာနိုင်ငံဘုရင်၊ မြန်မာနိုင်ငံရဲ့ နောက်ဆုံးဘုရင် (King of Burma. The Last King of Burma) လို့သာ ရေးနေကြပါလျက်နဲ့ သေးသိမ်နုံချာလှတဲ့ အုတ်ဂူထဲထည့်ပြီး (The Last King of Upper Burma) လို့ စော်ကားထားလိုက်သေးတယ်။

(Died) သေဆုံး။ အင်္ဂလိပ်ဘာသာမှာ သိမ်မွေ့တဲ့၊ ကြင်နာ တဲ့၊ လေးစားတဲ့၊ သိက္ခာရှိတဲ့ (Passed away. Expired) တို့ ရှိပါလျက် နဲ့ (Died) ကို တမင်တကာသုံးထားတာ ထင်ရှားတယ်။ (Deposed, Removed) တို့လည်း ဒီသဘောပါပဲ။

ဒီလိုမောက်မာစော်ကားထားတာနဲ့ အားမရနိုင်သေးပဲ ထပ်ပြီး အနိုင်ကျင့်တာကတော့၊ သီပေါမင်းတြားနတ်ပြည်စံတော်မူခဲ့ရတဲ့ စံအိမ်တော်နဲ့ အလှမ်းဝေး (နှိုင်းယှဉ်ပြရရင် ရန်ကုန်က လှည်းကူး လောက်ဝေး)ပြီး မြို့ပြင်မှာရှိတဲ့ ဘုံဘေ-ရတနာဂီရိကား လမ်းဘေး မြေရိုင်း ကွင်းပြင်ကြီးထဲ အထီးကျန်စေအောင် ဒီအုတ်ဂူကို ဆောက်လုပ်ပစ်ထား ခဲ့တယ်။

အင်္ဂလိပ်ရဲ့ ရည်ရွယ်ချက်က မိဖုရားခေါင်ကြီး စုဘုရားလတ် သမီးတော်တွေနဲ့ စံအိမ်တော် မြန်မာအရာထမ်း အမှုထမ်းတွေက ရေ၊ မီး၊ ပန်း၊ ပွဲတော်စာ (စားသောက်ဖွယ်)တွေကို ဒီသီပေါမင်းတြား အုတ်ဂူမှာ မကြာခဏ ဆက်သကုသိုလ်ပြုမှာကို မလိုလားလို့ အခုလို အဝေးကြီးမှာ သွားထားတာဖြစ်တယ်။

စဉ်းစားကြည့်ကြပါ. . . ကိုယ့်ခင်ပွန်း ကိုယ့်အဖေ ကိုယ့်အလုပ်ရှင်ကို ကောင်းရာသုဂတိလားနိုင်ဖို့ တတ်နိုင်သလောက် မကြာခဏ ကုသိုလ်ကောင်းမှုပြုလုပ်တာဟာ ဗုဒ္ဓဘာသာဝင်တွေ (အခြား ဘာသာဝင်တွေ၊ ခရစ်ယာန်တွေပါ) ရဲ့ မွန်မြတ်တဲ့ ဓလေ့ထုံးစံ ဖြစ်ပါရဲ့နဲ့ သိပါလျက်နဲ့ အခုလိုလူမဆန်တဲ့ အနိုင်ကျင့်မှုကို စီမံလုပ်ခဲ့တာ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားနေပြီ။

## သီပေါမင်းတြားအုတ်ဂူတော်

ဘိုးတော်ဘွားတော်နဲ့ မယ်တော်တို့ အကျယ်ချုပ်နဲ့ နေခဲ့ကြရတဲ့

**ရတနာပုံ့စာအုပ်တိုက်**

ပျက်စီးစပြုနေပြီဖြစ်တဲ့ စံအိမ်တော်ကိုမြင်ရလို့ စိတ်မကောင်း ဖြစ်နေရာက ဘိုးတော်ရဲ့အုတ်ဂူတော် (တကယ်တော့ အုတ်နန်းပြသာဒ်တော်ဖြစ်ရမှာ၊ ဒါပေမယ့် ဖော်ပြခဲ့တဲ့အတိုင်း သေးသိမ်နှုံချာလွန်းတဲ့ အုတ်ဂူဖြစ်နေပြီး ဘုရင်နဲ့ပတ်သက်နေလို့ အုတ်ဂူနောက်က 'တော်' သုံးထား) ကိုမြင်ရပြန်တော့ ကျွန်တော်ဟာ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ ဖက်စစ်တော်လှန်ရေးကို တက်တက်ကြွကြွ ဆင်နွှဲလာတဲ့ မင်းယောကျ်ားရင့်မာကြီးဖြစ်ပေမယ့် မျက်ရည်မဆည်နိုင်ခဲ့ဘူး။ ဘယ်လိုမှ မထိန်းနိုင်ခဲ့ဘူး။ အသက် ၇၀ နီးပြီး ကျန်းမာရေးချို့တဲ့နေလို့ ရင်ထဲအောင့်ပြီး အသက်ရှူကြပ်လာတာမို့ မူးမေ့မသွားအောင် အတော်လုပ်ယူခဲ့ရတယ်။

ရတနာဂီရိကို ရောက်နေကြတဲ့ ကျွန်တော်တို့ထဲမှာ အငယ်ဆုံးနဲ့ ကျန်းမာရေးကောင်းတဲ့ မဟာစန္ဒကုမာရ/ဦးစိုးဝင်း (တော်ဘုရားကြီး သားတော်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန) ဟာ သရဏဂုံတင်တဲ့အခါ သံတော်ဦးတင်လျှောက်ဖတ်ကြားရာ နိဂုံးပိုင်းရောက်တော့ မျက်ရည်ပေါက်ပေါက်ကျပြီး ငိုသံကြီးထွက်ပေါ်လာလို့ ဆရာတော် ဦးကောဝိဒပါ မျက်နှာမကောင်းဖြစ်တော်မူခဲ့ရပါပကော။ ဒီအခမ်းအနားကို ဗွီဒီယို ရိုက်ထားလို့ ဒီနေရာရောက်လာတိုင်း ရင်ထဲမှာနင့်နေအောင် ခံစားရစမြဲ။

အုတ်ဂူတော်ကိုကြည့်ပါဦး. . .

ရေညှိတွေအထပ်ထပ် ခြောက်ကပ်နေလို့ မည်းမည်းနက်နက်ကြီးဖြစ်နေပြီး မြက်ပင်တွေသာမက သစ်ပင်တွေပါပေါက်နေတာမို့ အကြီးဆုံးအပင်ဟာ ယောကျ်ားကြီးပေါင်လုံးလောက်ရှိနေပြီ။

ကျွန်တော်တို့က လက်လှမ်းမီသလောက် မြက်ပင်တွေ သစ်ပင်ပေါက်စတွေကို ဆွဲနှုတ်တော့ အင်တေတွေ ပွဲကျလာပါရော။ အုတ်ဂူတော်ပေါ်မှာ ပေါက်နေတဲ့ အကြီးဆုံးသစ်ပင်ကို ဓါးနဲ့ ချိုင့်တဲ့အခါ အင်တေတွေ အတုံးလိုက်အခဲလိုက် ဝေါကနဲ ဝေါကနဲ ပွဲကျလာလို့ ဓါးနဲ့

မချိုင်တော့ပဲ လှံနဲ့ ဖြည်းဖြည်းကလေး တိုက်ဖြတ်ယူရတယ်။ အမြစ်က ကျန်နေတာမို့ မိုးတွင်းမှာ ပြန်လည်ရှင်သန်လာမှာ သေချာတယ်။ ကျန် သစ်ပင်ငယ်တွေနဲ့ မြက်ပင်တွေလည်း အပြိုင်းပြိုင်းပြန်ပေါက်လာမှာမို့ အုတ်ဂူတော်ကို ကောင်းကောင်း မြင်ရတော့မှာ မဟုတ်ဘူး ထင်ပါရဲ့။

ပထမသမီးတော်ရဲ့ အုတ်ဂူတော် တည်ဆောက်ထားပုံကိုလည်း ကြည့်ကြပါ။ သီပေါမင်းတြား အုတ်ဂူတော်နဲ့ တပြေးညီ ဘေးချင်းယှဉ် ထားရာမှာ အုတ်ဂူတော်နှစ်ဂူရဲ့ အတိုင်းအတာနဲ့ ပုံစံက အတူတူပဲ။ အမွှာအုတ်ဂူတော်လို့ ပြောနိုင်ရဲ့။

လူမျိုးမရွေး၊ ဘာသာမရွေး သိထားကြတာက မိဘနဲ့သားသမီး ကွယ်လွန်ကြတဲ့အခါ အုတ်ဂူသွင်းကြရင် မိဘအုတ်ဂူကို ခေါင်းရင်းမှာ ထားပြီး သားသမီးရဲ့အုတ်ဂူကို မိဘခြေရင်းမှာထားရုံမက သားသမီးရဲ့ အုတ်ဂူဟာ မိဘအုတ်ဂူထက် ငယ်လေ့ရှိတယ် မဟုတ်လား။ အခုတော့ သီပေါမင်းတြားနဲ့ ပထမသမီးတော်တို့ဟာ ခမည်းတော်၊ သမီးတော် ဖြစ်ကြပေမယ့် ခမည်းတော် မြန်မာဘုရင်မင်းမြတ် ဖြစ်နေတော်မူလို့ ဒီနေရာမှာ ဘယ်လိုနည်းနဲ့မှ ဒီအုတ်ဂူတော်နှစ်ဂူတို့ကို တန်းတူရည်တူ မထားထိုက်ဖူးဆိုတာ ဘုရင်စံနစ်ကျင့်သုံးနေတဲ့ အင်္ဂလိပ် ကောင်းကောင်း ကြီးသိပေမယ့် သူတို့ ပယောဂကြောင့် အိန္ဒိယခင်ပွန်းယူခဲ့ရရှာတဲ့ ဘဝလုံးဝပျက်စီးသွားခဲ့ရရှာတဲ့ ပထမသမီးတော် (အရပ်စကားနဲ့ပြောရရင် ကုလားမယား ဖြစ်ခဲ့ရရှာ) ရဲ့ အုတ်ဂူတော်ကို သီပေါမင်းတြား အုတ်ဂူ-တော်နဲ့ အမွှာ အုတ်ဂူတော်ဖြစ်အောင် ပရိယာယ်ဝေဝုစ် လုပ်ထားခဲ့တာ ဟာ အရင်းရှင်နယ်ချဲ့အင်္ဂလိပ်တို့ရဲ့ မြန်မာရဟန်းရှင်၊ လူ၊ ပြည်သူ တစ်ရပ်လုံးကို မထီမဲ့မြင်စော်ကားထားတဲ့ ရေရှည်စီမံချက်ဖြစ်တာ ဘယ်သူငြင်းနိုင်မလဲ။ ဒီလိုမထီမဲ့မြင် စော်ကားမှုတွေဟာ မြန်မာတွေကို သာမဟုတ် အင်္ဂလိပ်နယ်ချဲ့ စိုးမိုးကျွန်ပြုခဲ့တဲ့ နိုင်ငံတွေနဲ့ လူမျိုး သန်း-ပေါင်းများစွာ အထူးသဖြင့် အာဖရိကနဲ့ အာရှပြည်သူတွေပါ ဖြစ်တာ

သမိုင်းက မှတ်တမ်းတင်ထားပြီပဲ။ ပြေးမလွတ်တော့ဘူး။

ကျွန်တော်ရဲ့ ဘိုးတော်သီပေါမင်းကြီးနဲ့ ဘွားတော်စုဘုရား-လတ်တို့ ရတနာဂီရိ ပါတော်မူခဲ့ရတာ၊ မြန်မာတွေလွပ်လပ်ပေမယ့် သီပေါမင်းကြီးဟာ ဒီနေ့အထိ ရတနာဂီရိမှာ မလွပ်လပ်သေးတာ၊ မြန်မာ့အစဉ်အဆက် လွတ်လပ်ရေးဆုံးရှုံးခံရတာ (မြန်မာတွေ ကျွန်ဖြစ်၊ ကျွန်ထက်ဆိုးတဲ့ ကျွန်သဘောက်ဖြစ် စတဲ့ အသုံးအနှုန်း အရေးအသား တွေဟာ ကိုယ့်သိက္ခာကိုယ်ချ ကိုယ့်တပ်ကိုယ်ပြန်နင်းရုံမက အရှုံးပေးဝါဒ (Defeatism) ကျင့်သုံးသလို ဖြစ်လို့ရှောင်သင့်) အင်္ဂလိပ်နယ်ချဲ့ကြောင့် ဖြစ်တယ်။

## မှတ်တမ်းတင်

ကျွန်တော်တို့ ရတနာဂီရိသွားခဲ့တာနဲ့ ပတ်သက်ပြီး သီပေါမင်း-ကြီး အနွယ်တော်တွေရဲ့ အစဉ်အလာ 'ကဒေါင်းတံဆိပ်တော်' ပါတဲ့ စာရွက်ပေါ်မှာ-

**အိန္ဒိယနိုင်ငံ ရတနာဂီရိမြို့ရှိ သီပေါမင်းကြီး ရုပ်ကလာပ် တော်အား မရွက်ဆောင်ရသေးသော သရဏဂုံတင်မှုကို စွမ်းဆောင် ပြုလုပ်ခဲ့ခြင်းမှတ်တမ်း။**

**၁၃၅၆ ခုနှစ် တော်သလင်းလဆန်း ၃ ရက်**

**(၇ စက်တာဘာလ ၁၉၉၄)**

ရတနာဂီရိကိုသွားခဲ့တဲ့ အနွယ်တော်တွေ လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားတယ်။

အဲဒီသမိုင်းဝင်မှတ်တမ်းမှာ **'သီပေါမင်းကြီး၏အုတ်ဂူတော်'** ခေါင်းစဉ်နဲ့ အခုလိုမှတ်တမ်းတင်ထားတယ်. . .

**သီပေါမင်းကြီးနတ်ရွာစံ(၁၆ဒီဇင်ဘာ ၁၉၁၆)**

ဒေါက်တာသန်းထွန်းက မန္တလေးအဖြစ်အပျက် ရက်စွဲစာရင်း (Chronology of Mandalay) ထဲမှာ '၁၆ ဒီဇင်ဘာ ၁၉၁၆' လို့ ဖော်ပြထားတယ်။ (မန္တလေးဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ် နှစ်လည်စာစောင် ၁၉၆၉-၁၉၇၀)

အငြိမ်းစားသမိုင်း ပါမောက္ခ (W.S Desai က ၁၅ ဒီဇင်ဘာ ၁၉၁၆ သန်းခေါင်လောက်မှာ သီပေါဟာ နောက်ဆုံး အသက်ရှူခဲ့တယ်' လို့ ရေးခဲ့တယ်။ (Deposed King Thibaw of Burma in India, 1885-1916)

ဒီနေရာမှာ Died သေဆုံး မဟုတ်ပဲ breathed his last နောက်ဆုံး အသက်ရှူခဲ့တယ်လို့ သိက္ခာရှိအောင် တလေးတစား ရေးထားတာကို အထူးသတိပြုကြပါ။) ပါတော်မူသောအခါ ရုပ်ကလာပ်တော်ကို သာမန်အုတ်ဂူငယ် တွင် မိဖုရားစုဘုရားကလေး၏ ရုပ်ကလာပ်တော်နဲ့အတူ ထည့်သွင်းပြီး လမ်းဘေးကွင်းပြင်တွင် နယ်ချဲ့အင်္ဂလိပ်က ရိုင်းစိုင်းစော်ကားစွာပစ်ထားပြီး ကြေးပြားပေါ် အင်္ဂလိပ် ကဗျည်း ထိုးထား လိုက်တယ်။ (အရှေ့ပိုင်း တွင်ဖော်ပြပြီး)

အင်္ဂလိပ်နယ်ချဲ့က ရုပ်ကလာပ်တော်နှစ်ခုကို တစ်ဂူထဲတွင် ပစ်စလက်ခတ်ထည့်သွင်းထားသည်မှာ မိုက်ရိုင်း စော်ကားလွန်းပါသည်။

သီပေါမင်းတြားအုတ်ဂူတော် ပတ်ဝန်းကျင်မှာ အိန္ဒိယ အစိုးရ ဆက်သွယ်ရေးဌာန (Telecommunications Department) ၏ ဆောက်လုပ်ပြီး ဆောက်လုပ်ဆဲ အဆောက်အဦးများစွာ ရှိနေပြီဖြစ်ပါသည်။ အုတ်ဂူတော်ဝင်း (၁၅ ပေ ပတ်လည်ခန့်) အတွင်း မြက်ပင် ခြုံပုတ်များ၊ လူ၊ ခွေး၊ နွား၊ ဆိတ်တို့၏ မစင် အညစ်အကြေးများ၊ အိန္ဒိယ

**အမျိုးသမီး၊ အမျိုးသားများ ဝတ်ကြသည့်ဆာရီများ၊ ဒိုတီများ၊ ခြင်ထောင်များ၊ ခေါင်းအုံးများ၊ စောင်များ၊ ဖျာများ နေလှမ်းထားကြပါသည်။**

**အုတ်ဂူတော်တွင် သစ်ပင်ကြီးငယ်များ ပေါက်နေသဖြင့် အုတ်များကွဲအက်နေပြီး နှစ်ပေါင်းများစွာ မိုးဒဏ်လေဒဏ်များကြောင့် အင်္ဂတေများမဲညစ်ဆွေးမြေ့ပဲ့ကျနေပါသည်။**

**မြန်မာ့နောက်ဆုံးဘုရင်မင်းမြတ်၏ဂုဏ်သိက္ခာနဲ့ မလိုက်အောင် လမ်းဘေးကွင်းပြင်တွင် တည်ဆောက်ထားသော အုတ်ဂူငယ်ကို သိမ်နုတ်ယိုယွင်းပျက်စီးစေရုံမက တစ်နေ့နေ့တွင် လုံးဝပပျောက်သွားရန် အင်္ဂလိပ်နယ်ချဲ့၏ ပိရိကောက်ကျစ် စဉ်းလဲသော ရေရှည်စီမံကိန်းပင်ဖြစ်ပါသည်။**

"ပထမသမီးတော် အသျှင်ထိပ်စုမြတ်ဘုရားကြီး၏ အုတ်ဂူတော်ခေါင်းစဉ်နဲ့ အခုလိုမှတ်တမ်းတင်ထားတယ်။

**. . . ပထမသမီးတော် အသျှင်ထိပ်စုမြတ် ဘုရား-ကြီး နတ်ရွာစံ (၃ ဇွန် ၁၉၄၇) ပါတော်မူသောအခါ အရိုးအိုး-တော်ကို သာမန်အုတ်ဂူငယ်တွင် ထည့်သွင်းထားနိုင်ရန် ရည်ရွယ်ပြီး ခမည်းတော်သီပေါမင်းတြား အုတ်ဂူတော်ဘေး၌ တည်ဆောက်ထားသောလည်း ယင်းအုတ်ဂူငယ်တွင် အရိုးအိုးတော်လုံးဝမရှိဘဲ ရတနာဂီရိ (Collector) ရုံး၌ရှိနေသေးသည်ဟု သိခဲ့ကြရပါသည်။ အရိုးအိုးတော်ထည့်သွင်းရန် အပေါက်မှာယနေ့ထက်တိုင် မပိတ် ရသေးပါ။**

**အထူးဝမ်းနည်းဖွယ်ကောင်းသည်မှာ ယင်း ပထမသမီးတော် အုတ်ဂူထက်တွင် ကပ်ထားသော ကဗျည်း**

ကျောက်ပြား (မြန်မာ့ဘုရင် သီပေါမင်း၏ ပထမသမီးတော် အသျှင်ထိပ်စု မြတ်ဘုရားကြီး၊ ၁၉၄၇ ခု ဇွန်လ ၃ရက်နေ့တွင် နတ်ရွာစံသည်) မှာ ပြောင်းပြန်ဇောက်ထိုး ဖြစ်နေခြင်း ဖြစ်ပါသည်။

စိန်ခြယ်၊ စက်တင်ဘာလ၊ ၁၉၉၅

⇨ ⇨ ⇨

# ရတနာပုံ မှ ရတနာဂီရိ သို့ (၁၀)

## သာမန်သရဏဂုံတင်

ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကွယ်လွန်တဲ့ ၃၁ နှစ်မြောက် ဆွမ်းကပ်ပွဲ(၂၃-၇-၁၉၉၅)မှာ ဆရာမြသန်းတင့်နှင့် တွေ့ဆုံမိကြတဲ့အခါ သီပေါမင်းတြားကို သရဏဂုံတင် မတင်နဲ့ပါတ်သက်ပြီး စကားပြောဖြစ်ကြတယ်။ သူက အငြိမ်းစားသမိုင်းပါမောက္ခ (W.S Desai ရေးတဲ့ Deposed King Thibaw of Burma in India, 1885-1916 ကို မြန်မာပြန်ထားလို့ အဲဒီစာအုပ်ထဲမှာ သရဏဂုံတင်ပြီးပြီ။ ဈာပနအခမ်းအနားတွေ (Funeral ceremonies) လို့တောင် သုံးနှုန်းထားတာတွေ့ရတာလို့ပြောရဲ့။

အဲဒီစာအုပ်ထဲမှာ ပါတာတွေက ရှင်းနေပြီပဲ။ မြန်မာဘုန်းကြီး (Buddhist Monk) လို့ရေးထားပြီး အဲဒီမြန်မာဘုန်ကြီးဆိုတဲ့ သူကို ဘုရားကျောင်းစောင့်၊ ကပ္ပိယ၊ သချိုင်းစောင့်လို့ အဓိပ္ပါယ်ရတဲ့ (Sacristan) လို့ရေးထားပြန်တယ်။ အရေးအကြီးဆုံးက အဲဒီ ဘုန်းကြီး

ဆိုသူက တစ်လကို လစာငွေ ၁၅ဝိ/- ရနေတာဖြစ်တယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆရာတော်ဘုရားကြီးတချို့ရော၊ ဆရာပါရဂူကိုပါ လျှောက်ထားမေးမြန်းတဲ့အခါ ဘုန်းကြီးဟာ ငွေမှမကိုင်ရတာ။ လစာငွေ ယူနေတယ်ဆိုတော့ ဘယ်ဟုတ်ပါတော့မလဲလို့ ဖြေကြားကြတယ်။ ဒီလို ဘုန်းကြီးမျိုးက သရဏဂုံတင်တယ်ဆိုတော့ စဉ်းစားသာ ကြည့်ကြ ပေတော့။

အဓိကအချက်က မိဖုရားခေါင်ကြီး စုဘုရားလတ်ကိုယ်တော်- တိုင်က မင်းခမ်းမင်းနားနဲ့ မြန်မာဆရာတော်ဘုရားကြီးတွေနဲ့ မန္တလေး နန်းတော်ထဲမှာ သရဏဂုံတင်တော်မူချင်တာကို အင်္ဂလိပ် နယ်ချဲ့က ခွင့်မပြုလို့ ရတနာဂီရိမှာလုပ်ခဲ့တယ်ဆိုတဲ့ အဲဒီဧျာပန အခမ်းအနားတွေ (တွေလို့သုံးထားတာက သီပေါမင်းတြားနဲ့ မိဖုရား စုဘုရားကလေးတို့ကို ရည်ညွှန်းထားလို့ပဲ၊ ဒီရုပ်ကလာပ်တော်နှစ်ခုကို သေးသိမ်နုံချာလှတဲ့ အုတ်ဂူတစ်ဂူထဲမှာ အတူထည့်ပစ်ထားခဲ့တာကိုဖော်ပြပြီး) ကို မိဖုရား- ခေါင်ကြီးစုဘုရားလတ် လုံးဝ(လုံးဝ) မတက်ရောက်တော်မူခဲ့ဘူး။

သီပေါမင်းတြားကို သရဏဂုံမတင်ရသေးတာကို ကျွန်တော့်ရဲ့ မယ်တော် (စတုတ္ထသမီးတော်အရှင်ထိပ်စုမြတ်ဘုရားကလေး) ကလည်း အတိအလင်း ပြောပြဖူးတယ်။ 'စတုတ္ထသမီးတော်၏ အရေးတော်ပုံ စာတမ်း' (အတ္တဟိတပရဟိတစာပုံနှိပ်တိုက်၊ ဈေးချိုတောင်ဘက်၊ မန္တလေး၊ ၁၂၉၃/၁၉၃၁) စာအုပ် စာမျက်နှာ ၁၁ အပိုဒ် ၂၄ မှာ -

> . . . 'ခမည်းတော်(သီပေါမင်းတြား)မယ်တော် (မိဖုရားခေါင် ကြီးစုဘုရားလတ်) မိထွေးတော် (မိဖုရားစုဘုရားကလေး) တို့မှာလည်း ဤဆင်းရဲဒုက္ခမျိုးနှင့်ပင် တစ်တိုင်းနိုင်ငံတွင် တကွဲတခြားစီ နတ်ပြည်စံတော်မူရသဖြင့် ခမည်းတော်အတွက် ယနေ့အထိ သရဏဂုံမတင်ရသေးကြောင်း'. . . (မူလသတ်ပုံ အတိုင်း) အထင်အရှားရေးထားပြီပဲ။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ကထိက ဦးသက်တင်အစရှိတဲ့ သမိုင်းအကျော်အမော်တွေ၊ တခြားသမိုင်းသုတေသီတွေနဲ့ သမိုင်း ပညာရှင်တွေကလည်း သရဏဂုံမတင်ရသေးဘူးလို့ တိကျ ပြတ်သားစွာ ရေးခဲ့ကြပြီပဲ။

ဆရာမြသန်းတင့်က အဲဒီလိုသရဏဂုံတင်ပြီးပြီလို့ မြန်မာ ပြန်လိုက်တာကို ဒီနေ့အထိ ကျွန်တော်မဖတ်ရသေးဘူး။ သူနဲ့တွေ့တုန်း က လစာငွေ ၁၅ဝ/- ရနေတဲ့ဘုန်းကြီးလို့ ကျွန်တော်ရှင်းပြတော့ သူသတိမထားမိလိုက်လို့ပါလို့ ဝန်ခံလေရဲ့။

အဲဒီလိုဆရာမြသန်းတင့် မြန်မာပြန်လိုက်တာနဲ့ ပတ်သက်ပြီး ကျွန်တော်ရေးနေတဲ့ 'ရတနာပုံ၊ ရတနာဂီရိ၊ ရတနာသိမ်' (အခုရတနာပုံမှ ရတနာဂီရိသို့) အခန်းဆက်ဆောင်းပါးတွေကို အဆက်မပြတ် ဖတ်နေ ကြသူတွေက သီပေါမင်းတြားမြေးတော်အရင်းဖြစ်တဲ့ ကျွန်တော်က အထောက်အထားခိုင်ခိုင်မာမာနဲ့ ရေးနေတုန်းမှာ အခုလိုမြန်မာပြန်လိုက် တာကို အံ့သြစိတ်မကောင်း ဖြစ်နေကြတယ်။

အင်မတန်အရေးကြီးတဲ့ အဖြစ်အပျက်ကို ထောက်ပြချင်တယ်။ မန္တလေးရဟန်းပျိုအဖွဲ့ချုပ်က ဦးဆောင် ဆရာတော်ဘုရားကြီးနှစ်ပါး (ဦးကလျာဏနဲ့ဦးကုသလလို့ မှတ်မိ)နဲ့ တတိယသမီးတော် အသျှင်ထိပ်စု မြတ်ဘုရားတို့က နာယကတွေ၊ ဆရာကြီးသခင် ကိုယ်တော်မှိုင်းကဉက္ကဋ္ဌ၊ ဗိုလ်သိန်းဆွေ (ဗိုလ်ချုပ်အောင်ဆန်းစာ ကြည့်တိုက်) က အထွေထွေ အတွင်းရေးမှူး၊ ကျွန်တော်က တွဲဖက် အထွေထွေအတွင်းရေးမှူး နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုကိုယ်စားလှယ် ပါဝင်တဲ့ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ၄ဝ ကျော်နဲ့ ဗဟိုကော်မတီဝင် ၁ဝဝ ကျော်နဲ့ ဖွဲ့စည်းထားတဲ့ **သီပေါမင်းတြားဈာပနကော် ဗဟိုကော်မတီ**က သီပေါမင်းတြားရဲ့ ရုပ်ကလာပ်တော်ကို အိန္ဒိယ အစိုးရ (ဝန်ကြီးချုပ်သျှရီနေရူး) က နိုင်ငံတော်ဈာပနအဖြစ် ပြန်ပို့လိုက်တဲ့အခါ ရန်ကုန်-မန္တလေး မီးရထား

ဘူတာစဉ်မှာ ကန်တော့ခံပြီး မန္တလေးနန်းတော်ထဲမှာ မင်းခမ်းမင်းနားနဲ့ သရဏဂုံတင်ဖို့ ကျယ်ကျယ်ပြန့်ပြန့်စီစဉ်ခဲ့တာကို ဆရာမြသန်းတင့် မေ့များသွားသလား။

ပူပူနွေးနွေးရှိနေသေးတာက ၁၃၃၅ ခုနှစ် တန်ဆောင်မုန်း လကွယ် ၁၃-၁၂-၉၃ တနင်္လာနေ့မှာ ရတနာဂီရိရှိ သီပေါမင်းကြီး ရုပ်ကလာပ်တော်ကို ကျွန်တော်အပါအဝင် မြေးတော်အရင်းငါးဦးနဲ့ မြစ်တော်အရင်းနှစ်ဦးတို့ကိုယ်တိုင် တကူးတက၊ ခြိုးခြိုးခြံခြံ၊ တည်တည်ငြိမ်ငြိမ်၊ အကန့်အသတ်နဲ့ သွားရောက်သရဏဂုံတင်ခဲ့ ကြတာကို ဆရာမြသန်းတင့် သိနေသားပဲ။ ဓါတ်ပုံတွေအားလုံးတောင် ကြည့်ပြီးပြီပဲ။

ရတနာဂီရိရှိ ဘိုးတော်သီပေါမင်းကြီး ဘွားတော်ငယ်စုဘုရား ကလေးနဲ့ ကြီးတော် (ပထမသမီးတော်) အသျှင်ထိပ်စုဘုရားကြီးတို့ရဲ့ အုတ်ဂူတော်တို့ကို ကန်တော့ကြပြီး ဟိုတယ်ကိုပြန်ကြတယ်။ တစ်လမ်းလုံး ဘယ်သူမှ စကားဟက်ဟက်ပက်ပက် မပြောဖြစ်ကြ။ ကိုယ့်အတွေး ကိုယ်စီနဲ့၊ ဘယ်သူတွေတခြားဘာတွေ တွေးကြသလဲမသိနိုင်ပေမယ့်။ မြက်ပင်သစ်ပင်တွေ တောထနေတဲ့၊ လူ၊ နွား၊ ဆိတ်၊ ခွေးတို့ရဲ့ မစင်တွေ ပြန့်ကျဲ နံစော်နေတဲ့၊ အဝတ်အထည်တွေ လှန်းထားတဲ့၊ ဆောက်လုပ်ရေး ပစ္စည်းတွေ စုပုံထားတဲ့၊ ကိုယ့်ဘိုးတော်၊ ဘွားတော်ငယ်နဲ့ ကြီးတော် အရင်းတို့ရဲ့ သေးသိမ်နုံချာလှတဲ့ အုတ်ဂူတော်တွေကိုမြင်ယောင်ပြီး တွေးပြီး ဝမ်းနည်းကြေကွဲနေကြ၊ ခံပြင်းနေကြမှာတော့သေချာတယ်။ နောက်နေ့မနက်စောစောမှာ ၇၇ နှစ်အထိ သရဏဂုံမတင်ရသေးတာကို စွမ်းဆောင်ဖို့ စိတ်စောနေကြမှာ မုချ။

ဟိုတယ်ပြန်ရောက်တော့ အင်မတန်ကြည့်ချင်တဲ့ စလောင်း တီဗွီကို မကြည့်ချင်၊ စိတ်ရောကိုယ်ပါ ပင်ပန်းလာတာမို့ ရေချိုးပစ် လိုက်ရင် သက်သာသွားမှာပဲပေ့ါ။

ရေချိုးခန်းထဲမှာ ရေပူရေအေး (Shower) နဲ့ ရေချိုးဖို့ ကိုယ့်ဘာသာစပ်ယူရတယ်။ ကျွန်တော်က မနက်ဖန် သရဏဂုံတင်ပွဲကို စိတ်စောနေလို့ ရေပူရေအေးစပ်တာကို သတိမထားမိလို့ ရေပူလောင်တာ ကျောကော့ခံလိုက်ရလေရဲ့။

ထမင်းစားတော့လည်း ကြိုက်လှတဲ့ချပါတီတို့ ပူရီတို့ရဲ့အရသာကိုမတွေ့၊ အိပ်ပြန်တော့လည်း ကြက်အိပ်ကြက်နိုး။ မနက်စောစောထကြပြီး သရဏဂုံတင်ကြရမယ်တဲ့။ နေမြင့်သွားရင်ဘေးလူတွေ ဝိုင်းကြည့်တာမဖြစ်စေချင်ဘူး။ သရဏဂုံတင်ပြီးတာနဲ့ ရန်ကုန် အပြန်ခရီးစမယ်တဲ့။

နောက်နေ့က ၁၃၅၅ ခုနှစ် တန်ဆောင်မုန်းလကွယ် ၁၃-၁၂-၁၉၉၃ တနင်္လာနေ့၊ ဘယ်လောက်အထိ စီစဉ်ထားရသလဲဆိုရင် သရဏဂုံတင်ပြီးတာနဲ့ ဘုံဘေကို တန်းထွက်ကြရမှာမို့ ဆရာတော် ဦးကောဝိဒအတွက် ဆွမ်းကို ညတည်းကမှာထားပြီး မနက်စောစော ထည့်ယူသွားဖို့အထိ ဖြစ်တယ်။

သရဏဂုံတင်ပွဲကို မနက် ၇ နာရီလောက်မှာစဖြစ်တယ်။ ဝတ်လာတဲ့အဝတ်အစားတွေနဲ့ မင်းမျိုးမင်းနွယ်တွေရဲ့ ဝမ်းနည်းတဲ့ အထိမ်းအမှတ်အရောင်ဖြစ်တဲ့ အဖြူရောင်ဝတ်စုံနဲ့ အဖြူရောင် တဘက်ကို လဲလှယ်ဝတ်ကြရတယ်။ ဟိုတယ်ကနေ ဝတ်သွားကြရင် ဘေးလူတွေအာရုံစိုက်စရာ ဖြစ်နိုင်တာမို့ အုတ်ဂူတော်ဝင်းထဲကျမှ ဖြစ်သလိုလဲကြရတာ မလွယ်ကြောပဲ။ ကျွန်တော်တို့ မြေးတော်၊ မြစ်တော် (၇) ဦးအပြင် ဆရာတော် ဦးကောဝိဒ၊ မြန်မာသံမှူးဦးကျော်ဟိန်း၊ မော်တော်ကားမောင်းသူ သုံးယောက်၊ အုတ်ဂူတော်ကိုကာရံထားတဲ့ အုတ်တံတိုင်းပေါ်ကနဲ့ တိုက်တွေပေါ်ကကြည့်နေကြသူတွေ လည်းရှိနေကြပြန်တော့ ကတ်သီးကတ်သပ် အဝတ်အစားလဲကြရတယ်။ ထိပ်စုဘုရားကြီးနဲ့ ထိပ်စုဘုရားထွေးတို့လည်း ပါလာကြသေးတယ်လေ။

သရဏဂုံတင်တဲ့နေရာမှာထိုင်ဖို့ကမလွယ်၊ ညစ်ပတ်နံစော်

နေတယ်။ ဆရာတော်ဦးကောဝိဒနဲ့ ကျွန်တော်တို့ ထိုင်ဖို့ ပလတ်စတစ် ဖျာလိုက်ဝယ်တဲ့အခါ တနင်္ဂနွေနေ့မို့ ဈေးဆိုင်တွေအားလုံးလိုလို ပိတ်ထားလို့ နှစ်ချပ်ပဲဝယ်လို့ရခဲ့တယ်။ ခင်းလိုက်တော့အားလုံး ထိုင်ဖို့ မလုံလောက်တာကြောင့် မော်တော်ကားသုံးစီးထဲမှာပါတဲ့ ခြေနင်းရာဘာပြားတွေ ထုတ်ယူပြီး ထိုင်ကြရတယ်။ လုံချည်နဲ့ထဘီတွေက အဖြူတွေမို့ပေရေကုန်တာပေါ့။

ဘိုးတော်တို့က ရတနာပုံ(မန္တလေး) ဇာတိစစ်တွေမို့ ထိုးမုန့်၊ ကရေကရာ၊ လမုန့်၊ လက်ဘက်၊ ထန်းလျက်တို့ကို တကူးတက ရန်ကုန်က ယူဆောင်လာတာကို သပ်သပ်ရပ်ရပ်ထားစရာမရှိလို့ အုတ်ဂူတော် အခြေခံဘောင်ပေါ်မှာ ပလတ်စတစ် ကျွတ်ကျွတ်အိတ်နဲ့ထည့်ပြီး တင်ထားလိုက်ရတယ်။

မှတ်တမ်းတင်နိုင်အောင် အခမ်းအနား (တကယ်တော့ ဒီအသုံး- အနှုန်းနဲ့မတန်) နဖူးစီး (ပိတ်ဖြူပေါ်မှာကဒေါင်းတံဆိပ်တော် အစိမ်းရောင်နဲ့ စာလုံးအပြာရောင်။ စိန်ခြယ်မဂ္ဂဇင်း၊ ဇန္နဝါရီ ၁၉၉၅ မှာ ဖော်ပြပြီး) ကိုအခုလိုရေးခဲ့တယ်။

**ကဒေါင်းတံဆိပ်တော်**

**ဘိုးတော်ဘုန်းတော်ကြီးဘုရား (သီပေါမင်းတြားကြီး) ကို မြေးတော် မြစ်တော် (၇)ဦးတို့က အိန္ဒိယနိုင်ငံရတနာဂီရိမြို့တွင် သရဏဂုံတင် အခမ်းအနား။**

**၁၃၅၅ ခုနှစ်တန်ဆောင်မုန်းလဆုတ်(၈) ရက် တနင်္ဂနွေနေ့ (၆- ၁၂-၁၉၉၃**

ဒီနဖူးစီးကို ဘိုးတော်အုတ်ဂူတော်ဘေးမှာပဲ ဖြစ်သလို အုတ်ခဲနဲ့ ဖိချိတ်ဆွဲထားလိုက်ရတယ်။ လေတိုက်တိုင်း ပြုတ်ကျလေမလား၊ ဖိထားတဲ့ အုတ်ခဲတွေက အောက်တဲ့တဲ့မှာထိုင်နေတော်မူတဲ့ ဆရာတော်ဦးကောဝိဒ

ခေါင်းတော်ပေါ် ပြုတ်ကျလေမလားလို့ စိတ်တထိတ်ထိတ်။

သရဏဂုံတင်ပွဲအစဉ်အစီက ဒီလိုပါ

(၁) ဆရာတော် ဦးကောဝိဒရဲ့ ဩဝါဒကထာ။

(၂) ဘိုးတော်တို့ကို ကန်တော့ကြခြင်း။

(၃) သံတော်ဦးတင်လျှာ ဖတ်ကြားခြင်း။

(၄) (၉) ပါးသီလခံယူခြင်း

(၅) လှူဒါန်းခြင်း

(၆) ပရိတ်တော်မွှန်းခြင်း။

(၇) ရေစက်ချ စာတမ်းဖတ်ကြားခြင်း။

ဆရာတော်ဦးကောဝိဒက မြန်မာတွေရဲ့ နောက်ဆုံးဘုရင်-မင်းမြတ်ဖြစ်တော်မူတဲ့ ဘဝရှင်သီပေါမင်းတြားကြီး ပါတော်မူပြီး ရတနာဂီရိမှာ နတ်ရွာစံတော်မူတဲ့အခါ အင်္ဂလိပ်အစိုးရက သရဏဂုံတင်ခွင့်မပြုတာကို ငယ်စဉ်ကပင် ကြားသိခဲ့ရလို့ စိတ်ဆွေးမြေ့မကောင်းဖြစ်မိကြောင်း၊ အခုတော့ဘဝရှင်မင်းတြားကြီး နတ်ရွာစံတော်မူပြီး (၇၇) နှစ်ရှိကာမှ သရဏဂုံတင်နိုင်ပြီဖြစ်ကြောင်း၊ ဒီလို သရဏဂုံတင်ရာမှာ ဦးပဥ္စင်းနဲ့ ဘဝရှင်မင်းတြားကြီး မြေးတော် မြစ်တော်အရင်းအခြာတွေကိုယ်တိုင်ပါရှိနေကြတာကို ဝမ်းမြောက်လှကြောင်း၊ သရဏဂုံတင်တာကို ချိုးချိုးခြံခြံ အကျဉ်းရုံးရလို့ စိတ်မကောင်းလှကြောင်း နောင်အခါအခွင့်သင့်ရင် ဘဝရှင်သီပေါမင်းတြားကြီး စံမြန်းတော်မူခဲ့တဲ့ ရတနာပုံ မန္တလေးမြနန်းစံကျော်ရွှေနန်းတော်ကြီးမှာ ထိုက်ထိုက်တန်တန် သရဏဂုံတင်နိုင်ပါစေလို့ ဆုတောင်းကြောင်း၊ မြန်မာတစ်မျိုးသားလုံးက ပါတော်မူကို သင်ခန်းစာယူကြပြီး အမြဲတမ်းစည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်သွားကြမယ်ဆိုရင် နောက်တစ်ခါ နိုင်ငံခြားသားလက်အောက်ကို မြန်မာနိုင်ငံတော်ကြီးမကျရောက်နိုင်ဘူးလို့ ဦးပဥ္စင်းယုံကြည်ကြောင်း တကယ်လို့ကွဲပြားနေကြရင် မြန်မာနိုင်ငံတော်ကြီးဟာ

စိတ်မချရကြောင်း ဩဝါဒကထာမိန့်ကြားတော်မူခဲ့တယ်။

ဆရာတော်ကို လျှုဒါန်းကြရာမှာ သက်န်း ဒွိစုံငါးစုံ၊ ကတ္တီပါ ယပ်တောင်၊ ဆွမ်းခဲဖွယ်ဘောဇဉ်လောက်ပါပဲ။

**ချယ်ရီ၊ အောက်တိုဘာလ၊ ၁၉၉၅**

⇨ ⇨ ⇨

# ရတနာပုံ မှ ရတနာဂီရိ သို့ (၁၁)

## သံတော်ဦးတင်လွှာ

သံတော်ဦးတင်လွှာကို ဖတ်ကြားသူ မဟာစန္ဒကုမာရ (ဦးစိုး- ဝင်း) ဟာ နိဂုံးပိုင်းရောက်တော့ မျက်ရည်ပေါက်ပေါက်ကျပြီး ငိုသံကြီးနဲ့ဖတ်ကြားသွားတာကို ဖော်ပြခဲ့ပြီဖြစ်တယ်။

သံတော်ဦးတင်လွှာအပြည့်အစုံဟာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

**ဘိုးတော်ဘုန်းတော်ကြီးဘုရား (သီပေါမင်းတြား-ကြီး)ကို မြေးတော်မြစ်တော် (၇) ဦးတို့က ရိုသေ လေးမြတ်စွာ တင်ဆက်တဲ့ သံတော်ဦးတင်လွှာပါဘုရား။**

**ဘိုးတော်ဘုန်းတော်ဘုရား နတ်ရွာစံတော်မူခဲ့ရတဲ့၊ အိန္ဒိယနိုင်ငံ၊ ရတနာဂီရိမြို့ကို ဘိုးတော်ဘုန်းတော်ကြီး ဘုရား (သီပေါမင်းတြားကြီး) နဲ့ ဘွားတော်အရှင်နန်းမတော် ဘုရား (မိဖုရားခေါင်ကြီး စုဘုရားလတ်) အရှင်နှစ်ပါးရဲ့**

(၁) မြစ်တော်မဟာစန္ဒကုမာရ
မြေးတော်အကြီးဆုံး တော်ဘုရားကြီး သားတော်-
ကြီး)
(၂) မြေးတော်ထိပ်စုဘုရားကြီး
(၃) မြေးတော် တော်ဘုရား
(၄) မြေးတော် တော်ဘုရားငယ်
(၅) မြေးတော် တော်ဘုရားကလေး
(၆) မြေးတော် ထိပ်စုဘုရားထွေး
(၇) မြစ်တော် တော်ဘုရားမြတ်ကြီး
(မြေးတော် တော်ဘုရား သားတော်ကြီး)

တို့ဟာ မိမိတို့ စရိတ်နဲ့ သီးသန့်ခရီးစဉ် (Private Visit) အဖြစ်ရောက်ရှိလာကြပါပြီဘုရား။ အခုလိုရောက်လာနိုင်ကြတာကတော့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ခွင့်ပြုကူညီတဲ့အတွက် အဲဒီလိုခွင့်ပြုကူညီတာကို ကျေးဇူးတင်ရှိကြောင်း တင်ပြအပ်ပါတယ်ဘုရား။

အခုရောက်ရှိလာကြတဲ့ မြေးတော်၊ မြစ်တော်ငါးဦးအနက် အငယ်ဆုံး ၆၇ နှစ်၊ အကြီးဆုံးမှာ ၇၁ နှစ်ရှိနေကြပြီဖြစ်ရာ ကျန်းမာရေးယိုယွင်းလာနေကြပြီး စားဝတ်နေရေးချို့တဲ့နေကြပေမဲ့ ရောက်ဖြစ်အောင်ရောက်ရှိလာကြပါပြီဘုရား။ အထူးဝမ်းနည်းဖွယ်ကောင်းတာက အရှင်နှစ်ပါးရဲ့ တတိယသမီးတော် အရှင်ထိပ်စုမြတ်ဘုရားနဲ့ ကြင်ရာတော် သခင်ထိပ်တင်ကိုယ်တော်ကြီး (တို့ဗမာအစည်းအရုံးဗဟိုဌာနချုပ် ပထမဆုံးဥက္ကဋ္ဌကြီး) တို့ရဲ့ တစ်ဦးတည်းသော သမီးတော်ထိပ်စုကြီးဘုရားဟာ ကျန်းမာရေးမကောင်းလှတဲ့အတွက် အတူတကွမလိုက်နိုင်တာဖြစ်ပါတယ်ဘုရား။

အရှင်နှစ်ပါးဟာ ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက် (၂၉ နိုဝင်ဘာ ၁၈၈၅) တနင်္ဂနွေနေ့ ရတနာပုံ (မန္တလေး) နေပြည်တော်ကနေပြီး အိန္ဒိယနိုင်ငံကို ပါတော်မူခဲ့ကြရပါတယ် ဘုရား။ အဲဒီလိုပါတော်မူခဲ့ကြရတဲ့ အတွက် နှစ်ပေါင်းနှစ်ထောင်လောက် မြန်မာတို့ ကိုယ့်ထီး ကိုယ့်နန်း ကိုယ်ကြငှာန်းနဲ့ တင့်တင့်တယ်တယ် ထည်ထည် ဝါဝါ အစဉ်အဆက် လွပ်လပ်စွာ နေထိုင်ခဲ့ကြရာမှ အလောင်း မင်းတြားကြီး ဦးအောင်ဇေယျ စတင်တည်ထောင်တော်မူခဲ့ တဲ့ ကုန်းဘောင်ခေတ်မင်းဆက်ဟာ ၁၁ ကြိမ်မြောက်ဖြစ် တော်မူတဲ့ သီပေါမင်းတြားကြီးမှာ မတရားပြတ်စဲခဲ့ရတာကို ဘယ်လိုမှမမေ့နိုင်အောင် ဖြစ်ကြရပါတယ်ဘုရား။

အရှင်နှစ်ပါးဟာ အိန္ဒိယနိုင်ငံ မဒရပ်မြို့ကတစ်ဆင့် ရတနာဂီရိမြို့ကို ၁၆ ဒီဇင်ဘာ ၁၈၈၆ မှာ အပို့ခံတော်မူကြ ရပြီး ရတနာဂီရိမြို့မှာပဲ နှစ်ပေါင်းသုံးဆယ်ကျော်အကျယ်ချုပ် နဲ့ထားရှိခဲ့ရာက ဘိုးတော်ဘုန်းတော်ကြီးဘုရားဟာ ၁၂၇၈ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက် (၁၆ ဒီဇင်ဘာ ၁၉၁၆) သက်တော် ၅၈ နှစ်မှာ ဆင်းရဲပင်ပမ်းကြီးစွာ ညှိုးငယ်စွာနဲ့ နတ်ရွာစံတော်မူခဲ့ရရှာတာကို အစဉ်အမြဲ သတိရနေကြ ပါတယ်ဘုရား။

ဒီရတနာဂီရိမြို့မှာပဲ
ဘွားတော်မိဖုရားစုဘုရားကလေး (၂၅ ဇန်နဝါရီ ၁၉၁၂)
ပထမသမီးတော် အရှင်ထိပ်စုမြတ်ဘုရားကြီး
(၃ ဇွန် ၁၉၄၇) တို့နဲ့
ကာလကတ္တားမြို့မှာ

ဒုတိယသမီးတော် အရှင်ထိပ်စုမြတ်ဘုရားလတ်
(၄ ဧပြီ ၁၉၅၆) တို့

သုံးပါးလည်း ဖော်ပြပါရက်စွဲတွေမှာ နတ်ရွာစံတော်မူခဲ့ကြပါတယ်ဘုရား။

ဘွားတော် အရှင်နန်းမတော်ဘုရား (မိဖုရား-ခေါင်ကြီးစုဘုရားလတ်) တတိယသမီးတော် အရှင်ထိပ်စု မြတ်ဘုရား၊ စတုတ္ထသမီးတော် အရှင်ထိပ်စု မြတ်ဘုရား ကလေး၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဆရာကထိက ဦးသက်တင်နဲ့ မြန်မာ့ရာဇဝင်သမိုင်းကို အမှန်အတိုင်းပြောဆိုရေးသားကြတဲ့ သမိုင်းသုတေသီတွေရဲ့ ဖော်ထုတ်ချက်တွေအရ အထူးသဖြင့် ဘွားတော်အရှင်နန်းမတော်ဘုရားရဲ့ ဆန္ဒတော်အတိုင်း ဘိုးတော်ဘုန်းတော်ကြီးဘုရားရုပ်ကလာပ်တော်ကို ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာနဲ့အညီ သက်ဆိုင်ရာအာဏာပိုင်တွေက သရဏဂုံတင်ခွင့် မပြုခဲ့တာကိုသိရှိရလို့ မချိတင်ကဲ ဝမ်းနည်းကြေကွဲစွာ ခံစာကြရပါတယ်ဘုရား။

ရတနာဂီရိမြို့ရှိ ဘိုးတော်ဘုန်းတော်ကြီးဘုရားရုပ်ကလာပ်တော်ကို အမှူးထားပြီး ဘွားတော်မိဖုရားစုဘုရားလေး၊ ပထမသမီးတော် အရှင်ထိပ်စုမြတ်ဘုရားကြီးနဲ့ ဒုတိယသမီးတော် အရှင်ထိပ်စုမြတ်ဘုရားလတ်တို့ ရုပ်ကလာပ်တော်တွေကိုပါ ပါတော်မူနေ့ကစပြီး ဒီနေ့အထိ နှစ်ပေါင်း ၁၀၈ နှစ်ရှိကာမှ ပထမဦးဆုံးအကြိမ် သရဏဂုံတင်ဂါရဝပြု ကန်တော့နိုင်ကြတော့မှာမို့ အထူးဝမ်းမြောက်ကြည်နူးဖြစ်မိကြပါတယ်ဘုရား။

အခုလိုအလျင်းသင့်တုန်း သံတော်ဦး တင်လိုပါ တယ်

ဘုရား။ ဘိုးတော်ဘုန်းတော်ကြီးဘုရား (သီပေါမင်း-တြားကြီး) ရုပ်ကလာပ်တော်ကို မြန်မာနိုင်ငံ ပြန်လည် ယူ-ဆောင်ဖို့ ဆရာတော်ကြီးတွေရဲ့ ဩဝါဒခံယူပြီး ဦးစီးနာယက အဖြစ် တတိယသမီးတော် အရှင်ထိပ်စုမြတ်ဘုရား၊ ဥက္ကဋ္ဌအဖြစ် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဒုတိယဥက္ကဋ္ဌ အဖြစ် သခင်ထိပ်တင်ကိုယ်တော်ကြီး၊ အထွေထွေအတွင်းရေးမှူး အဖြစ် ဗိုလ်သိန်းဆွေ (ဗိုလ်ချုပ်အောင်ဆန်းကိုယ်ရံတော်) တွဲဖက် အထွေထွေအတွင်းရေးမှူးအဖြစ်မြေးတော် တော်ဘုရားကလေးတို့အပါအဝင် နိုင်ငံတော်အစိုးရ (ဝန်ကြီးချုပ်ကိုယ်စားလှယ်)နဲ့ လူထုလူတန်းစား ကိုယ်စား-လှယ်အသီးသီး တစ်ရာကျော်နဲ့ သီပေါမင်းတြားရှာပနတော် ဗဟိုဦးစီးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်နေရာ အလားအလာ ကောင်းနေတုန်း အကြောင်းကြောင်းကြောင့် အောင်မြင် ပြီးမြောက်ခြင်းမရှိခဲ့တာကို ရင်နင့်စွာ တင်ပြအပ်ပါတယ် ဘုရား။

နိဂုံးချုပ်အနေနဲ့ သံတော်ဦးတင်ရမှာက ပါတော်-မူနေ့က ဒီနေ့အထိနှစ်ပေါင်း ၁၀၈ နှစ်ရှိကာမှ သရဏဂုံ တင်မှုကို ဘိုးတော်ဘုန်းတော်ကြီးဘုရား (သီပေါမင်းတြားကြီး) နဲ့ ဘွားတော်အရှင်နန်းမတော်ဘုရား (မိဖုရားခေါင်ကြီး စုဘုရားလတ်) အရှင်နှစ်ပါးရဲ့ မြေးတော်၊ မြစ်တော် ၇ ဦးက အရှင်နှစ်ပါးအနွယ်တော်တွေကိုယ်စား ရတနာဂီရိမြို့ကို ကိုယ်တိုင်လာရောက်စွမ်းဆောင်နိုင်ကြတာကို ဝမ်းမြောက် ဝမ်းသာ နတ်လူသာခုခေါ်နိုင်ကြဖို့ ဒီသံတော်ဦးတင်လွှာကို ရိုသေလေးမြတ်စွာ တင်ဆက်အပ်ပါတယ် ဘိုးတော်ဘုန်း-တော်ကြီးဘုရား။

(၁) မြစ်တော်မဟာစန္ဒကုမာရ
မြေးတော်အကြီးဆုံး တော်ဘုရားကြီး
သားတော်ကြီး)
(၂) မြေးတော်ထိပ်စုဘုရားကြီး
(၃) မြေးတော် တော်ဘုရား
(၄) မြေးတော် တော်ဘုရားငယ်
(၅) မြေးတော် တော်ဘုရားကလေး
(၆) မြေးတော် ထိပ်စုဘုရားထွေး
(၇) မြစ်တော် တော်ဘုရားမြတ်ကြီး
(မြေးတော် တော်ဘုရားသားတော်ကြီး)
ဖတ်ကြားသူ မဟာစန္ဒကုမာရ

## ရေစက်ချစာတမ်း

ရေစက်ချစာတမ်းကို တော်ဘုရားငယ် (ဦးသန့်ဇင်) က အောက်ပါအတိုင်းဖတ်ကြားတယ်။

**"အိန္ဒိယပြည်၊ ရတနာဂီရိမြို့ရှိ၊ ဘိုးတော် ဘုန်း-တော်ကြီးဘုရား (သီပေါမင်းတြားကြီး) အုတ်ဂူတော်တွင်၊ သရဏဂုံတင်၊ ရေစက်ချ စာတမ်း၊ ၁၃-၁၂-၉၃ တနင်္လာနေ့" အရှင်မြတ်တို့ဘုရား။**

**ရတနာပုံနေပြည်တော် ဒုတိယနန်းစံမာရ်အောင် ရတနာစေတီတော် ဒါယကာသီပေါမင်းတြားနဲ့ မိဖုရားခေါင်ကြီးစုဘုရားလတ်တို့၏ မြေးတော်များ မြစ်တော်များ ဖြစ်ကြကုန်သော၊ ဘုရားတပည့်တော်၊ တကာတော်၊ တကာတော်မတို့သည်၊ ကံကိုလည်းကောင်း၊ ကံ၏အကျိုးကို**

လည်းကောင်း၊ သဒ္ဓါသက်ဝင်၊ ယုံကြည်ကြ ပါကုန်သည်ဖြစ်၍ သရဏဂုံသုံးပါးနှင့်တကွ၊ ကိုးပါးသောအင်္ဂါနှင့်ပြည့်စုံသော သီလတော်မြတ်ကို ရှိသေလေးစားကောင်းမွန်စွာ ဆောက်တည်ကြပါကုန်၏ အရှင်သူမြတ်တို့ဘုရား။

တမလွန်ဘဝသို့ ကူးပြောင်းရောက်ရှိတော်မူကြကုန်သော၊ ရတနာပုံနေပြည်တော်၊ ဒုတိယနန်းစံ၊ မာရ်အောင်ရတနာစေတီတော် ဒါယကာသီပေါမင်းတြားကြီးနှင့် မိဖုရားခေါင်ကြီးစုဘုရားလတ်တို့ကို အမှူးထားပြီး မြန်မာနိုင်ငံတော်သို့ ဗုဒ္ဓစာပေ၊ ဗုဒ္ဓယဉ်ကျေးမှုနှင့် ဗုဒ္ဓ-သာသနာတော်ရောက်ရှိ တိုးတက်ပြန့်ပွားစည်ပင် တည်တံ့လာအောင်၊ မွန်မြတ်သောသမ္မာဆန္ဒ၊ တက်ကြွသော လုံ့လ ဉဿဟတို့ဖြင့် ပြုစုပျိုးထောင်တော်မူခဲ့ကြသော ဘေးလောင်းတော်၊ ဘိုးလောင်းတော်၊ သာကီဝင်မင်း အဆက်ဆက်တို့ ကုသိုလ်ကောင်းမှုများ ရရှိတော်မူကြစေရန်၊ ထိုဓမ္မရာဇ်မင်းများ၏ ကိုယ်စား ဘုရားတပည့်တော်၊ တကာတော်မတို့သည် မြတ်စွာဘုရားအမှူးပြုသော သံဃာတော် အရှင်သူမြတ် တို့အား ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ အချို၊ ယမကာ နှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို သက္ကစ္စဂါရဝဖြင့် သဒ္ဓါကြည်ဖြူစွာ ဆက်ကပ်လှူဒါန်းကြပါကုန်၏ အရှင်သူမြတ်တို့ဘုရား။

ဤကဲ့သို့ပြုရသော ကုသိုလ်ကံစေတနာတို့ကြောင့် ဘုရားတပည့်တော်၊ တကာတော်၊ တကာတော်မတို့သည် တိုင်းပြည်အကျိုး၊ မြန်မာလူမျိုးတို့အကျိုး၊ ဆွေတော်မျိုးတော်များ၏အကျိုးနှင့် သံသရာဝဋ်ဆင်းရဲ၌ ကျင်လည်ကျက်စား လျက်ရှိကြကုန်သော ဝေနေယျသတ္တဝါ အပေါင်းတို့၏အကျိုးကို ဆထက်တစ်ပိုး၊ ပိုမိုကြိုးစားဆောင်ရွက်ခွင့်ရကြပြီး

အဆုံးစွန်သောဘဝ၌ ချမ်းအေးရာမှန်၊ ပြည်နိဗ္ဗာန်ကို မျက်မှောက်ပြုကြရပါလိုကုန်၏ အရှင်သူမြတ်တို့ဘုရား။

ဘုရားတပည့်တော်၊ တကာတော်၊ တကာတော်မ တို့ ယခုပြုရသော ကုသိုလ်ကောင်းမှုအဖို့ဘာဂကို ရတနာပုံနေပြည်တော်၊ ဒုတိယနန်းစံ၊ မာရ်အောင်ရတနာစေတီတော် ဒါယကာ၊ သီပေါမင်းတြားနှင့် မိဖုရားခေါင်ကြီး စုဘုရားလတ်တို့ကိုအမှူးထားပြီး မြန်မာနိုင်ငံတော်သို့ ဗုဒ္ဓစာပေ၊ ဗုဒ္ဓယဉ်ကျေးမှုနှင့် ဗုဒ္ဓသာသနာတော်ရောက်ရှိ တိုးတက်ပြန့်ပွားစည်ပင်တည်တံ့လာအောင် မွန်မြတ်သောမနသိကာရ၊ သမ္မာဆန္ဒ၊ တက်ကြွသောလုံ့လ ဉဿဟတို့ဖြင့် ပြုစုပျိုးထောင်တော်မူခဲ့ကြကုန်သော ဘေးလောင်းတော်၊ ဘိုးလောင်းတော်၊ သာကီဝင်မင်းအဆက်ဆက်တို့အား အမျှပေးဝေပါကုန်၏။ မရှေးမနှောင်းမှာပင် နတ်ရွာစံတော်မူခဲ့ကြကုန်သော ဘွားတော်မိဖုရားစုဘုရားလေး အရှင်ထိပ်စုမြတ်ဘုရားကြီး၊ အရှင်ထိပ်စုမြတ်ဘုရားလတ်၊ အရှင်ထိပ်စုမြတ်ဘုရား၊ သခင်ထိပ်တင်ကိုယ်တော်ကြီး၊ အရှင်ထိပ်စုမြတ်ဘုရားကလေး၊ ကြင်ယာတော်ကိုကိုနိုင်တို့အားလည်းကောင်း၊ မိဘသဖွယ်၊ အစစအရာရာ သွန်သင်ဆုံးမ၊ ကြင်နာယုယစွာစောင့်ရှောင့်တော်မူခဲ့သော နောင်တော်ကြီးတော်ဘုရားကြီးအားလည်းကောင်း၊ နှစ်ဖက်သောမိဘဆွေမျိုးများအားလည်းကောင်း၊ အမျှဝေပေးကြပါကုန်၏ အရှင်သူမြတ်တို့ဘုရား။

သာသနာတော်ကို စောင့်ရှောက်တော်မူကြကုန် သောသမ္မာဒေဝနတ်ကောင်းနတ်မြတ်အပေါင်းတို့အားလည်းကောင်း၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး နတ်အပေါင်း

တို့အားလည်းကောင်း၊ လောကပါလနတ်အပေါင်းတို့အား လည်းကောင်း၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီ သူတော်စင်အပေါင်း တို့အားလည်းကောင်း၊ ဤအုဋ်ဂူတော်ပတ်ဝန်းကျင်ရှိ မြင်နိုင်သောသတ္တဝါများ၊ မမြင်နိုင်သောသတ္တဝါအပေါင်း တို့အားလည်းကောင်း၊ မြတ်စွာဖွားမြင်တော်မူရာ၊ ပွင့်တော် မူရာ၊ ဒေသစာရီကြွမြန်းတော်မူရာ ဌာနအပေါင်း၌ရှိကြကုန် သော ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးနတ်အပေါင်းတို့အား လည်းကောင်း၊ အပါယ်ဘုံဒုက္ခိတဘဝ၌ ဆင်းရဲငြိုငြင်စွာ ကျင်လည်ကျက်စားလျက်ရှိကြကုန်သော အပါယ်ဘုံဒုက္ခိတ သတ္တဝါအပေါင်းတို့အားလည်းကောင်း၊ တပည့်တော်၊ ဒကာတော်၊ ဒကာတော်မတို့၏ ကောင်းမှုအဖို့ဘာဂကို အမျှပေးဝေကြပါကုန်၏ အရှင်သူမြတ်တို့ဘုရား။

ယခုအခါပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အုပ်ချုပ်လျက်ရှိသော နိုင်ငံတော်အစိုးရအား၊ တပည့်တော်၊ ဒကာတော်၊ ဒကာတော်မတို့၏ ကုသိုလ်ကောင်းမှုအဖို့ ဘာဂကိုအမျှပေးဝေပါကုန်၏ အရှင်သူမြတ်တို့ဘုရား။

ခပ်သိမ်းဥဿုံအလုံးစုံသော ပုဂ္ဂိုလ်သတ္တဝါပေါင်း တို့သည်၊ တပည့်တော်၊ ဒကာတော်၊ ဒကာတော်မတို့၏ ကုသိုလ်ကောင်းမှုအဖို့ ဘာဂကိုအညီအမျှ ကိုယ်စီကိုင်၊ ရရှိ တော်မူကြပြီး၊ ရောက်တော်မူလေရာဘဝ၊ ကြားတော်မူလေရာ ဘုဘဝဌာနတို့မှ (ဝမ်းမြောက်ဝမ်းသာ၊ သာဓုအနုမောဒနာ ပြုတော်မူနိုင်ကြပါစေကုန်သတည်း)၃

(အားလုံး၊ ကြားကြားသမျှ၊ အမျှ၊ အမျှ၊ အမျှ၊ ယူတော်မူကြပါကုန်လော)၃

(သာဓု၊ သာဓု၊ သာဓု)၃

# ရေစက်ချသူ
# (တော်ဘုရားငယ်)
# မြေးတော်
# အိန္ဒိယပြည်၊ ရတနာဂီရိမြို့။

တော်ဘုရားငယ်ဟာ ရှင်သုမေဓါရဟန်းအဖြစ် မော်လမြိုင် မုဒုံမြို့နယ်ဖားအောက်တောရ စကြံကျောင်းမှာ (၂၁၊ ဧပြီ၊ ၁၉၉၅) ပျံလွန်တော်မူခဲ့ရရှာပြီ။ အခုအခါ အသက် ၇၀ ဝန်းကျင်ရှိမြေးတော် အရင်းငါးဦးသာကျန်တော့တယ်။

ရတနာဂီရိကို ကိုယ်တိုင်သွားရောက်ကြပြီး ဘိုးတော်သီပေါ-မင်းတြားကို သရဏဂုံတင်ခဲ့ကြတဲ့ မြေးတော်၊ မြစ်တော် (၇) ဦးမှာ တစ်ဦးလျော့သွားပြီပေါ့။

မိမိတို့ ဘိုးတော် သီပေါမင်းတြားနဲ့ ဘွားတော်မိဖုရားခေါင်ကြီး စုဘုရားလတ်တို့ နောက်ဆုံးစိုးစံတော်မူခဲ့ကြတဲ့ အခုပြန်လည် တည်ဆောက်နေတဲ့ မြနန်းစံကျော်ရွှေနန်းတော်ကြီးကို ဒီကျန်ရှိနေတဲ့ မြေးတော်ငါးဦးထဲက နှစ်ဦးသာ ၁၉၉၂ မှာ ရောက်ဖူးကြပြီး တစ်ဦးခမျာ ခရီးဝေးမသွားနိုင်အောင် ကျန်းမာရေးချို့တဲ့နေရှာပြီ၊ အဲဒီသူက တတိယ သမီးတော် အသျှင်ထိပ်စုမြတ်ဘုရားနဲ့ သခင်ထိပ်တင်ကိုယ်တော်ကြီးတို့ရဲ့ တစ်ဦးတည်းသောသမီးတော် ထိပ်စုကြီး ဘုရားဖြစ်တယ်။ တော်ဘုရား-ငယ်ကတော့ လက်ရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီးကို လုံးဝ မရောက် ခဲ့ရှာ။

ဟင်း. . . အင်း. . . ရွှေပြည်တော်မျှော်လေတိုင်း . . .

**ချယ်ရီ၊ နိုဝင်ဘာ ၁၉၉၅**

⇨ ⇨ ⇨

## ရတနာပုံ မှ ရတနာဂီရိ သို့ (၁၂)

## နေရစ်တော်မူပေအုံးတော့

ဒီဆောင်းပါး (၁၂)ကိုရေးနေတုန်း ၁၃၅၇ ခုနှစ်တန်ဆောင်-မုန်းလဆုတ် ၈ ရက် (၁၄-၁၁-၉၅) အင်္ဂါနေ့မှာကျရောက်မယ့် ၁၁၀ ပြည့် ပါတော်မူနေ့ကို သွားသတိရမိရဲ့။

သီပေါမင်းတြားကို မြေးတော်မြစ်တော် (၇) ဦးတို့ကိုယ်တိုင်

- ပါတော်မူပြီး ၁၀၈ နှစ်
- နတ်ပြည်စံပြီး ၇၇ နှစ်
- လွပ်လပ်ရေးရပြီး၄၅ နှစ်

ရှိကာမှ ရတနဂီရိမှာ ၁၉၉၃ က သရဏဂုံတင်နိုင်ခဲ့ကြတယ်။ ဒီ ၁၉၉၅ မှာ သရဏဂုံတင်ပြီးကြတာ ၂ နှစ်ရှိသွားပြီ။

သီပေါမင်းတြားစံအိမ်တော် အုတ်ဂူတော်နဲ့ မြေးတော် တူးတူးတို့အခြေအနေ ဘယ်လိုဖြစ်နေသလဲကို တရားဝင်မသိရသေးဘူး။

သရဏဂုံတင်ပြီးတာနဲ့ မော်တော်ကားသုံးစီးပေါ်တက်ကြပြီး

ဘုံဘေကိုတန်းထွက်၊ အဲဒီကနေ ရန်ကုန်ပြန်ခဲ့ကြရတယ်။

မိမိတို့ဘိုးတော်အရင်းလည်းဖြစ် မြန်မာနောက်ဆုံးဘုရင်မင်း-မြတ်လည်းဖြစ်တော်မူတဲ့ သီပေါမင်းတြားခမျာ အင်္ဂလိပ်နယ်ချဲ့က နှစ်ပေါင်းသုံးဆယ်လောက် စိတ်ရောကိုယ်ပါဆင်းရဲပင်ပမ်းကြီးစွာ အကျယ်ချုပ်နဲ့ထားရာက နတ်ပြည်စံတော်မူခဲ့ရရှာတဲ့ ရတနာဂီရိကို ကျွန်တော်တို့ မြေးတော် မြစ်တော် ၇ ဦးဟာ နှစ်ပေါင်း ၆၀ ကျော် ကြာခါမှ ရောက်သွားကြပေမယ့် တစ်ညနဲ့တစ်မနက် (နာရီပေါင်း ၃၁ နာရီ) သာနေခဲ့ကြရတယ်။

ရတနာဂီရိရောက် မြေးတော် ၅ ဦးထဲက တော်ဘုရားငယ်ဟာ ရှင်သုမေဓါရဟန်းအဖြစ် ဒီနှစ်ထဲမှာပဲ ပျံလွန်တော်မူခဲ့ရရှာပြီ။ ကျန် မြေးတော်တွေဟာ အသက်အရွယ်ကြီးရင့်ရတာ ကျန်းမာ ရေးချို့တဲ့ ကြတာနဲ့ စားဝတ်နေရေးမပြေလည်ကြတာကြောင့် နောက်တစ်ခေါက်၊ ရတနာဂီရိမှာရှိနေသေးတဲ့ ဘိုးတော်သီပေါမင်း တြား အုတ်ဂူတော်ငယ်ကို သွားရောက်ကန်တော့ကြဖို့က မဖြစ်နိုင်တော့သလောက်ပါပဲ။

ဒီအခြေအနေအတိုင်း ဆိုရင်တော့. . .

**နေရစ်တော်မူပေဦးတော့**

ဘိုးတော်ဘုန်းတော်ကြီးဘုရား-ဘုရား။

သမိုင်းဝင်တဲ့ ဒီရတနာဂီရိခရီးနဲ့ပါတ်သက်ပြီး အခုလို မှတ်တမ်း တင်ထားတယ်။ အဲဒီမှတ်တမ်းကိုဘောင်ခတ်ပြီး ဖေါ်ပြထားတယ်။

**ချယ်ရီ၊ ဒီဇင်ဘာ ၁၉၉၅**

# အိန္ဒိယနိုင်ငံ၊ ရတနာဂီရိမြို့ရှိ သီပေါမင်းတြားရုပ်ကလာပ်တော်အား မရွှက်ဆောင်ရသေးသော သရဏဂုံတင်မှုကို စွမ်းဆောင်ပြုလုပ်ခဲ့ခြင်းမှတ်တမ်း

## ရတနာဂီရိမြို့သို့ရောက်ရှိကြခြင်း

၁၃၅၅ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက် (၆-၁၂-၁၉၉၃ တနင်္လာနေ့သည် ၁၀၈ နှစ်မြောက်ပါတော်မူနေ့ ဖြစ်သည်။

ရတနာဂီရိမြို့တွင် သီပေါမင်းတြားနတ်ရွာစံတော်မူသော အခါ မိဖုရားခေါင်ကြီး စုဘုရားလတ်၏ ဆန္ဒတော်အတိုင်း သရဏဂုံတင်တော်မူလိုခြင်းကို အင်္ဂလိပ်နယ်ချဲ့က ခွင့်မပြုခဲ့ပါ။

အသက် ၇၀ ဝန်းကျင်ရှိနေကြပြီဖြစ်သော သီပေါမင်းတြား မြေးတော်များသည် မိမိတို့၏ ဘိုးတော်အရင်း သီပေါမင်းတြားကို ဘွားတော်မိဖုရားခေါင်ကြီး စုဘုရားလတ်၏ ဆန္ဒတော်အတိုင်း ရတနာဂီရိမြို့တွင် သရဏဂုံတိုင်လိုသော ပြင်းပြသည့်ဆန္ဒ ရှိကြခြင်း ကြောင့် ၁၀၈ နှစ်မြောက်ပါတော်မူနေ့တွင် ရတနာဂီရိမြို့သို့ သွားရောက်ကြကာ ဘိုးတော်သီပေါမင်းတြား ရုပ်ကလာပ်တော်ကို မရွှက်ဆောင်ရသေးသော သရဏဂုံတင်မှုကို စွမ်းဆောင်လိုကြ ကြောင်း သက်ဆိုင်ရာသို့ အထူးတင်ပြမေတ္တာရပ်ခံခဲ့ကြပါသည်။

သက်ဆိုင်ရာကအောက်ပါမြေးတော်ငါးဦးနှင့် မြစ်တော် နှစ်ဦးတို့ကို မိမိတို့စရိတ်ဖြင့် (အလွတ်သဘော) သီးသန့်ခရီးစဉ် **(Private Visit)** အဖြစ် သွားရောက်ကြရန်ခွင့်ပြုကူညီခြင်းကြောင့် ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ကြပါသည်။ ယင်းသို့ ခွင့်ပြု ကူညီရာတွင် အမေရိကန်ဒေါ်လာ ၉၀၀၀ (ကိုးထောင်တိတိ)

တရားဝင်လဲလှယ်ခွင့်ပြုခဲ့ပါသည်။ ထိုဒေါ် လာ ၉၀၀၀ မှ ကျန်ငွေ ဒေါ်လာ ၂၀၆၀ (နှစ်ထောင့်ခြောက်ဆယ်တိတိ) ကို သက်ဆိုင်ရာသို့ ပြန်အပ်ခဲ့ကြပါသည်။

(၁) မြစ်တော်မဟာစန္ဒကုမာရ (ဦးစိုးဝင်း)
မြေးတော်အကြီးဆုံး တော်ဘုရားကြီး၏သားတော်ကြီး
(၂) မြေးတော်ထိပ်စုဘုရားကြီး (ဒေါ်စုစုခင်)
(၃) မြေးတော် တော်ဘုရား (ဦးထွန်းအောင်)
(၄) မြေးတော် တော်ဘုရားငယ် (ဦးသန့်စင်)
(၅) မြေးတော် တော်ဘုရားကလေး (ဦးအောင်ဇေ)
(၆) မြေးတော် ထိပ်စုဘုရားထွေး (ဒေါ်နှင်းမေ)
(၇) မြစ်တော် တော်ဘုရားမြတ်ကြီး (ဦးထွန်းကျော်)
မြေးတော် ထိပ်စုကြီးဘုရား၏ သားတော်ကြီး

အရှင်နှစ်ပါး၏ တတိယသမီးတော် အသျှင်ထိပ်စုမြတ်ဘုရားနှင့် ကြင်ယာတော် သခင်ထိပ်တင်ကိုယ်တော်ကြီး (တို့ဗမာအစည်းအရုံးဗဟိုဌာနချုပ်၊ ပထမဦးဆုံးဥက္ကဋ္ဌကြီး) တို့၏ တစ်ဦးတည်းသောသမီးတော် ထိပ်စုကြီးဘုရားသည ကျန်းမာရေး မကောင်းသည့်အတွက် အတူတကွမလိုက်ပါနိုင်ခဲ့ပါ။ (ထိပ်စုကြီးဘုရား၏ ကြင်ယာ-တော်မှာ အထက်အပါအမှတ်စဉ် '၃' မှ တော်ဘုရား ဖြစ်ပါသည်။

၁၀၈ နှစ်မြောက် ပါတော်မူနေ့အမီ သွားရောက်ကြရန်ဖြစ်သော်လည်း အကြောင်းမညီညွတ်၍ ၉ ဒီဇင်ဘာ ၁၉၉၃ ကြာသပတေးနေ့တွင်မှ ခရီးထွက်ဖြစ်ကြသည်။

ခရီးစဉ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဝင်ရောက်ရသောကြောင့် ဘီမန်း **(Biman)** လေယာဉ်တစ်စီးတည်းတွင် အတူပါလာသော မြန်မာဘောလုံးအသင်းနဲ့ မိမိတို့ကို မြန်မာသံအမတ်ကြီး ဦးလှမြင့်ဦး နဲ့အဖွဲ့က ဒါကာလေဆိပ်တွင်ကြိုဆိုကြပါသည်။

အိန္ဒိယနိုင်ငံ ကလကတ္တားလေဆိပ်တွင် ဆရာတော် ဦးကောဝိဒနှင့် ဒကာမများလာရောက်ကြိုဆိုကြပါသည်။

အိန္ဒိယနိုင်ငံ ဘုံဘေလေဆိပ်တွင် မြန်မာသံမှူး ဦးကျော်ဟိန်းက လာရောက်ကြိုဆိုပြီး ကြိုတင်စီစဉ်ထားသည့်အတိုင်း အငှားယာဉ် (၃) စီးဖြင့် ရတနာဂီရိမြို့သို့ အသွားအပြန် လိုက်ပါခဲ့ပါသည်။

ရတနာဂီရိမြို့သို့ ၁၂ ဒီဇင်ဘာ ၁၉၉၃ တနင်္ဂနွေနေ့ နံနက်(၂)နာရီတွင် ရောက်ရှိကြပါသည်။

## သီပေါမင်းကြီး၏ စံအိမ်တော်

စံအိမ်တော်ကို သွားရောက်ကြည့်ရှုခဲ့ကြရာ အလွန် ယိုယွင်းပျက်စီးနေသည်ကို ဝမ်းနည်းစွာတွေ့မြင်ခဲ့ကြရပါသည်။

စံအိမ်တော်၏ ပင်မဧည့်ခန်းဆောင်တွင် ကြက်တောင်ရိုက်ကစားနေကြခြင်း၊ အခြားအခန်းကြီး အခန်းငယ်များတွင် ကလေးများ ဝင်ထွက် ပြေးလွှားနေကြခြင်း၊ ကြမ်းတမ်းစွာ အော်ဟစ်ပြောဆို ကစားနေကြခြင်း၊ လင်းနို့များ၊ ခိုများနှင့် စာကလေးများ အသိုက်ဖွဲ့နေကြရာ ယင်းတို့၏အနံ့များ၊ အမွေးများနှင့် မစင်များ ပြန့်ကြဲနေရုံမက တစ်ချို့အခန်းများတွင် လူ့ မစင်နှင့် ကျင်ငယ်များကြောင့် နံစော်နေခြင်း၊ ကမ္ဘာလှည့်ခရီးသည် အနည်းငယ်လာရောက်ကြည့်ရှုကြခြင်းကို တွေ့ခဲ့ကြသည်။

ယခင်က ရတနာဂီရိဒေသသည် တောကြီးမြက်မည်း (ကျားနဲ့ ခြင်္သေ့များပင်ရှိခဲ့ဖူးပါသည်) ဖြစ်ခဲ့သော်လည်း ယခုအခါ တောင်ပေါ် အပန်းဖြေစခန်း **(Hill resort)** ဖြစ်လာနေပြီ ဖြစ်ပါသည်။

ထူးခြားချက်မှာ စံအိမ်တော်ရှေ့ရှိလမ်းကို သီပေါနန်းတော် လမ်း **(Thibaw Palace Road)** ဟု အမည်ပေးထားပြီး ယင်းလမ်းကိုချဲ့ကာ ကောင်းမွန်စွာ ပြုပြင်နေသည်ကို တွေ့ခဲ့ကြပါသည်။

ရတနာဂီရိမြို့ပါဝင်သော မဟာရပ်စ်တရာပြည်နယ် **(Maharashtra State)** ဖွံ့ဖြိုးစည်ပင်သာယာရေး ဆောင်ရွက်ရာတွင် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်ရန် သီပေါမင်း-တြားစံအိမ်တော်နှင့် လမ်းတို့ကို လှပခန့်ညားစွာ ပြုလုပ်သွားမည်ဟု ယင်းပြည်နယ်အစိုးရက တရားဝင်ကြေငြာထားကြောင်းနှင့် ယင်းစံအိမ်တော်ကို အဆင့်မြင့်ဟိုတယ် တည်ဆောက်ရန် အလားအလာရှိကြောင်းလည်း သိခဲ့ရပါသည်။

ဤနေရာတွင် သီပေါမင်းတြားစံအိမ်တော်ကို နန်းတော် **(Palace)** ဟု ခေါ်ဝေါ်ထားခြင်းမှာ မသင့်တော်ဟု ထင်မိကြပါ သည်။ အကြောင်းမှာ သီပေါမင်းတြား စံမြန်းတော်မူခဲ့သော မန္တလေးရတနာပုံနေပြည်တော် ရွှေနန်းတော်ကြီးနဲ့ နှိုင်းယှဉ်လျှင် များစွာသိမ်နုတ်နေခြင်းကြောင့်ဖြစ်ပါသည်။

နန်းတော်ဟုခေါ်ဝေါ်ခြင်းအားဖြင့် သီပေါမင်းတြားကို နန်းချပြီး ရတနာဂီရိသို့ပို့ထားသော်လည်း နန်းတော်ဖြင့် တင့်တင့်- တယ်တယ် ထည်ထည်ဝါဝါထားရှိကြောင်း နိုင်ငံတကာ အထင်ရှိ အောင် အင်္ဂလိပ်နယ်ချဲ့က အကွက်ဆင်လှည့်စားထားခြင်း ဖြစ် ပါသည်။ ထို့ကြောင့် သီပေါမင်းတြားအနွယ်တော်များက နန်းတော်ဟုမခေါ်ဝေါ်ကြပဲ စံအိမ်တော် **(Royal Residence)** ဟူ၍သာ ခေါ်ဝေါ်ကြခြင်းဖြစ်ပါသည်။

## သီပေါမင်းတြား၏ ပထမသမီးတော်

အင်္ဂလိပ်နယ်ချဲ့က အားပေးအားမြှောက်ပြုသူ အိန္ဒိယ နိုင်ငံသား ဂိုပယ်ဘဥရောင်စာဝပ် **(Gopal Bhaurao Sawant)** နဲ့ သီပေါမင်းတြား၏ ပထမသမီးတော် အသျှင်ထိပ်စု မြတ်ဘုရားကြီး

တို့ မလွှဲမရှောင်သာအိမ်ထောင်ကြရာက ရတနာဂီရိမြို့မှာပင် နတ်ရွာစံတော်မူခဲ့ရပါသည်။

ပထမသမီးတော်၏ သမီးတော်'တူးတူး'မှာလည်း ရတနာဂီရိမြို့မှာပင် အိန္ဒိယနိုင်ငံသား ရှန်ကာပိုဝါ **(Shankar Powar)** နှင့်အိမ်ထောင်ကျခဲ့ပြီး သားစဉ်မြေးဆက် အားလုံး အိန္ဒိယနာမည်၊ စကား၊ အဝတ်အစားဖြင့် အိန္ဒိယမှု အားလုံး ကျင့်သုံးနေကြသည်ကို ရင်နာစွာတွေ့ကြုံခဲ့ကြရပါသည်။ လက်ရှိနေထိုင်နေသော တဲသာသာ အိမ်ငယ်ဆောက်လုပ်ထားသည့် မြေကွက်ကို မြေပိုင်ရှင်က ပြန်လိုချင်သောကြောင့် တရားစွဲဆိုထားကြောင်းလည်း သိခဲ့ကြပါသည်။

တူးတူးမိသားစုကို ရူပီးငွေ ၅၀၀၀ (ငါးထောင်တိတိ) ပေးခဲ့ကြပါသည်။

## သီပေါမင်းတြား၏ ဒုတိယသမီးတော်

သီပေါမင်းတြား၏ ဒုတိယသမီးတော် အသျှင်ထိပ်စု မြတ်ဘုရားလတ်သည် သီပေါမင်းတရား၏ အရာတော်ထမ်းတစ်ဦး ဖြစ်သူ လတ်သခင်ဖြင့် လက်ဆက်ခဲ့ပြီး သားသမီး မထွန်းကားဘဲ အိန္ဒိယနိုင်ငံမှာပင် ရှေ့ဆင့်နောက်ဆင့် နတ်ရွာစံတော်မူခဲ့ကြရပါသည်။

ဒုတိယသမီးတော်နှင့် လတ်သခင်တို့မွေးစားထားသော နီပေါနိုင်ငံသားမောင်နှမနှစ်ယောက်တို့သည် ယခုအခါ ကာလကတ္တားမြို့တွင်နေထိုင်လျှက်ရှိကြ၍ ၎င်းတို့နှင့်တွေ့ဆုံခဲ့ကြပါသည်။ အစ်ကိုဖြစ်သူ ဦးလူကြီးကို အမေရိကန်ဒေါ်လာ ၁၀၀ (တစ်ရာတိတိ) ပေးခဲ့ကြပါသည်။

# သီပေါမင်းတြား၏ အုတ်ဂူတော်

သီပေါမင်းတြားနတ်ရွာစံ (၁၆ ဒီဇင်ဘာ ၁၉၁၆) တော်မူသောအခါ ရုပ်ကလာပ်တော်ကို သာမန်အုတ်ဂူငယ်တွင် မိဖုရားစုဘုရားလေး၏ ရုပ်ကလာပ်တော်နဲ့အတူထည့်သွင်းပြီး လမ်းဘေးကွင်းပြင်တွင် နယ်ချဲ့အင်္ဂလိပ်က ရိုင်းစိုင်း စော်ကားစွာပစ်ထားပြီး ကြေးပြားပေါ်တွင်အောက်ပါ ကဗျည်းရေးထိုးထားသည့်အတိုင်း ဖော်ပြလိုက်ပါသည်။

**IN THIS TOMB**
**ON THE $19^{TH}$ MARCH 1919**
**WERE DEPOSITED THE MORTAL REMAINS OF THEBAW**
**THE LAST KING OF UPPER BURMA**
**WHO WAS DEPOSED ON THE $1^{ST}$ DECEMBER 1885**
**AND WAS REMOVED TO RATANAGIRI WHERE HE**
**DIED ON THE $15^{TH}$ DECEMBER 1916**
**AT THE AGE OF 58**
**ALSO THE REMAINS OF TEIK SU PAYA GALE**
**THEBAW'S MINOR QUEEN**
**WHO DIED AT RATANAGIRI ON THE $25^{TH}$ JUNE 1912 AGED 50**

ယခုအခါ ရတနာဂီရိသည် တောင်ပေါ်အပန်းဖြေစခန်းဖြစ်လာသောကြောင့် သီပေါမင်းတြားအုတ်ဂူတော်တည်ရှိရာကွင်းပြင်တွင် အဆောက်အဦးများစွာ ဆောက်လုပ်ပြီး ဆောက်လုပ်ဆဲ ဖြစ်ပါသည်။

သီပေါမင်းတြား အုတ်ဂူတော်ပတ်ဝန်းကျင်မှာပင် အိန္ဒိယ အစိုးရ ဆက်သွယ်ရေးဌာန **(Telecommunications Department)** ၏ ဆောက်လုပ်ပြီးဆောက်လုပ်ဆဲ အဆောက်အဦးများ ရှိနေပြီ ဖြစ်ပါသည်။ အုတ်ဂူတော်ဝင်း (၁၅ ပေပတ်လည်ခန့်) အတွင်း မြက်ပင်

ခြုံပုတ်များ၊ လူ၊ ခွေး၊ နွား၊ ဆိတ်တို့၏ မစင်အညစ်အကြေးများ၊ အိန္ဒိယအမျိုးသား၊ အမျိုးသမီးများဝတ်ကြသည့်ဒိုတီများနှင့် ဆာရီများ၊ ခြင်ထောင်များ၊ ခေါင်းအုံးများ၊ စောင်များ၊ ဖျာများ နေလှန်းထားကြပါသည်။ ဆောက်လုပ်ရေးပစ္စည်းများလည်း စုပုံထားကြပါသည်။

အုတ်ဂူတော်တွင် သစ်ပင်ကြီးငယ်များပေါက်နေသဖြင့် အုတ်များကွဲအက်နေပြီး နှစ်ပေါင်းများစွာ မိုးဒဏ်၊ လေဒဏ်၊ နေဒဏ်များကြောင့် အင်္ဂတေများ မဲညစ်ဆွေးမြေ့ ပဲ့ကျနေပါသည်။

မြန်မာ့နောက်ဆုံးဘုရင်မင်းမြတ်တစ်ပါး၏ ဂုဏ်သိက္ခာနှင့် မလိုက်အောင် လမ်းဘေးကွင်းပြင်တွင် တည်ဆောက်ထားသော အုတ်ဂူငယ်ကို သိမ်နုတ်ယိုယွင်းပျက်စီးစေရုံမက တစ်နေ့နေ့တွင် လုံးဝပပျောက်သွားရန် အင်္ဂလိပ်နယ်ချဲ့၏ ပိရိ ကောက်ကျစ် စဉ်းလဲသော ရေရှည်စီမံကိန်းပင် ဖြစ်ပါသည်။

## ပထမသမီးတော်အသျှင်ထိပ်စုမြတ်<br>ဘုရားကြီး၏ အုတ်ဂူတော်

ပထမသမီးတော် အသျှင်ထိပ်စုမြတ်ဘုရားကြီးနတ်ရွာစံ (၃-ဇွန် ၁၉၄၇) တော်မူသောအခါ၊ အရိုးတော်ကိုသာမန်အုတ်ဂူငယ်တွင်ထည့်သွင်းနိုင်ရန် ရည်ရွယ်ပြီး၊ ခမည်းတော်သီပေါမင်းတြား အုတ်ဂူတော်ဘေး၌ တည်ဆောက်ထားသော်လည်း ယင်းအုတ်ဂူငယ်တွင် အရိုးအိုးတော်လုံးဝမရှိဘဲ ရတနာဂီရိ **(Collector)** ရုံး၌ ရှိနေသေးသည်ဟု သိခဲ့ကြရပါသည်။ အရိုးအိုးတော်ထည့်သွင်းရန် အပေါက်မှာ ယနေ့ထက်တိုင်မပိတ်ရသေးပါ။

အထူးဝမ်းနည်းဖွယ်ကောင်းသည်မှာ ယင်းပထမသမီးတော်

အုတ်ဂူထက်တွင် ကပ်ထားသော ကဗျည်းကျောက်ပြား (မြန်မာဘုရင် သီပေါမင်း၏ ပထမသမီးတော် အသျှင်ထိပ်စု မြတ်ဘုရားကြီး ၁၉၄၇ ဇွန်လ ၃ ရက်နေ့တွင် နတ်ရွာစံသည်) မှာ ပြောင်းပြန် ဇောက်ထိုး ဖြစ်နေခြင်းဖြစ်ပါသည်။

## ဒုတိယသမီးတော်အသျှင်ထိပ်စုမြတ် ဘုရားလတ်၏ အရိုးအိုးတော်

ဒုတိယသမီးတော် အသျှင်ထိပ်စုမြတ်ဘုရားလတ် နတ်ရွာစံ (၄ ဧပြီ ၁၉၅၆) တော်မူသောအခါ အရိုးအိုးတော်ကို မည်ကဲ့သို့ ထားရှိရမည်ကို မသိကြသောကြောင့် ယင်းအရိုးအိုးတော်မှာ မွေးစား ထားသော နီပေါနိုင်ငံသားမောင်နှမနှစ်ယောက်လက်ဝယ် ယနေ့ ထက်တိုင်ရှိနေပါသည်။

ယင်းမွေးစားထားသော နီပေါနိုင်ငံသား မောင်နှမ နှစ်ယောက်လက်ဝယ် သမိုင်းစာရွက်စာတမ်းများနှင့် ပစ္စည်းများရှိရာ ယင်းတို့တွင်အခြားလူများက အကြောင်းအမျိုးမျိုးပြကာ တောင်းယူခဲ့ တောင်းယူဆဲပြုနေကြကြောင်း သိခဲ့ကြရပါ သည်။

## သရဏဂုံတင်မှုကို စွမ်းဆောင်ခြင်း

၁၃၅၅ ခုနှစ် တန်ဆောင်မုန်းလကွယ်နေ့ ၁၃-၁၂-၁၉၉၃ တနင်္လာနေ့ မနက် ၇ နာရီ (သက်ဆိုင်ရာအာဏာပိုင်များနှင့် အနီး ပတ်ဝန်းကျင်ရှိသူများတို့မှ ကင်းရှင်းစေရန် စောစောကျင်းပရခြင်း) တွင် ကလကတ္တားမှပင်ရခဲ့ရသော ဆရာတော်ဦးကောဝိဒက သီပေါ- မင်းတြားကိုအဓိကထားကာ မိဖုရားစုဘုရားကလေး၊ ပထမ

သမီးတော်အသျှင်ထိပ်စုမြတ်ဘုရားကြီးနဲ့ ဒုတိယသမီးတော် အသျှင် ထိပ်စုမြတ်ဘုရားလတ် တို့ကိုပါ သရဏဂုံတင်မှုကို စွမ်းဆောင်တော်မူနိုင်ခဲ့သည်။

ဆရာတော်ဦးကောဝိဒကို အမေရိကန်ဒေါ်လာ ၅၀၀ (ငါးရာတိတိ) ဆက်ကပ်ခဲ့ကြပါသည်။

အထူးသတိပြုသင့်သည်မှာ

- ပါတော်မူပြီး ၁၀၈ နှစ်
- သီပေါမင်းနတ်ရွာစံပြီး ၇၇ နှစ်
- မြေးတော်အငယ်ဆုံး ၆၇ နှစ်နှင့် အကြီးဆုံး ၇၁ နှစ်
- လွတ်လပ်ရေးရပြီး ၄၅ နှစ်

ရှိကာမှ ယခုကဲ့သို့ သရဏဂုံတင်မှုကို စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်၍ ဤမျှကြီးမားမွန်မြတ်မှန်ကန်လှသော ဘာသာရေး၊ အမျိုးသားရေးနှင့် လူမှုရေးစွမ်းဆောင်မှုတို့ကို အထူးမှတ်တမ်း တင်ထားပါသည်။

## မြန်မာအိန္ဒိယမိတ်ဆွေဖြစ်အသင်း

ရတနာဂီရီမှ ဘုံဘေပြန်ရောက်သောအခါ မြန်မာပဲမျိုးစုံကို အိန္ဒိယသို့ နှစ်ပေါင်းများစွာတင်ပို့နေသော အိန္ဒိယ သူဌေးတစ်ဦး ဘီအယ်လ်ဂျိန်းက ညစာဖြင့်တည်ခင်းဧည့်ခံရာတွင် သီပေါမင်းတြား သရဏဂုံတင်မှု၊ စံအိမ်တော်နဲ့ အုတ်ဂူတော်တို့နဲ့ ပတ်သက်၍ စိတ်ဝင်စားကာ သူ့အနေဖြင့် (သို့မဟုတ်) သူပါဝင်သည့် မြန်မာ-အိန္ဒိယ မိတ်ဆွေဖြစ်အသင်းအနေဖြင့် လိုအပ်သော အကူအညီများ ပေးလိုပါကြောင်း ပြောကြားခဲ့ပါသည်။

# ရန်ကုန်သို့ ပြန်ရောက်ရှိကြခြင်း

၁၃၅၅ ခုနှစ် တန်ဆောင်မုန်းလဆုတ် (၁၁) ရက် (၉-၁၂-၁၉၉၃) ကြာသပတေးနေ့တွင် ရန်ကုန်မှအိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ထွက်ခွာခဲ့ကြပြီး၊ ၁၃၅၅ ခုနှစ် တော်သလင်းလဆန်း ၃ ရက် (၁၆-၁၂-၁၉၉၃) ကြာသပတေးနေ့တွင် ရန်ကုန်သို့ ပြန်လည် ရောက်ရှိခဲ့ကြပါသည်။

**စိန်ခြယ်၊ ဒီဇင်ဘာ၊ ၁၉၉၅**

# ရတနာပုံ မှ ရတနာဂီရီ သို့ (၁၃)

## အကျဉ်းရုံးသရဏဂုံတင်ပြီး (၂) နှစ်ပြည့်တော့မယ်

ရတနာဂီရိမှာ သီပေါမင်းတြားနတ်ပြည်စံတော်မူခဲ့ရပြီး မိဖုရားခေါင်ကြီးစုဘုရားလတ်ဆန္ဒတော်အတိုင်း အင်္ဂလိပ်နယ်ချဲ့ကသရဏဂုံတင်ခွင့်မပြုပဲ၊ ဘုံဘေ-ရတနာဂီရိအဝေးပြေး မော်တော်ကားလမ်းမဘေးမှာ သေးသိမ်နုံချာလှတဲ့အုတ်ဂူ(တော်)ငယ်ထဲက မြန်မာ့နောက်ဆုံးဘုရင်မင်းမြတ်ရုပ်ကလာပ်တော်ကို ပစ်ထားခဲ့တာဖော်ပြခဲ့ပြီ။

ကျွန်တော်အပါအဝင် မြေးတော်မြစ်တော် (၇) ဦးတို့က ရတနာဂီရိကို ကိုယ်တိုင်သွားရောက်ခဲ့ကြတာဖြစ်သလို အကျဉ်းရုံးသရဏဂုံ တင်ခဲ့ကြပြီး ပြန်လာခဲ့ကြတဲ့နောက် မကြာမီကပဲမြေးတော် တော်ဘုရားငယ်ဟာ ရှင်သုမေဓာရဟန်းဘဝနဲ့ ဖားအောက်တောရစကြံကျောင်းမှာ ပျံလွန်တော်မူခဲ့တာကိုလည်းရေးခဲ့ပြီ။ (ကလျာမဂ္ဂဇင်း၊ စက်တင်ဘာ ၁၉၉၅)

သီပေါမင်းတြားအနွယ်တော်တွေရဲ့ လက်ငင်းအခြေအနေဟာ "တောင်မင်းကိုမြောက်မင်းမကယ်နိုင်" နဲ့ "ဆုပ်စူးစားရှူး" ဖြစ်နေကြလို့

ပြီးခဲ့ဆောင်းပါးတွေထဲမှာ သီပေါမင်းတြားကို "နေရစ်တော်မူပေအုံးတော့ ဘိုးတော်ဘုန်းတော်ကြီးဘုရား. . . ဘုရား" လို့ ရင်နင့်စွာ ရေးခဲ့တဲ့အပြင် "ဟင်း. . . အင်း. . . ရွှေပြည်တော်မျှော်လေတိုင်း. . . " ဝေးမလား၊ နီးမလားမသိလို့ မချိတင်ကဲ အဆုံးမသတ်နိုင်ခဲ့။

သရဏဂုံတင်ခဲ့တဲ့ရက် (၁၃ ဒီဇင်ဘာ ၁၉၉၃) မှာပဲ ရတနာဂီရိကဘုံဘေကို တန်းပြန်ခဲ့ကြရတယ်။

## အိန္ဒိယမြန်မာ မိတ်ဖြစ်ဆွေဖြစ်အသင်း

ရတနာဂီရိ-ဘုံဘေ မော်တော်ကားခရီးရှည်ကြီးကို ကျဉ်းကျပ် ပြီး လူးလွန့်သွားတဲ့ မော်တော်ကားငယ်စီးပြီး ပြန်ခဲ့ကြရတာမို့ ဘုံဘေရောက်တော့ တစ်ကိုယ်လုံးရိုက်ထားသလို နာကျင်ကိုက်ခဲနေကြလေရဲ့။ ဈေးသက်သာတဲ့ဟိုတယ်မှာအမြန်ဆုံး ပစ်လှဲအနားယူချင်ကြပြီပေါ့။

ဘုံဘေရောက်တော့ "ကံဆိုးမသွားရာမိုးလိုက်လို့ရွာ" မဖြစ်တော့ဘဲ "ရေကန်အသင့်ကြာအသင့်" ဖြစ်တဲ့အခြေအနေပေါ်လာလေရဲ့။

နှစ်ပေါင်းများစွာ မြန်မာပဲမျိုးစုံကို အဓိကထားအိန္ဒိယတင်ပို့နေတဲ့ အင်္ဂလိပ်အစိုးရလက်ထက်ကတည်းက ရန်ကုန်မှာရုံးဖွင့်ခဲ့တဲ့ ဖွင့်ထားဆဲဖြစ်တဲ့ ကျွန်တော်နဲ့သိခဲ့ဖူးတဲ့ အိန္ဒိယသူဌေးကြီးရဲ့သား (Mr.B.L Jain. Executive President R.P Group of Companies, India) က သူ့ရဲ့မြို့ထဲကပန်းခြံနဲ့တိုက်ကြီးမှာ အိန္ဒိယညစာနဲ့ဧည့်ခံတယ်။ သူက ကျွန်တော့်ရဲ့နာမည်ကို သူ့အဖေဆီက ကြားဖူးတယ်လို့ပြောရဲ့။

မြို့ထဲမှာ ပန်းခြံကြီးနဲ့တိုက်ကြီးဖြစ်သလို လှေကားကအစ ခင်းထားတာက ဖိတ်ဖိတ်တောက်ပြောင်နေတဲ့ အီတလီကျောက်ပြားတွေ။ တံခါးမကြီးမ သုံးထပ်-သံပန်း၊ သစ်သားပန်းနဲ့ မှန်ပန်း။

သူ့ကုမ္ပဏီမှာ မော်တော်ကားအစီး (၄၀) ကျော်ရှိပြီး မြန်မာ အိန္ဒိယပဲအရောင်းအဝယ်အတွက် အသုံးပြုနေတဲ့သင်္ဘောကြီး (၄) စီး

ရှိတယ်လို့သိရတယ်။

သရဏဂုံတင်ခဲ့တဲ့အကြောင်း စကားစပ်မိကြတော့ ရိုက်ကူးထားတဲ့ဗွီဒီယိုအခွေကိုကြည့်ခွင့်ပြုဖို့ သူလိုလိုလားတောင်းခံတဲ့အတွက် ပြလိုက်ရတယ်။ သူကစူးစူးစိုက်စိုက်ကြည့်နေတုန်း သူ့မန်နေဂျာကစာရွက်စာတမ်းတွေယူလာပြီးစကားပြောတော့ လက်ကာပြလိုက်တဲ့အထိ စိတ်ဝင်စားနေရဲ့။ သူကအဝေးထိန်းခလုတ်ကိုင်ထားကာ သူသိချင်တဲ့အပိုင်းကို ခဏရပ်နားထားပြီးမေးလေ့ရှိတယ်။

သီပေါမင်းတြားရဲ့ သေးသိမ်နုံချာလှတဲ့တောထနေတဲ့ အုတ်ဂူ(တော်)ငယ်ကို အကြာကြီးရပ်နားထားကြည့်ရင်း သက်ပျင်းရှည်ကြီးချလိုက်လေရဲ့။

"အင်္ဂလိပ်အကောင်တွေ (English Chaps) ဟာ အိန္ဒိယဘုရင်ဇာဖရှားကို ရန်ကုန်ပို့ထားပြီး မြန်မာသီပေါဘုရင်ကို ရတနာဂီရိပို့ထားတာ သိပ်မတရားတာပဲ။ ဇာဖရှားဘုရင်နဲ့ ရုပ်ကလာပ်တော်ကို အိန္ဒိယပြန်ဆောင်ကျင်းဖို့က ပြဿနာရှိနိုင်ပါတယ်။ မူလကအိန္ဒိယဟာ အခုအိန္ဒိယပါကစ္စတန်နဲ့ ဘင်္ဂလားဒေ့ရှ်ရယ်လို့သုံးနိုင်ငံဖြစ်နေပြီမဟုတ်လား။ သီပေါဘုရင်ရုပ်ကလာပ်တော်ကို မြန်မာပြန်ဆောင်ကျင်းဖို့ပြဿနာရှိမယ်မထင်ပါဘူး" မစ္စတာဂျန်းက စိတ်ပါလက်ပါပြောလေရဲ့။

ကျွန်တော်တို့က သီပေါဘုရင်ရုပ်ကလာပ်တော်ကို ပြန်ဆောင်ကျင်းရာမှာ မြန်မာ-အိန္ဒိယနဲ့ အင်္ဂလိပ်သုံးပွင့်ဆိုင်ပတ်သက်နေမယ်ထင်ကြောင်းပြောပြတော့-

"ဟာဗျာ. . . ဆိုင်ချင်းဆိုင် မြန်မာနဲ့အိန္ဒိယနှစ်နိုင်ငံသာ ဆိုင်တော့မှာပေ့ါ။ မတရားလုပ်ခဲ့တဲ့ အင်္ဂလိပ်ကို ဂရုစိုက်စရာမလိုပါဘူး" လို့ ခတ်ဆတ်ဆတ်ပြောတယ်။

ကျွန်တော်တို့က သီးသန့်ခရီး (Private Visit) ဖြစ်နေလို့ အကျယ်ဆွေးနွေးဖို့စောသေးကြောင်း ရှင်းပြရတယ်။

"အခုလို မြေးတော်မြစ်တော်တွေကိုယ်တိုင် သရဏဂုံတင်တာ ပထမခြေလှမ်းပွဲပေါ့ဗျာ။ ဒီတော့ သီပေါဘုရင်ရုပ်ကလာပ်တော်ကို ပြန်မဆောင်ကျင်းနိုင်သေးတဲ့ကာလမှာ စံအိမ်တော် (နန်းတော်မဟုတ်ကြောင်းရှင်းပြခဲ့) နဲ့အုတ်ဂူ(တော်)ငယ်တို့ကို ပြုပြင်ထိန်းသိမ်းထားဖို့လိုပါတယ်။ ဘာအစီအစဉ်တွေ လုပ်ထားပါသလဲသိပါရစေ" သူက သူ့ကုလားထိုင် ကို ကျွန်တော်တို့ဆီတိုးလိုက်ရင်းမေးလို့-

"ကျွန်တော်တို့မှာလက်ငင်းအခြေအနေအရ ဘာမှမလုပ်နိုင်သေးပါဘူး" လို့ဖြေလိုက်ကြရတယ်။

"လုပ်ချင်တဲ့အခါပြောကြပါ။ ကျွန်တော်က ကျွန်တော့်အနေနဲ့ ရောကျွန်တော်ပါဝင်နေတဲ့ အိန္ဒိယ-မြန်မာမိတ်ဆွေဖြစ်အသင်းအနေ နဲ့ပါကူညီချင်ပါတယ်။ ကျွန်တော်တို့မိသားစုဟာ မြန်မာ့ကျေးဇူးကိုသိတတ်ကြပါတယ်။ တတ်နိုင်သလောက်ကျေးဇူးဆပ်ချင်ကြပါတယ်" သူက ကျွန်တော့်ရဲ့လက်ကိုဆုပ်ကိုင်ရင်း အလေးအနက်ပြောနေလို့ သူ့ကိုကျေးဇူးတင်လှကြောင်းနဲ့ အခြေအနေပေးလာရင် အကူအညီတောင်းပါ့မယ်လို့ တလေးတစားပြောလိုက်တယ်။

"အိန္ဒိယ-မြန်မာ မိတ်ဆွေဖြစ်အသင်းမှာ ဒီသရဏဂုံတင် ဗွီဒီယိုခွေကိုပြချင်ပါတယ်။ ကူးခွင့်ပြုပါ။ အခုပဲချက်ချင်းကူးပါ့မယ့်" သူက ဗွီဒီယိုခွေကိုလှမ်းယူပြီးပြောလိုက်တယ်။ ဒီဧည့်ခန်းထဲမှာကို အထက်အောက်ဗွီဒီယိုစက်နှစ်တွဲရှိနေရဲ့။

"ဝမ်းသာလိုက်တာဗျာ၊ ဒါပေမယ့် ကျွန်တော်တို့မှာ အကန့်-အသတ်တွေရှိနေလို့ လတ်တလောတော့ မကူးယူစေချင်သေးပါဘူး။ အဆင်ပြေရင်ကူးပြီးပို့ပေးလိုက်ပါ့မယ်၊ စိတ်ချပါ"

သူ့ဒေးကြီးမျက်နှာမကောင်း၊ ခေါင်းခါသက်ပြင်းချရင်း သရဏဂုံတင်ဗွီဒီယိုခွေကို ကျွန်တော့်ရဲ့လက်ထဲပြန်ထည့်လိုက်ရဲ့။

ဟိုတယ်အမည်က တော်ဝင်မဟာဟိုတယ် (Roal Grand

Hotel) လို့မှတ်မိ။

ဘုံဘေ-ကလကတ္တား-ဒက္ကာလေယာဉ်ပျံက မနက် (၆)နာရီ ထွက်မှာမို့ မနက် (၄) နာရီမှာ သူဌေးကြီးက မော်တော်ကား (၃) စီးလွှတ်ပြီး လေဆိပ်ကိုပို့ပေးဖို့မှာလိုက်ကြောင်း သူ့မန်နေဂျာက 'ဂွတ်နိုက်ဆာ' လို့ လက်ဆွဲနှုတ်ဆက်ကြတော့မှ ဖွင့်ပြောပါလေရော။

မန်နေဂျာပြန်သွားတော့ ဟိုတယ်ခ ရှင်းမယ်လုပ်ကြတဲ့အခါ သူဌေးကြီးက အားလုံးရှင်းထားပြီးပြီလို့ ဟိုတယ်မန်နေဂျာကပြောတော့ တာကိုး။ အင်း. . . ရှားပါးတဲ့ဒေါ်လာမပေးလိုက်ရဘူးပေါ့။ အဲဒီညက သူဌေးကြီးကို အထူးမေတ္တာပို့သကြောင်းပြောဖို့လိုပါသေးသလား။

ဟိုတယ်မန်နေဂျာက မနက် (၄) နာရီထွက်နိုင်အောင် မနက် (၃) နာရီကတည်းကထကြပြီး ပြင်ဆင်ကြရတော့ အိပ်ရေးမဝ။

မနက် (၄) နာရီမှာ 'မြန်မာစံတော်ချိန်' (အချိန်နောက်ကျတာကို ဒီလိုသုံးနှုန်းလောက်အောင်ဖြစ်နေတာ ရှက်ဖို့သိပ်ကောင်း၊ ပြုပြင် ဖို့၊ အချိန်မှန်ဖို့၊ တိကျဖို့လိုကိုလိုနေပြီ) မှာ မစိုးရိမ်ပေမယ့် ဟိုတယ်ရှေ့ ထွက်လိုက်ကြတဲ့ (၃ း ၄၅) နာရီမှာ မာစီးဒီးသုံးစီးက ပြောင်ပြောင် လက်လက်နဲ့ အဆင့်သင့်။

လေဆိပ်ရောက်တော့ မနက် (၄ း ၅၀) နာရီ။ လေဆိပ်ခန်းမထဲ ဝင်ကြပြီး ပစ္စည်းစစ်ဆေးမယ်လုပ်တော့ ကျွန်တော်တို့ (၇) ဦး မိုးကြိုး ပစ်ခံကြပါရော။

"ဒီလေဆိပ်က ပြည်တွင်းလေဆိပ်၊ ခင်ဗျားတို့က ဘုံဘေ-ကလ-ကတ္တား-ဒက္ကားသွားကြမှာမို့ နိုင်ငံတကာလေဆိပ်ကိုသွားကြရမှာ။ မြန်မြန် မသွားကြမှဖြစ်မယ်။ အခု (၅ း ၁၀) နာရီရှိနေပြီ။ ဒီကနေ နိုင်ငံတကာ လေဆိပ်ကိုနာရီဝက်လောက်မောင်းရမယ်။ ခင်ဗျားတို့စီးမယ့် လေယာဉ်ပျံက မနက် (၆) နာရီထွက်မှာ၊ ကိုင်း. . . မြန်မြန်သွားကြပေတော့" လို့ သက်ဆိုင်သူတွေက အရေးတကြီးပြောတော့တာကိုး။

ကျွန်တော်တို့ထဲမှာ နိုင်ငံခြားရေးဝန်ကြီးဌာနမှာလုပ်နေတဲ့ မဟာစန္ဒကုမာရ(ဦးစိုးဝင်း)က အတွေ့အကြုံအများဆုံးသူမို့ သူ့သွားလေရာ တကောက်ကောက်လိုက်ကြရတယ်။ အငှားကားအပြေးအလွှားငှား၊ လှေ-ကားတွေတက်လိုက်ဆင်းလိုက်၊ ဟိုအခန်းဒီအခန်း ဝင်လိုက်ထွက်လိုက်၊ လက်တွန်းလှည်းတွေတွန်းလိုက်ရပ်လိုက်၊ ပစ္စည်းတွေသယ်လိုက်ချလိုက်၊ စိတ်တွေပူကြနဲ့မို့ ချွေးဒီးဒီးကျရောပဲ။ တစ်နေရာမှာ အထုပ်အပိုးတွေနဲ့ လှေကားအမြင့်ကိုတက်လိုက်ရလို့ ကျွန်တော်မောဟိုက်သွားရဲ့။

'ဘဘုရားကလေး မျက်နှာဖြူပတ်ဖြူရော်ကြီးဖြစ်သွားလို့ ဒုက္ခပါပဲလို့ အရမ်းစိုးရိမ်မိသွားတယ်' လို့ တော်ဘုရားမြတ်ကြီး (ဦးထွဏ်းကျော်) က လေယာဉ်ပျံပေါ်ရောက်တော့ပြောပြတယ်။

"အင်း. . . တော်တော်က ဒီတစ်ခါတော့ ငါလည်း ဘိုးတော်-ဘုရားလိုပဲ အိန္ဒိယမှာသရဏဂုံတင်ရပြီလို့ထင်မိတယ်" လို့ ကျွန်တော်က မချိတင်ကဲပြောလိုက်ရဲ့။

ကာလကတ္တားရောက်ကြတော့ ဆရာတော်ဦးကော်ဝိဒရဲ့ ဒါယ-ကာကြီး မစ္စတာချောက်ဒရီက မော်တော်ကားနဲ့လာကြိုပြီး မြို့နဲ့လှမ်းတဲ့ဈေးသက်သာတဲ့ဟိုတယ် (တကယ်တော့တည်းခိုခန်း) ရှာငှားပေးတယ်။ အင်း. . . ဒေါ်လာ၊ ဒေါ်လာ။ သိနေတယ်လေ၊ သိနေတယ်။

ဆရာတော်ရဲ့ 'မြန်မာကျောင်း' မှာ နေ့လည်စာကျွေးလို့ မြန်မာအစားအစာနဲ့ (၆) လောက်ကင်းကွာနေကြတာမို့ စားကောင်းသလား မမေးနဲ့။ ဆရာတော်က "အိန္ဒိယရောက်မှ ဒါယကကြီးတို့ဒါယကာမကြီးတို့ ငါးပိရေတို့စရာမစားကြရသေးလို့ အားရပါးရစားကြပေတော့' တဲ့။

အင်း. . . ကျွန်တော်တို့က ဘိုကျောင်းထွက်တွေမို့ ငါးပိရေနဲ့ တို့စရာကို သိပ်မတို့ကြတာကို ဆရာတော်မသိလေခြင်း။

ကျွန်တော်တို့မောင်နှမတွေက ဘိုကျောင်းမှာ ဘလေချောင် (ငါးပိကျော်ဖြစ်ပေမယ့် ရွှေပုဇွန်ခြောက်ထောင်း နိုင်းချင်းနဲ့သကြား

ကဲကဲကျော်ထား) နဲ့ကြီးပြင်းလာကြတော့ ငါးပိရေအနံ့ကိုမခံနိုင်ကြ။ ဆင်းရဲသားစာလို့လည်းထင်ခဲသေးရဲ့။

ကျွန်တော်အိမ်ထောင်ကျပြီး နှစ်အတော်ကြာတဲ့အထိငါးပိရေကျိုရင် ဇနီးခမျာ မီးဖိုတံခါးမကြီးပိတ်ရ၊ ပြူတင်းပေါက်တွေဖွင့်ရ၊ ပန်ကာတွေဖွင့်ရ၊ ဒါမှမဟုတ် ကျွန်တော့်ကိုအပြင်ထွက်ခိုင်းရတယ်။

"ရှင် (စိတ်ဆိုးရင်သုံးနှုန်းပုံ၊ တော်ဝင်အခေါ်ကမောင်ဘုရား) က ဗမာ၊ ဗမာမှဗမာမင်းသား၊ ဗမာမင်းသားက ဗမာအစားအစာဖြစ် တဲ့အဓိကဖြစ်တဲ့ ငါးပိရေအနံ့ကိုမခံနိုင်တာ လူကြားလို့မကောင်းဘူး။ ရှင်ကိုယ့်ကိုယ်ကိုယ်ဝေဖန်ရေးလုပ်စမ်းပါ။ စားကြည့်စမ်းပါ။ သေမသွားပါဘူး" လို့ ဇနီးက မကြာခဏပညာပေးလို့ ကြာတော့အနံ့ခံနိုင် စားနိုင်လာတယ်။

ငါးပိရေကို တကယ်ကြိုက်သွားတာကတော့ ၁၉၆၇ မှာ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးပါတီဥက္ကဋ္ဌအဖြစ် ကျွန်တော်တာဝန်ယူရင်းမြေအောက်လှုပ်ရှားမှုလုပ်ခဲ့တုန်းက၊ ကရင်မိသားစုနဲ့ဖြစ်သလိုနေရလို့ စားရတဲ့အခါ ငါးပိရေနဲ့တို့စရာကို နေ့တိုင်းစားနေကြရတာမို့ လျှာလည်သွားတယ်လေ။

ကျွန်တော်တို့တည်းခိုတဲ့ (Titumeer Guest House) က ဘယ်လောက်များ ဈေးနှုန်းသက်သာသလဲဆိုရင် ကျွန်တော်တို့ (၇) ဦးအပါ အဝင် (၁၂) ယောက်သာရှိကြတယ်။ တီဗီကအဖြူအမဲ၊ အိန္ဒိယပြည်တွင်းထုတ်လွှင့်တာသာရပြီး ရုပ်ပေါ်ပြီးအသံမထွက်၊ အသံထွက်ပြီးရုပ်မပေါ်၊ ရုပ်ရောအသံပါပေါ်ထွက်ရင် တုန်တာမှုန်တာဖြစ်ပြန်ရော။

အင်း. . . ဒေါ်လာချွေတာကြရလို့ ဒီလောက်တော့ဖြစ်မှာပေါ့ မဟုတ်လား။

*('ဗမာ' ကို 'မြန်မာ' ဟုဖတ်ရှုပါရန်)*

**ချယ်ရီ၊ ဇန်နဝါရီ ၁၉၉၆ (တစ်နှစ်မြောက်မဂ္ဂဇင်း)**

**ရတနာပုံစာအုပ်တိုက်**

# ရတနာပုံ မှ ရတနာဂီရိ သို့ (၁၅)

ရတနာဂီရိက ကလကတ္တားပြန်ရောက်ကြမှ ကျွန်တော်တို့ အနားရကြတော့တယ်။ တစ်ချိန်လုံးလေယာဉ်ပျံနဲ့မော်တော်ကားပေါ်မှာ ရောက်နေကြရပြီး လုပ်ရတာတွေကလည်း အကန့်အသတ်နဲ့မို့ နားချိန် အင်မတန်နည်းနေတာပေါ့။ ဒါပေမယ့် ကိုယ့်ဘိုးတော်နဲ့ မြန်မာ့နောက်ဆုံး ဘုရင်မင်းမြတ်ဖြစ်တော်မူတဲ့ သီပေါမင်းတြားကိုဘယ်တုန်းကမှ မပြုလုပ်ခဲ့တဲ့သရဏဂုံတင်မှုကို ကျွန်တော်တို့ကိုယ်တိုင်ပြုလုပ်စွမ်းဆောင် ကြရမှာကို ပီတိဖြစ်ကြကာတက်တက်ကြွကြွရှိခဲ့ကြလို့ မမောနိုင် မပန်းနိုင် ခဲ့သလောက် သရဏဂုံတင်မှုပြီးမြောက်သွားတဲ့အခါ ကိုယ့် ခေါင်းပေါ်မှာ ထမ်းထားရတဲ့လေးလံလှတဲ့ အထုပ်ကြီးမရှိတော့သလို ပေါ့ပါးသွားတယ်။

**ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း**

**ဒါပေမယ့်ဘယ်လိုဝမ်းနည်းမှန်းမသိ**

မြေးတော်၊ မြစ်တော် (၇) ဦးကိုယ်တိုင် သရဏဂုံတင်မှုကို စွမ်း-

ဆောင်နိုင်ခဲ့ကြပြီမို့ မြန်မာရဟန်းရှင်၊ လူ၊ ပြည်သူတွေ အထူးသဖြင့် ဘွားတော်စုဘုရားလတ်နဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့ရဲ့ ပြင်းပြတဲ့ ဆန္ဒတွေကို တစ်စိတ်တစ်ပိုင်းဖြည့်စည်းပေးနိုင်ခဲ့ပြီလို့ ဝမ်းသာမိရဲ့။ တစ်နည်းပြောရရင်ရာဇဝင်ကြွေးဆပ်သင့်သလောက် ဆပ်နိုင်ခဲ့ပြီပေါ့။

သရဏဂုံတင်တာနဲ့ပတ်သက်ပြီး အင်္ဂလိပ်နယ်ချဲ့ရဲ့ စော်ကား မှုကို အနွယ်တော်တွေအနေနဲ့အဆင့်တစ်ဆင့်အထိ ချေဖျက်နိုင်ခဲ့ပြီ။ ဒါပေမယ့် မြန်မာရဟန်းရှင်၊ လူ၊ ပြည်သူတွေအနေနဲ့ ဆက်လုပ်ဖို့ ကျန်သေးတယ်မဟုတ်လား။

သရဏဂုံတင်နိုင်ခဲ့ကြတာကတော့ဟုတ်ပြီ။ သီပေါမင်းတြားရဲ့ အုတ်ဂူ(တော်)ဟာ ဆောက်လုပ်ပြီး ဆောက်လုပ်ဆဲတိုက်တွေကြားမှာ မထင်မရှားရှိနေလို့ ဘယ်နေ့မှာမြေညှိစက်ကြီးတွေ မြေကော်စက်ကြီး တွေရဲ့ဖြိုချနင်းချေကော်ပစ်တာခံရပြီး မြန်မာ့နောက်ဆုံးဘုရင်ရဲ့ ရုပ်ကလာပ်တော်ဟာ အပြီးအပိုင်ပျောက်သွားမလဲ။ ဒီလိုဖြစ်သွားရင် အင်္ဂလိပ်နယ်ချဲ့အလိုကျဖြစ်မှာပဲလို့ တွေးမိတော့ဘယ်လိုဝမ်းနည်းမှန်း မသိ။

ကျွန်တော်တို့ရန်ကုန်ပြန်ကြတော့ အိန္ဒိယနဲ့ဘင်္ဂလားဒေ့ရှ်ရှိ မြန်မာသံရုံးကအရာရှိကြီးတွေလိုက်ပို့ကြပါရဲ့။ သရဏဂုံတင်မှုနဲ့ပတ်သက်ပြီး ဘာမှမပြောဖြစ်ခဲ့ကြ။

မင်္ဂလာဒုံလေဆိပ်ပြန်ရောက်ကြတော့ ဓါတ်ပုံတွေတဖျတ်ဖျတ် ရိုက်ကြလေရဲ့။ ဘယ်သူရိုက်ကြမှန်းမသိ။

ကျွန်တော်တို့ရန်ကုန်ပြန်ရောက်ကြပြီး ရက်ပိုင်းအတွင်းမှာပဲ နိုင်ငံခြားရေးဝန်ကြီးဌာနမှာတာဝန်ထမ်းဆောင်နေတဲ့ မဟာ စန္ဒကုမာရ (ဦးစိုးဝင်း) နဲ့ဆွေးနွေးကြပြီး သက်ဆိုင်ရာအစိုးရဌာနကို

- ပြန်ပါလာတဲ့ဒေါ်လာ (၂၀၆၀) ကိုပြန်အပ်။
- သရဏဂုံတင်မှုကိုစွမ်းဆောင်ပြုလုပ်ခဲ့ခြင်းမှတ်တမ်းတင်ပြ။

- သရဏဂုံတင်မှုကိုစွမ်းဆောင်ပြုလုပ်ခဲ့ခြင်းမှတ်တမ်းတင် ဓါတ်ပုံ (၅၅) ပုံပေးပို့။
- သရဏဂုံတင်မှုကိုစွမ်းဆောင်ပြုလုပ်ခဲ့ခြင်းမှတ်တမ်းတင် ဗွီဒီယိုခွေတစ်ခွေ ပေးပို့ခဲ့ကြတယ်။

အင်း. . . သရဏဂုံတင်ပြီးတာ (၂) နှစ်ကျော်သွားပြီကော။

စာရေးခွင့်ရရခြင်း ဒီ 'ရတပုံ ရတနာဂီရိ ရတနာသိဒ်' (အခု ရတနာပုံမှရတနာဂီရိသို့) ဆောင်းပါးရှည်ကြီးကိုစရေးဖြစ်တယ်။

ဒီဆောင်းပါးကို ရေးလိုက်တဲ့အခါ မြန်မာရဟန်းရှင်၊ လူ၊ ပြည်သူတွေရဲ့ ထောက်ခံအားပေးမှုကိုရခဲ့တယ်။ အထူးသဖြင့် လူငယ်တွေရဲ့ တုန့်ပြန်မှုက အားရစရာကောင်းလိုက်တာ။ တချို့စာရေး ဖုန်းဆက်ကြပြီး အိမ်ကိုလာပြီးမေးမြန်းစုံစမ်းကြရဲ့။ သမိုင်းကိုလူငယ်တွေစိတ်ဝင်စားလာတာ ကောင်းတဲ့အလားအလာပဲ မဟုတ်လား။

ဆရာကြီးမင်းသုဝဏ်နဲ့တွေ့ကြတော့ ဆရာကြီးကလက်ဆွဲနှုတ်-ဆက်ရင်း 'တော်ဘုရားကလေးရဲ့ ရတနာဂီရိဆောင်းပါးတွေဖတ်ရတယ်။ မသိတာတွေအခုမှသိရတယ်။ တော်ဘုရားကလေးလိုမြေးတော်အရင်းက ရေးတော့ခိုင်လုံတာပေ့ါ။ စိတ်ချရတာပေ့ါ၊ ဆက်ရေးပါဗျာ' လို့ အားပေးလေရဲ့။

ဆရာမကြီးလူထုဒေါ်အမာက 'တော်တော်ရေးတာတွေကောင်းတယ်။ ပြီးသွားရင်လုံးချင်းထုတ်နိုင်အောင်လုပ်ပါ။ ကျွန်မတတ်နိုင်သလောက်ကူညီပါ့မယ်' လို့ တိုက်တွန်းတယ်။

ကျွန်တော့်ရဲ့ ရဲဘော်တွေနဲ့မိတ်ဆွေတွေက 'မြနန်းစံကျော်ရွှေ-နန်းတော်ကြီး ပြန်ဆောက်နေတာပြီးတော့မယ်။ မင်းသားကြီးရေးနေတဲ့ဆောင်းပါးတွေကလည်း ပြီးတော့မယ်။ အဟမ်း. . . ကျွန်တော်တို့ကို ပစ်မထားပါနဲ့နော်' လို့ ကျီစားကြတယ်။

ကျွန်တော်က ယဲ့ယဲ့ပြုံးပြီး သက်ပြင်းရှည်ကြီးချလိုက်မိပါရော။

**ရတနာပုံစာအုပ်တိုက်**

ဒီသရဏဂုံတင်မှုကို အိန္ဒိယရတနာဂီရိမှာ စွမ်းဆောင်ခဲ့ကြတာ ဖြစ်တယ်။

ဘာကြောင့်သီပေါမင်းတြားနဲ့မိဖုရားခေါင်ကြီးစုဘုရားလတ် တို့ ရတနာဂီရိကိုပါတော်မူခဲ့ကြရသလဲဆိုတာကို အားလုံးသိကြတဲ့အတိုင်း အင်္ဂလိပ်နယ်ချဲ့ကကျူးကျော်သိမ်းပိုက်လို့ မြန်မာ့အစဉ်အဆက် လွတ်-လပ်ရေးဆုံးရှုံးခဲ့ရတဲ့အတွက်ဖြစ်တယ်။

ဒီနေရာမှာ သမိုင်းရဲ့သဘောကို နည်းနည်းဆွေးနွေးပါရစေ။ များသောအားဖြင့် သမိုင်းကိုပြီးခဲ့တဲ့နှစ်ပေါင်းများစွာက အဖြစ်အပျက်တွေ အထူးသဖြင့်ဘုရင်တွေ၊ ဧကရာဇ်တွေ (ဒါကြောင့်လည်းရာဇဝင်လို့သုံးနှုန်းခဲ့) အကြောင်းလို့ သဘောထားလေ့ရှိကြတယ်မဟုတ်လား။

ကျွန်တော်ကတော့ သမိုင်းဟာအတိတ်ပစ္စုပ္ပန်နဲ့အနာဂတ်မှာ ဖြစ်ပျက်တာတွေလို့မြင်တယ်။ အတိတ်ဟာ ပစ္စုပ္ပန်ကိုဖြစ်စေသလို ပစ္စုပ္ပန်ကအနာဂတ်ကိုဖြစ်စေတယ်။

ကြည့်ပါ။ ဒီနေ့လုပ်ဆောင်နေတာတွေဟာ နောင်အတိတ် ဖြစ်သွားသလို ဒီနေ့လုပ်ဆောင်နေတာတွေဟာ အနာဂတ်မှာ အကောင်-အထည် ပေါ်သွားတာလည်းဖြစ်နိုင်ရဲ့။

'ကိုယ့်သမိုင်းကို ကိုယ်ရေးကြတာပဲ'လို့ ပြောကြတယ် မဟုတ်လား။ ဒီနေ့လုပ်ဆောင်တာတွေအတိတ်မှာ အကောင်းအဆိုးအဖြစ် ကျန်ရစ်မှာ ဖြစ်သလို အနာဂတ်မှာလည်း အကောင်းအဆိုး ဖြစ်သွားနိုင်တယ်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းဟာ အတိတ်၊ ပစ္စုပ္ပန်နဲ့အနာဂတ်မှာ လူသေပေမဲ့ ဘယ်တော့မှ နာမည်မသေသလို ဂဠုန်ဦးစောကျတော့ အတိတ်၊ ပစ္စုပ္ပန်နဲ့အနာဂတ်မှာ နာမည်ဘယ်လိုကောင်းနိုင်တော့မှာလဲ ဒါသမိုင်းပဲ။

ကမ္ဘာကိုဖိန့်ဖိန့်တုန်စေခဲ့တဲ့ ဟစ်တာလာနဲ့ သူ့နာဇီဖက်ဆစ်ဝါဒဟာ ဘယ်လိုတက်ပြီးဘယ်လိုကျဆုံးသွားတာကို သမိုင်းကမှတ်တမ်း

တင်ထားပြီ။

ရုရှားနိုင်ငံမှာကွန်မြူနစ်တွေပြတ်ကျသွားပြီး ဒီဆောင်းပါးရေးနေတဲ့အချိန် အောက်လွှတ်တော် (Duma) ရွေးကောက်ပွဲမှာ အခြေအနေပြန်ကောင်းနေပြီသိရလို့ ဒါဟာအတိတ်၊ ပစ္စုပ္ပန်နဲ့ အနာဂါတ်ဖြစ်တဲ့သမိုင်းပဲမဟုတ်လား။

ကြုံတုန်းကြုံခိုက် ကျွန်တော့်အကြောင်းကို 'တို့' ပြပါရစေ။

ကျွန်တော်ဟာသီပေါမင်းတြားရဲ့မိဖုရားခေါင်ကြီး စုဘုရားလတ်တို့ရဲ့မြေးတော်အရင်းဖြစ်လို့ ကိုယ့်ဘိုးတော်အနွယ်တော်တွေအကြောင်းရေးတာဟာ ကိုယ်ရေးကိုယ်တာဖြစ်သလို မြန်မာ့နောက်ဆုံးဘုရင်နဲ့မိဖုရားခေါင်ကြီးဖြစ်နေကြလို့၊ အနွယ်တော်တွေဖြစ်နေကြလို့ သမိုင်းအစိတ်အပိုင်းလို့ယူရင်လည်းရနိုင်ကောင်းရဲ့။

ကျွန်တော်ဟာမင်းသားဖြစ်ပေမယ့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ဆုံးမသြဝါဒကို (၁၇) နှစ်သားကတည်းကခံယူကာ မြန်မာရဟန်းရှင်၊ လူ၊ ပြည်သူတွေနဲ့အတူ ပဒေသရာဇ်ဆန့်ကျင်ရေး၊ နယ်ချဲ့ဆန့်-ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ပြည်တွင်းငြိမ်း-ချမ်းရေးတို့ကို တက်တက်ကြွကြွလုပ်ဆောင်သူဖြစ်လို့ ကျွန်တော်ရေးတာတွေ လုပ်ဆောင်တာတွေဟာ သီပေါမင်းတြားအနွယ်တော်တစ်စုအတွက် အဓိကမဟုတ်တာကို အတိအလင်းတင်ပြလိုက်ပါတယ်။

မြန်မာ့သမိုင်းကို လက်လှမ်းမှီသလောက် အကျဉ်းချုပ်လေ့လာ ရင်နိုင်ငံခြားသားတွေရဲ့ ခြေလှမ်းတွေနဲ့ခြေရှုတ်တာတွေကိုတွေ့နိုင်တယ်။

- ၁၃၇၅ ကတလန်မြေပုံ (Catalan Map) မှာ မြန်မာနိုင်ငံပထမဦးဆုံးပါခဲ့တယ်လို့ ဆိုနိုင်ကောင်းရဲ့။

- ၁၃ ရာစုအကုန်လောက်မှာ မာကိုပိုလို (MarcoPolo) ဟာမြောက်ပိုင်းမြန်မာနိုင်ငံကိုရောက်လာရာကအစ မြန်မာကို အနောက်နိုင်ငံတွေကသိလာကြတယ်။

- ၁၅၃၁-၁၅၅၀။ တပင်ရွှေထီးနန်းမတက်မီ (Vasco da Gama) က အိန္ဒိယဘက်ကိုရေလမ်းခရီးပေါက်နေပြီး ကျော်ကြား နေသူ (Affonsode Albuquerque) က စစ်ရေးအရအရေးပါတဲ့ (Goa Malacca Aden) နဲ့ (Ormuz) တို့ကို အုပ်စိုးပြီးပေါ်တူဂီက အိန္ဒိယ သမုဒ္ဒရာကို လွှမ်းမိုးထားနိုင်ဖို့အခြေခံထားပြီးပြီ။ သူကပဲခူးနေပြည်တော်ကို ကိုယ်စားလှယ်အဖွဲ့လွှတ်ဖူးတယ်။ အဲဒီနောက်ပေါ်တူဂီတွေဟာ မြန်မာအုပ်စိုးသူတွေဆီအမှုထမ်းရာက ရခိုင်၊ ရှမ်းနဲ့ ယိုးဒယား (Siam) အရေးအခင်းတွေမှာပါဝင်ခဲ့ကြတယ်။ မြန်မာကုန်ပစ္စည်းတွေဟာ မုတ္တမကတစ်ဆင့်တင်ပို့ပြီး (Malacca) မှာ ဝယ်ယူလို့ရနေပြီ။

- ၁၅၈၇-၈၈ အင်္ဂလိပ်လူမျိုး (Ralph Fitch) ဟာ မြန်မာနိုင်ငံကို ပထမဦးဆုံးရောက်သူအဖြစ် မှတ်တမ်းရှိတယ်။

- ၁၆ ရာစုမှာရခိုင်-ပဲခူးနဲ့ ယိုးဒယားမှာပေါ်တူဂီသေနတ် အမြောက်သမားတွေနဲ့ ရေတပ်သားတွေ ဈေးကောင်းနေကြတာမို့ မြန်မာပြည်တွင်းရေးမှာ ခြေရှုပ်နိုင်ကြပြီ။ တပင်ရွှေထီးဟာ ပေါ်တူဂီတွေကြောင့်အရက်စွဲပြီး ပျက်စီးခဲ့ရတယ်မဟုတ်လား။

- ၁၇ ရာစုမှာဒတ်ချ် (Dutch) နဲ့အင်္ဂလိပ် အရှေ့အိန္ဒိယ ကုမ္ပဏီတွေ (East India Companies) က သန်လျင်မှာ စက်ရုံတွေ တည်ဆောက်နေကြပြီ။

- ၁၇၈၂ ရန်ကုန်ကိုရောက်ခဲ့ဖူးတဲ့ (Dr.William Hunter) က ဥရောပတိုက်သားတွေရန်ကုန်လာကြဖို့ အဓိက ဆွဲဆောင်မှု ဟာ ကျွန်းသစ်ဖြစ်ကြောင်းအလေးအနက်ပြုခဲ့တယ်။

- ၁၈ ရာစုနောက်ပိုင်းကာလမှာ အင်္ဂလိပ်တွေဟာ ဂွမ်းကို ရနိုင်တဲ့နေရာသစ်တွေကို ရှာလာကြတယ်။ စက်ရက်ကန်းစင်တွေ ကြိတ်ဝါးဖို့မလုံလောက်နိုင်အောင်ဖြစ်နေလို့။

- ဥရောပတိုက်သားတွေမျက်စိကျ သွားရည်ယိုနေကြတဲ့

မြန်မာ့ကုန်ပစ္စည်းတွေက ရေနံ၊ ရှားစေး၊ စိန်ခါတ်ပါအဆိပ် (arsenic)၊ ဆန်၊ ဆင်စွယ်၊ ဖာလာစေ့၊ ငွေ၊ ဆေးရွက်ကြီး၊ ငါးမန်းတောင်၊ ငှက်သိုက်၊ ထန်းလျက်၊ သံဖြူ၊ ပယင်း၊ မဲနယ်၊ ပေရွက်၊ ကျောက်မျက်ရတနာ အထူးသဖြင့်ပတ္တမြား၊ နီလာ၊ ဂေါ်မုတ်။

အဲဒီတုန်းက မြန်မာပြည်မှာ ပဒေသရာဇ်စနစ်ထွန်းကားလေ တော့ ဒီစနစ်ထက်သာလွန်တိုးတက်တဲ့ ဥရောပတိုက်ကအရင်းရှင်စနစ် ရဲ့ နယ်ချဲ့ကျူးကျော်မှု၊ ကုန်ကြမ်းအရယူမှုကိုခံရတာဖြစ်တယ်။

ဒါကြောင့်အင်္ဂလိပ်-မြန်မာ စစ်ပွဲသုံးပွဲစလုံးဟာ အင်္ဂလိပ်နယ်ချဲ့ရဲ့မတရားတဲ့ကျူးကျော်စစ်ဖြစ်ပြီး မြန်မာပြည်သူတွေက ပြန်လည်ခုခံကြတာ တရားတဲ့တော်လှန်စစ်ဖြစ်တာ အခုလိုခေတ်သစ်စနစ်ကာလမှာ အထူးသဖြင့်အရင်းရှင်နယ်ချဲ့ဆန့်ကျင်ရေး အောင်လံကိုလွှင့်ထူ လိုက်တဲ့ မဟာအောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးကြောင့် ပိုပြီး ပီပီပြင်ပြင်၊ စုံစုံလင်လင် သိရှိနိုင်ကြပြီမဟုတ်လား။

ရတနာပုံခေတ်မှာ အဓိကအားဖြင့် အင်္ဂလိပ်နဲ့ ပြင်သစ်အပြိုင်နယ်ချဲ့ကြရာမှာ အင်္ဂလိပ်ကလက်ဦးမှုရသွားတယ်။ ဒီကြားထဲမှာကင်းဝန်မင်းကြီးဦးကောင်းလို အင်္ဂလိပ်နယ်ချဲ့ကိုအထင်ကြီးမိ အားကိုးမိပြီး ကိုယ့်ပြည်တွင်းကပြည်သူ့အင်အားကို အထင်သေးလျော့တွက်မိတဲ့အတွက် 'ဦးကောင်းလိမ်ထုတ်မင်းဆက်/သီပေါပြုတ်' လို့ ဆိုလာကြတယ် မဟုတ်လား။

# ရတနာပုံ မှ ရတနာဂီရိ သို့ (၁၅)

ရတနာပုံခေတ်ကိုပြန်ကြည့်ရအောင်။ အလောင်းမင်းတြားကြီး ဦးအောင်ဇေယျစတင်တည်ထောင်တော်မူခဲ့တဲ့ ကုန်းဘောင်မင်းဆက်ရဲ့ (၁၀) ကြိမ်မြောက် ဘုရင်မင်းမြတ်ဟာ မင်းတုန်းမင်းတြားဖြစ်တယ်။

မင်းတုန်းမင်းတြား နန်းတက်တော်မူတဲ့အခါ ပထမနဲ့ဒုတိယ အင်္ဂလိပ်နယ်ချဲ့ကျူးကျော်သိမ်းပိုက်စစ်ကြောင့် မြန်မာနိုင်ငံအထက်ပိုင်းကိုသာ အုပ်ချုပ်မင်းလုပ်နိုင်တော်မူတဲ့အနေအထား ဖြစ်နေတယ်။

ဒီလိုအချိန်ကာလမှာ အင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန်နဲ့ ရုရှားတို့က လက်နက်နိုင်ငံကြီးတွေဖြစ်နေကြပြီး တရုပ်နိုင်ငံကို သူ့ထက်ငါ ဦးအောင် နယ်ချဲ့ကျူးကျော်နေကြတာဖြစ်တယ်။

ဒီနေရာမှာကြုံတုန်း တရုပ်ပြည်သူ့သမ္မတနိုင်ငံကို ကျွန်တော် အစိုးရဧည့်သည်တော်အဖြစ်သွားရောက်ရာမှာ တွေ့ခဲ့ရပုံကိုရေးပြချင်တယ်။ (၁၉၆၀ မြန်မာကုန်သွယ်ရေးအဖွဲ့)

ကျွန်တော်တို့ ရှန်ဟဲမြို့ရောက်သွားကြတော့ မြို့ကို မော်တော်ကားတွေစီးပြီး လှည့်လည်ကြည့်ကြတဲ့အခါ အဆောက်အဦးတွေဟာ တစ်နေရာနဲ့တစ်နေရာ မတူကြယုံမက တချို့ပုံစံတွေဟာလုံးဝကွဲပြားနေတာ ထူးထူးဆန်းဆန်းတွေ့ရတယ်။

အဲဒီလိုပုံစံတွေကွဲပြားနေတာနဲ့ပတ်သက်လို့ အတူပါလာတဲ့ တရုတ်စကားပြန်မကလေးကရှင်းပြရဲ့။

တရုတ်ပြည်ဟောင်း (ချန်ကေရှိတ်ကူမင်တန်အစိုးရ) ကို နယ်ချဲ့တွေအလုအယက် ကျူးကျော်သိမ်းပိုက်ခဲ့တုန်းက ဒီရှန်ဟဲမြို့မှာ အင်္ဂလိပ်သိမ်းပိုက်ထားတဲ့နေရာမှာ အင်္ဂလိပ်ပုံစံအဆောက်ဦးတွေဖြစ်လာသလို ပြင်သစ်ကလည်းပြင်သစ်ပုံစံတွေ ဆောက်ခဲ့ကြကြောင်း၊ အဲဒီတုန်းက ဒီရှန်ဟဲမြို့ထဲမှာပဲ နယ်ချဲ့တွေက သူတို့နယ်မြေတွေအသီးသီး သတ်မှတ်ထားရာ တစ်နယ်မြေကိုသွားတဲ့အခါ တစ်မြို့ထဲမှာပဲ နိုင်ငံကူးလက်မှတ် (Passport) နဲ့ပြည်ဝင်ခွင့်လက်မှတ် (Visa) ရှိမှ သွားလို့ ရတယ်တဲ့။

နယ်ချဲ့တွေက သူတို့ကိုယ်သူတို့ ယဉ်ကျေးတယ်၊ အထက်တန်းကျတယ်ဆိုပေမယ့် လောင်းကစားကြ၊ မူးကြ၊ အော်ဟစ်ကြ၊ လုယက်ကြ၊ ရန်ဖြစ်ကြ၊ ပစ်သတ်ကြ၊ ပြည့်တန်ဆာတွေ လမ်းမပေါ်တက်မြူဆွယ်ကြ၊ ဖေါ်ကြချွတ်ကြ၊ ကော့ကော်ကန်ကားကြတဲ့ကပွဲတွေ၊ တရုပ်ယဉ်ကျေးမှုနဲ့ဆန့်ကျင်တာတွေလုပ်ကြကြောင်း၊ ညဘက်မှာ တရုပ်မကလေးတွေလမ်းမထွက်ရဲကြ၊ တရုပ်ယောကျ်ားတွေညဘက်မပြောနဲ့ နေ့ဘက်မှာတောင် 'ချင်းခ်' (Chink) လို့နှိမ်ခေါ်ရန်စ ထိုးကြိတ်ကြကြောင်း။

အဲဒီတုန်းက ရှန်ဟဲမြို့မှာ အပျော်အပါး အလောင်းအစားနဲ့ ဒုစရိုက်တွေလွန်ကဲနေလို့ 'အရှေ့ရဲ့ပါရီ' (Paris of the East) လို့ အမည်ဆိုးခဲ့ရတယ်တဲ့။

အဲဒီတုန်းက ကျွန်တော်စဉ်းစားမိရဲ့။ ရှန်ဟဲမှာလို ရန်ကုန်ဟာ

အဲဒီနယ်ချဲ့တွေသောင်းကျန်းခဲ့ကြရင်း အင်းစိန်၊ ကြည့်မြင်တိုင်၊ ဗိုလ်-တထောင်၊ ပုဇွန်တောင်လိုတစ်နရာကတစ်နေရာသွားချင်ရင် ရှန်ဟဲမှာလိုပဲ နိုင်ငံကူးလက်မှတ်တွေနဲ့ အလုပ်ရှုပ်နေမှာပဲလို့။

နယ်ချဲ့တွေဟာသူတို့အကျိုးအတွက် သူတို့အချင်းချင်းတောင် မညှာရင် သူတို့ကျူးကျော်သိမ်းပိုက်တဲ့နိုင်ငံတွေအပေါ် ဘယ်ညှာပါ့မလဲ။

အာရှတောင်ပိုင်းဒေသနဲ့ကျွန်းစုတွေမှာလည်း ဒပ်ချ်နယ်ချဲ့က အင်ဒိုနီးရှားကျွန်းစုတွေ၊ အင်္ဂလိပ်နယ်ချဲ့က (အိန္ဒိယသိမ်းပြီးပြီ) မာလာယုနဲ့ဘိုနီယိုဒေသတွေ (မလေးရှား) ပြင်သစ်နယ်ချဲ့က ကမ္ဘောဒီးယား၊ လာအို၊ အာနံ၊ တုံကင်နဲ့ ကိုချင်ချိုင်းနား (ဗီယက်နမ်) ဒေသတွေကို ကျူးကျော်သိမ်းပိုက်နေကြတဲ့အချိန်ကာလဖြစ်တယ်။ တစ်နည်းဆိုရင် မင်းတုန်းမင်းတြားနန်းတက်တော်မူချိန်မှာ မြန်မာအိမ်နီးချင်းနိုင်ငံတွေကို နယ်ချဲ့တွေကလက်ရဲဇက်ရဲ ကျူးကျော်သိမ်းပိုက်နေကြပြီး အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်နယ်ချဲ့က ခြိမ်းခြောက်နေပြီဖြစ်တယ်။

အင်္ဂလိပ်နယ်ချဲ့ကိုအရှုံးပေးခဲ့ရတဲ့ (ဒုတိယအင်္ဂလိပ်နယ်ချဲ့ကျူး-ကျော်စစ်) နောင်တော်ပုဂံမင်းကို ညီတော်တွေဖြစ်ကြတဲ့ မင်းတုန်းမင်းသားနဲ့ ကနောင်မင်းသားတို့ကနန်းချပြီး မင်းတုန်းမင်းသားကဘုရင်ဖြစ်လာကာ ကနောင်မင်းသားကိုအိမ်ရှေ့ဥပရာကအဖြစ်ထားရှိတယ်။

မင်းတုန်းမင်းတြားက ပုဂံမင်းကို ထီးနန်းကချပြီး ဘဝဆုံးတဲ့အထိကောင်းမွန်စွာ ထားရှိတော်မူခဲ့လို့ ကုန်းဘောင်မင်းဆက်ထဲမှာ မိမိကနန်းချပစ်သူကိုအပြစ်မပေး အဆုံးမစီရင်ခဲ့တဲ့ဘုရင်မင်းမြတ်အဖြစ်သမိုင်းတွင်လေပြီ။

မင်းတုန်းမင်းတြားဘုရင်ဖြစ်တော်မူလာတဲ့အခါ အမရပူရကနေပြီး မန္တလေးအရပ်ကိုပြောင်းရွှေ့ပြီး မြို့တည်၊ နန်းတည်တော်မူတယ်။ ဒီလိုမြို့တည်နန်းတည်တာနဲ့ပတ်သက်ပြီး အောက်ပါအမိန့်တော်ကို ထုတ်ပြန်တော်မူခဲ့တယ်။

**'သာသနာတော်နှစ်၊ နှစ်ထောင့်လေးရာ၊ ဂေါစာသက္ကရာဇ် တစ်ထောင့်နှစ်ရာ့တစ်ဆယ့်ရှစ်ခုနှစ်အတွင်း မန္တလေးအရပ်၌ မြို့ရာ နင်းချင်းပြီးလျှင် သက္ကရာဇ်တစ်ထောင့်နှစ်ရာနှစ်ဆယ်ပြည့်နှစ် ကောင်းမြတ်သောမင်္ဂလာအခါတော်၌ မြို့တော်၊ နန်းတော် တည်-ထောင်စံနေတော်မူလျှင် ဘုန်းတော်ကြီးခြင်း၊ သက်တော်ရှည်ခြင်း၊ ရန်အပေါင်းကို အောင်မြင်တော်မူခြင်းစသော အကျိုးထူးအပေါင်း နှင့် ပြည့်စုံတော်မူ၍ အလုံးစုံသင့်မြတ်ပါမည့်အကြောင်းနှင့် ရှိခိုး သံတော်ဦးတင်ချက်အတိုင်း မန္တလေးအရပ်၌ မြို့နန်းတည်ထောင် စံနေတော်မူမည်။ မြို့ရာချင်းနင်းရန်မှစ၍ အခမ်းအနား ခန့်ထား စီစဉ်ရန်ရှိသည်များကို တထောင့်တစ်ရာ့လေးဆယ့်လေးခုနှစ် ဘေးတော်အမရပူရမြို့ နန်းတည်ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားကြီးဘုရား၊ အမရပူရမြို့တော် နန်းတော်တည်ထောင် တော်မူရာ လုပ်ဆောင်ခန့်ထားသည့် အခမ်းအနားစာတမ်းများနှင့် ညှိနှိုင်း၍ ဝန်တို့ကပြီးပြေအောင်ခန့်ထားစီရင်စာတမ်းကိုလည်းသွင်း'**
အခေါ်အဝေါ်နဲ့ပတ်သက်လို့

- ရွှေမြို့တော်ကိုရတနာပုံ
- နန်းမြို့တော်ကိုလေးကျွန်းအောင်မြေ
- ရွှေနန်းတော်ကိုမြနန်းစံကျော်

လို့သမုတ်တော်မူခဲ့တယ်။

မန္တလေးအမည်နဲ့ပတ်သက်လို့ မူလဇစ်မြစ်ကို စာဟောင်း စာတမ်းကျောက်စာအစရှိတာတွေမှာ

- မန္တရေး
- မဏ္ဍလေး

**ရတနာပုံစာအုပ်တိုက်**

- မန္တလေး

လို့ရေးထားတာတွေတွေ့ရတယ်။

(၁) 'မန္တလေး' အရေးအသားကို မန္တလေးတောင်တော်ခြေ ရင်းနန္ဒာန်ကန်တော်နယ်နိမိတ်သတ်မှတ်တဲ့ကျောက်စာရဲ့ ကျောဘက်မှာရေးထားကြောင်း၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ သားမက်ဦးယော့(ဆရာဇေယျ) ၁၂၉၇ မန္တလေးရောက်သွားတုန်း ဟံသာဝတီဦးဘရင်ကလိုက်ပြလို့ တွေ့မြင်ခဲ့ပြီး ၁၉၅၅ မှာလည်းအုတ်တိုက်နဲ့ယင်းကျောက်စာကိုပါမပျက်မစီးတွေ့ခဲ့ကြောင်း။

(၂) '. . . မိုင်းခိုင်အတွင်းဝန်ပြုစုသော ပိဋကတ်သုံးပုံစာတမ်းတွင် ဗျူဟာစက္ကပျို့ကို အမရပူရမြို့တည်နန်းတည် မင်းလက်ထက်တရားသူကြီးလက်ဝဲသုန္ဒရဆို-ဟုဖေါ်ပြသည်။

ကျွန်ုပ်တို့သတိပြုမိသမျှ၊ တွေ့မိသမျှဆိုလျှင် အခြားအခြားသောပျို့၊ ကဗျာ၊ လင်္ကာ၊ မော်ကွန်း၊ ချေင်း၊ ရာဇဝင်၊ သမိုင်းစသည်တို့၌ ဤစကားကိုမတွေ့ဘူးပေ။ ဤပျို့တစောင်တွင်သာစစ်ကဲကို မန္တလေးခေါ်ကြောင်းတွေ့ရပေသည်။

(၃) '. . . ရှေးအခါကစစ်ကဲကို သသ်ကြိုဋ္ဌ်ဘာသာဖြင့် မဏ္ဍလဟု ခေါ်ဆိုကြရာမှာ စကားရွေ့လျောသဖြင့် မန္တလေးဟူသော အခေါ်အဝေါ်ဖြစ်ပေါ်လေသလားဟု စဉ်းစားဘွယ်ရာရှိလေသည်။

အထက်ပါ (၁)၊ (၂)၊ (၃) တို့ရဲ့အကျယ်ကို ဆရာဇေယျရေး 'မန္တလေး' ဆောင်းပါး၊ မန်းရာပြည့်စာစောင်၊ မန္တလေးမြို့တည်နန်း တည်နှစ်တစ်ရာပြည့်ပွဲတော်ကော်မတီ (၁၃၂၁/၁၉၆၀) မှာ ဖတ်နိုင် တယ်။ သတ်ပုံတွေဟာယင်းဆောင်းပါးမှာပါတဲ့အတိုင်းပဲ။

အင်္ဂလိပ်နယ်ချဲ့ဟာအောက်မြန်မာနိုင်ငံကို ကျူးကျော်သိမ်းပိုက်ပြီး တရုတ်ပြည်ယူနန်ဒေသကို ပြင်သစ်နယ်ချဲ့ထက်ဦးအောင်အပိုင်စီးလိုရာ အထက်မြန်မာနိုင်ငံကို နည်းမျိုးစုံနဲ့ ရန်စကြံစည်နေတာကို မင်းတုန်းမင်းတြားကောင်းကောင်းသိတော်မူထားတဲ့အတွက် အတတ်နိုင်ဆုံးပြေပြစ်အောင်ဆက်ဆံနေတော်မူခဲ့ရတယ်။

တဘက်မှာကင်းဝန်မင်းကြီးဦးကောင်း ခေါင်းဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဗြိတိန်၊ ပြင်သစ်နဲ့၊ အီတလီနိုင်ငံကြီးတွေဆီစေလွှတ်တော်မူခဲ့တယ်။ အမေရိကန်၊ ပြင်သစ်နဲ့ အီတလီကိုယ်စားလှယ်အဖွဲ့တွေလည်း မြန်မာနိုင်ငံကိုလာရောက်ခဲ့ကြတယ်။

ဒီမင်းတြားကြီးလက်ထက်တော်မှာ ပဒေသရာဇ်စနစ်ကို သူ့ခေတ်သူ့အခါအလျှောက်ပြုပြင်လာတယ်။

- သဿမေဓအခွန်စတင်ကောက်။
- နိုင်ငံခြားကိုပညာတော်သင်တွေလွှတ်။
- သကြားစက်၊ ချည်မျှင်စက်၊ ဖန်ချက်စက်၊ စပါးစက်၊ သစ်စက်၊ စာပုံနှိပ်စက်စတဲ့ လူသုံးကုန်ပစ္စည်းထုတ်လုပ်တဲ့စက်ရုံတွေတည်ဆောက်။
- နိုင်ငံတော်ကာကွယ်ရေးအတွက် လက်နက်ကိရိယာတွေနဲ့ ခဲယမ်းမီးကျောက်စက်ရုံတွေတည်ဆောက်။
- နိုင်ငံခြားကိုဆန်စပါးတွေတင်ပို့ရောင်းချနိုင်ဖို့ လယ်သမားတွေကို အမတော်ကြေးထောက်ပံ့။
- အုပ်ချုပ်ရေးအာဏာကို ရွာစား၊ မြို့စား၊ နယ်စားတို့လက်ထဲ စုပြုံမထားတော့ပဲ လွှတ်တော်လက်အောက်ရောက်။
- လခရိက္ခာတွေပေး။
- ဒေါင်းဒင်္ဂါးကိုစတင်သွန်းလုပ်သုံးစွဲ။

- ကြေးနန်းရိုက်နိုင်အောင်လုပ်။
- နိုင်ငံခြားစာပေနဲ့လောကဓါတ်ကျောင်းတွေဖွင့်လှစ်ဖို့ အားပေး။
- 'ရတနာပုံ' သတင်းစာကိုစတင်ထုတ်။
- သာသနာတော် စည်ပင်ပြန့်ပွားရေးအတွက် အထူးစွမ်းဆောင်မှုအနေနဲ့ပဥ္စမသံဃာယနာတင်တော်မူခဲ့တယ်။

ဝံပုလွေလိုကောက်ကျစ်စဉ်းလဲစွာ ကြံစည်ရန်စနေတဲ့ အင်္ဂလိပ်နယ်ချဲ့ကို မင်းတုန်းမင်းတြားက အဆင်ပြေအောင်ဆက်ဆံနေရတော်မူပေမယ့် နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကိုတော့ မြဲမြဲမြံမြံမားမား တည်တည်တံ့တံ့ ထိန်းသိမ်းတော်မူတယ်။

မြန်မာဘုရင်မင်းမြတ်ရဲ့ ရှေ့တော်ဝင်တဲ့အခါ မြန်မာယဉ်ကျေးမှုအစဉ်အလာအရ ဖိနပ်ချွတ်ကြရတာကို နိုင်ငံခြားသားတွေလည်း လိုက်နာခဲ့ကြတာ ပုဂံခေတ်ကပင်ဖြစ်တာကို အင်္ဂလိပ်နယ်ချဲ့ကောင်းကောင်းသိထားပါရက်နဲ့ ၁၈၇၅ မှာ အိန္ဒိယဘုရင်ခံချုပ်က သူ့ရဲ့ကိုယ်စားလှယ်တွေကို ဖိနပ်စီးခွင့်ပြုရမယ်လို့ စော်ကားမော်ကားတောင်းဆိုလာတော့. . . မျိုးချစ်ပြည်ချစ်၊ ခေါင်းဆောင်ကြီး ပဥ္စမံသံဃာယနာတင်သာသနာဒါယကာတော်ကြီး မင်းတုန်းမင်းတြားကြီးက ဒီလို နိုင်ငံ-တော် အချုပ်အခြာအာဏာနဲ့ သိက္ခာကိုထိပါးစော်ကားလာတဲ့ အင်္ဂလိပ်နယ်ချဲ့တောင်းဆိုချက်ကို ရဲရဲဝံ့ဝံ့ပြတ်ပြတ်သားသားပယ်ချလိုက်ပြီး ဖိနပ်မချွတ်တဲ့အင်္ဂလိပ်သံတမန်တွေကို ရှေ့တော်ဝင်ခွင့်လုံးဝ(လုံးဝ) မပြုတော့။

မင်းတုန်းမင်းတြားရဲ့ညီတော် အိမ်ရှေ့စံ ကနောင်မင်းသားကြီး က အင်္ဂလိပ်နယ်ချဲ့ဟာ အထက်မြန်မာနိုင်ငံကိုအနေးနဲ့အမြန် ကျူးကျော်သိမ်းပိုက်နိုင်အောင် ယုတ်မာစွာကြံစည်နေတာကို သိတော်မူတဲ့ အတိုင်း

နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်လက်နက်ထုတ်လုပ်ရေးနဲ့ ဘုရင့်တပ်မတော်တောင့်တင်းခေတ်မီရေးအတွက် အပူတပြင်းကြိုးပမ်းတော်မူတယ်။

ဒီလိုကြိုးပမ်းတော်မူရာမှာ တော်ပီတို-ရေမြှုပ်ဗုံးစမ်းသပ်မှုဟာ အတော်အရေးကြီးတယ်။ အဲဒီတော်ပီတို-ရေမြှုပ်ဗုံးကို မန္တလေးမြို့အနီး အောင်ပင်လယ်ကန်ထဲမှာစမ်းသပ်ရာမှာ ကနောင်မင်းသားကြီးနဲ့အတူ ယောမင်းကြီးဦးဖိုးလှိုင်ပါပြီး မင်းသားကြီးက တော်ပီတိုနဲ့ မင်းကြီးက ရေမြှုပ်ဗုံးကို ကွက်ကဲစီရင်ကြတာဖြစ်တယ်။ ကနီးစစ်ကဲတော်မင်းလည်း ပါရဲ့။

သုံးဆယ်မင်းသားကြီးက ဒေါက်တာဂျပ်ဆင်(အမေရိကန်သာသနာပြု) ကို ယမ်းဖော်စပ်နည်း၊ မြန်မာပြန်စေပြီး လက်တွေ့အသုံးချတယ်။ ဒီလက်နက်စမ်းသပ်မှုကို ဘိလပ်(အင်္ဂလန်) ရောက်ခဲ့ဖူးတဲ့ ကင်းဝန်မင်းကြီးဦးကောင်းကမလိုလားသလို သားတော်ကြီးတွေဖြစ်ကြတဲ့ မြင်းကွန်းနဲ့မြင်းခုံတိုင် မင်းညီနောင်တို့လည်း သူတို့ကိုကျော်ပြီး ကနောင်မင်းသားကြီးကို အိမ်ရှေ့ဥပရာဇာအပ်နှင်းတာ မကျေနပ်ဖြစ်ကြကာ ကနောင်မင်းသားကြီးဆန့်ကျင်ရေးလုပ်နေကြတယ်။

သာသနာပိုင်ဆရာတော်ကြီးဘုရားကြီးရဲ့ ‘သတ္တဝါအပေါင်းတို့ရဲ့ အသက်ပေါင်းများစွာသေကျေပျက်စီးမယ့်အရေး’ ဩဝါဒကြောင့် ဒီတော်ပီတိုရေမြှုပ်ဗုံးစမ်းသပ်မှုကို မင်းတုန်းမင်းတြားကြီးက လုံးဝ တားဆီး ပိတ်ပင်တော်မူခဲ့တယ်။

ဒီတော်ပီတို-ရေမြှုပ်ဗုံးစမ်းသပ်မှုနဲ့ ကနောင်မင်းသားကြီးကို မြင်ကွန်း-မြင်းခုံတိုင်မင်းညီနောင်တို့လုပ်ကြံမှုကို အလေးထားလေ့လာကြည့်ရင် ဒေါက်တာဂျပ်ဆင် မြန်မာပြန်ပေးရတာ၊ အင်္ဂလိပ်လိမ်ထုတ်မင်းဆက်/သီပေါပြုတ်) မကျေနပ်နေတဲ့မြင်ကွန်းမြင်းခုံတိုင် မင်းညီနောင်အပြင် အဲဒီလုပ်ကြံခံရတဲ့အချိန်မှာ ဗိုလ်မှူးကြီးစလေဒင် (ပါတော်

မူကိုကွပ်ကဲခဲ့သူ) ဟာနန်းတော်ထဲမှာရှိနေပြီး နောက်ပိုင်းမှာ ဒီမင်းညီနောင်ကိုအင်္ဂလိပ်နယ်ချဲ့က ကူညီပေးတာတွေကို ဆက်စပ်ယူရင် လွယ်လွယ်နဲ့ရှင်းရှင်းအဖြေထွက်မှာက တရားခံဟာ အင်္ဂလိပ်နယ်ချဲ့မဟုတ်လား။

**တော်ဘုရားကလေး(အောင်ဇေ)**